# ငါ့မှာ အပတ်တိုင်း အလုပ်အသစ် ရှိတယ်

ဘာသာပြန် - ထွန်းလင်းအောင်

အခန်း (၄၆၆)

အိုင်ကျူနှင့် အီးကျူ မညီမျှမှု

“ဒီလိုပါ အရာရှိကြီး… ကျုပ်သားက

မတော်တဆ သူများကားကို

အစင်းရာထင်အောင် လုပ်လိုက်မိတယ်…

ဒါပေမယ့် ကားက

ယွမ်တစ်သိန်းပိုပိုလောက်ပဲ

တန်ကြေးရှိတာကို တစ်ဖက်က

ယွမ်တစ်သိန်းလျော်ကြေးတောင်းနေပါတ

ယ်....ဆိုတော့ အရာရှိကြီး

တစ်ချက်လောက် လာကြည့်ပေးပါဦး...”

“ ဟုတ်ကဲ့ .. ကျုပ်တို့ခု  ဟွာရှန်းဆေးရုံ

ကားပါကင်မှာပါ....”

“ ဟုတ် ဟုတ် ဟုတ် ကျွန်တော်တို့

ဒီနေရာမှာ စောင့်နေလိုက်ပါ့မယ်...

အခင်းဖြစ်တဲ့ နေရာကို ဘာကိုမှ

မထိခိုက်စေရပါဘူး…”

ဖုန်းချပြီးနောက် ဝေအာကျူး

အော်ဟစ်လိုက်၏။

“ ဝေးဝေးမှာနေကြစမ်း….. ရဲမှူးကြီးက

ပြောထားတယ်… အခင်းဖြစ်တဲ့ နေရာကို

ကာကွယ်ထားရမယ်တဲ့…”

“ အိုကေပါ အိုကေပါ... ခင်ဗျားပြောတဲ့ အတိုင်းပဲပေါ့...” လင်းရီ ရယ်ရအခက် ငိုရအခက်နှင့် လက်မြှောက်ပြီး ဘေးတွင် ကပ်ပေးလိုက်၏။

ထိုသားအဖနှစ်ယောက်လုံးက ချစ်စရာကောင်းလောက်အောင်ကို ပိန်းတိန်းနေကြလေသည်။

ရဲဌာနမှာ ဟွာရှန်းဆေးရုံနှင့် မနီးမဝေးတွင်

တည်ရှိသောကြောင့် ရဲအရာရှိများ

ဆယ်မိနစ်အတွင်း ရောက်ရှိလာခဲ့ကြသည်။

တစ်ချိန်တည်းတွင် အနီးတစ်ဝိုက်၌

တာဝန်ကျနေသည် ယာဉ်ထိန်းအရာရှိလည်း

ရောက်ရှိလာခဲ့၏။ သူတို့အားလုံး၏

ဟန်ပန်အမူအရာနှင့် ယူနီဖောင်းများကို

ကြည့်ပါက လုံးဝ အားကိုးချင်စရာကြီးပင်။

ရဲများ ရောက်လာသည်ကို မြင်တော့

ဝေအာကျူး မတ်တပ်ရပ်၍

အော်ဟစ်လိုက်ပြီး

“ အရာရှိကြီး… ကျုပ်တို့လို

သာမန်လူတွေအတွက် တရားမျှတမှုကို

ရှာဖွေပေးပါ….”

“ အေးဆေးပေါ့… ကျုပ်

ကားအခြေအနေကို

တစ်ချက်ကြည့်ပါရစေဦး….”

ယာဉ်ထိန်းရဲအရာရှိမှ ပြောလိုက်ပြီး

“ ကျုပ်လည်း Civic အတွက်

ကုန်ကျစရိတ်ကို ယွမ်တစ်သိန်းတောင်းတာ

ပထမဆုံးအကြိမ် မြင်ဖူးတာပဲ…ဒါက

နည်းနည်းတော့များတယ်….”

“ ဟုတ်တယ် ဟုတ်တယ်..

ကျုပ်သားကလည်း တမင်သပ်သပ်

လုပ်ခဲ့တာ မဟုတ်ဘူး…”

ဝေအာကျူးပြောလိုက်ပြီး

“ ကျုပ်အစတုန်းက လျော်ကြေး

ယွမ်ငါးရာပေးမယ်ပြောတာကို သူတို့က

ယွမ်တစ်သိန်းတောင်းတယ်…

ကျုပ်ကို  အနိုင်ကျင့်နေတယ်ဆိုတာ

အသိအသာကြီးပဲ....”

“ ကဲပါ... ဘာမှ မစိုးရိမ်နဲ့... ကျုပ်

ထိခိုက်မှုတွေကို သေချာလေး

စုံစမ်းပြီးတော့ ခင်များအတွက်

တရားမျှတမှုကို ရှာပေးမယ်...”

ဝေမိသားစုဝင်များအားလုံး လင်းရှိန်နှင့်

လီချူးဟန်ကို လှောင်ပြောင်ထေ့ငေါ့သည့်

အကြည့်များဖြင့် ကြည့်လိုက်ကြ၏။

“ ငါနင်တို့ကို ပြောပြလိုက်မယ်…ဒါကို

ဖရဲကျဲပြီး နှမ်းကောက်တယ်လို့ ခေါ်တယ်…

နင်တို့က မြို့ပေါ်မှာ

နှစ်တွေအကြာကြီးနေပြီးတော့ အလကား

အချိန်ဖြုန်းနေတာပဲ…”

“ ဟုတ်တယ်… ခင်များပြောတာက

မှန်တယ်…” လင်းရှိ ပြုံးလိုက်၏။

ယာဉ်ထိန်းရဲမှာ လမ်းလျှောက်လာပြီး

လီချူးဟာန်၏ ကားမှာ Civic Type R

ဖြစ်နေကြောင်း မြင်တွေ့လိုက်ရ၏။

ဟမ် ..

AMG ဘရိတ်အုံ

AMG ငွေ

မွမ်းမံထားတဲ့ ဖာရာရီ အိတ်စောနဲ့

ကာဗွန်အမြီး

ဖက်ခ်….ဒီအစုံတွေနဲ့တင် အနည်းဆုံး

ယွမ်သုံးသိန်းလောက်ရှိနေပြီဟ

သောက်ကျိုးနည်းကြီး….

လခွမ်းတဲ့မှပဲ ဒီသောက်ရူးတွေနဲ့တော့…

“ ရဲအရာရှိကြီးမြင်တဲ့ အတိုင်းပဲ …

ဒီဘောင်မဝင်တဲ့ Civic ကို လျော်ကြေး

တစ်သိန်းတောင် တောင်းနေတယ်…. ဒီကိစ္စ

ဘယ်လိုထင်လဲ….” ဝေအောကျူး

ပြောလိုက်ပြီး “ ခင်များကလည်း

ကျွမ်းကျင်သူဆိုတော့ လျော်ရမယ့်

ဈေးနှုန်းကို သတ်မှတ်လိုက်… ကျုပ်တို့

အရာရှိကြီး ပြောတဲ့ ဈေးအတိုင်း

လိုက်နာပေးမယ်… ဒီငွေ

နည်းနည်းလောက်လေးကတော့ ကျုပ်တို့

တတ်နိုင်ပါသေးတယ်…”

“ ခင်များတို့က

အရမ်းရိုးသားနေတော့လည်း

ပိုပြီးလွယ်ကူသွားတာပေါ့…” ယာဉ်ထိန်းရဲ့မှ

ပြောလိုက်ပြီး “ ကားထိခိုက်သွားတာက

ယွမ် 120,000ကနေ 140,000

လောက်ထိရှိတယ်…. ဒီတော့ လျော့ပေါ့ပြီး

ယွမ် 120,000 ပဲ လျော်ပေးလိုက်….”

“ ဘယ်လို…”

“ယွမ် 120,000 ....“ ဝေမိသားစုဝင်များမှ

ကြက်သေသေသွားခဲ့ပြီး “ အရာရှိကြီး

မှားနေတာလား… civic လေ..

အဲ့လောက်အများကြီး ပေးစရာမှ

မလိုတာ…”

“ ဒီမှာလူတွေအများကြီးရှိတယ်… သူတို့က

ခင်များကို ဒီကားက Civic Type R ပါလို့

မပြောပြဘူးလား…” ယာဥ်ထိန်းရဲမှ

ဆွံ့အစွာ ပြောဆိုလိုက်ပြီး “ ကားဘေးခြမ်း

ပြင်ဆင်ထားတာချည်း သပ်သပ်နဲ့တင်

ယွမ်တစ်သန်းကျော်လောက်ရှိတယ်… ခု

ထိခိုက်သွားသလောက်ဆိုရင်

အနည်းဆုံးပြင်စရိတ်က ယွမ် 120,000

ပဲ…. သူတို့ ခင်များကို

တစ်သိန်းတောင်းတာကတောင်

နည်းနေသေးတယ်..”

အဖြေကို ကြားသိလိုက်ရသောအခါ

ဝေမိသားစုဝင်များ၏ ခန္ဓာကိုယ်မှာ

တုန်ခါသွားခဲ့ပြီး ကောင်းကင်ကြီး

ပြိုကျသွားသည့်အလား

ခံစားနေရတော့၏။

ယွမ်တစ်သိန်းဟူသည့် ပမာဏမှာ

သူတို့အတွက် ပေါ့သေးသေး မဟုတ်ချေ။

စုဆောင်းထားသမျှ ထုခွဲရောင်းချကာမှ

ထိုပမာဏ ရရှိနိုင်လေသည်။

“ ကျုပ်အထင်တော့

ယွမ်တစ်သိန်းကတောင်

မလောက်ဘူးထင်တာပဲ… ကားပေါ်က

အစင်းရာတွေကို

ကြည့်ရသလောက်ကတော့ ခင်များသား

ရည်ရွယ်ချက်ရှိရှိ လုပ်တယ်ဆိုတာ

သိသာတယ်.... ဒီအတွက် သက်ဆိုင်ရာက

အရေးယူရလိမ့်မယ်...” ယာဉ်ထိန်းရဲမှ

ပြောလိုက်၏။

“ ကောင်းတာပေါ့... ရဲတွေက

ခင်မျှားခေါ်လို့လာတယ်.... သူတို့ရဲ့

တာဝန်က ခင်မျှားတို့ စိတ်ကျေနပ်အောင်

လုပ်ပေးဖို့ပဲ... ဒါပေမယ့် ခု သူတို့တာဝန်က

ခင်မျှားသားကို ခေါ်သွားဖို့ ဖြစ်သွားပြီ...

ဘယ်လောက်တောင် ပြီးပြည့်စုံလိုက်လဲ..”

လင်းရီ ပြောလိုက်၏။

ထိုစဉ် ရဲအရာရှိ နှစ်ဦးမှာ ဝေသချန်၏

လက်ကောက်ဝတ်များကို

လက်ထိပ်ခတ်လိုက်ပြီး “ ငါတို့နဲ့ စခန်း

လိုက်ခဲ့…”

“ မဟုတ်ဘူး....မဖမ်းပါနဲ့ ... ကျုပ်ကို မဖမ်းပါနဲ့...” ဝေသချန် ရှန်းကန် လိုက်ပြီး “ ကျုပ်တို့ ချင်းက ရင်းနှီးပါတယ်... ကျုပ် တောင်းပန်ရင် ရမှာပါ....”

“ ဒါရိုက်တာလီ ... သွားစို့ နံနက်စာ သွားစားကြမယ်... ကျုပ်တို့ ဒီထက်အချိန်ဆွဲနေရင် ဘာမှမရလိုက်ပဲ နေဦးမယ်....”

လင်းရီ လီချူးဟန်ကို စကားပြန်ပြေရန်ပင်
အခွင့်အရေးမပေးပဲ ထိုနေရာမှ
ဆွဲခေါ်လာခဲ့လိုက်၏။

ရဲအရာရှိများမှ ထိုကိစ္စကို
သေချာကိုင်တွယ်နိုင်လိမ့်မည်ဖြစ်ကြောင်း
ယုံကြည်လေသည်။ ထို့ကြောင့် သူ
လီချူးဟန်ကို နူးညံ့ကြင်နာတတ်သည့်

နှလုံးသားပိုင်ရှင်လေး မဖြစ်ရလေအောင်

ထိုနေရာမှ ဆွဲခေါ်သွားလိုက်တော့၏။

“ ဒီလိုလုပ်တာ

သိပ်မကောင်းဘူးထင်တယ်နော…”

လူအုပ်ကြီးနားမှ ထွက်ခွာလာခဲ့ပြီးနောက်

လီချူးဟာန် သူမ၏ ဆံပင်များကို

နောက်သို့သပ်ရင်း ပြောလိုက်၏။

သူမ ဝေသချန်ကို

ရဲမျှားဖမ်းခေါ်သွားလိမ့်မည်လို့

မျှော်လင့်မထားခဲ့ပေ။ သူမ

ဖြစ်စေချင်သည်က လျော်ကြေးပေးရုံနှင့်

အဆင်ပြေပြီးဖြစ်၏။

“ ဒီလိုလူမျိုးတွေက ခူကောင်တွေလိုပဲ …

ကိုက်တော့ မကိုက်တတ်ဘူး… ဒါပေမယ့်

အတော်တော့

ရှုံ့ဖို့ကောင်းတယ်...တကယ်လို့

တစ်ခါတည်း နင်းခြေ မသတ်ပစ်ဘူးဆိုရင်

ဘယ်ချိန် လူပေါ် ခုန်တက်လာမလဲဆိုတာ

မသိနိုင်ဘူး......”

“ ငါတော့ မသိတော့ဘူး...

နင်လုပ်ချင်သလိုသာလုပ်တော့...”

လီချူးဟာန် ခေါင်းညိမ့်၍ ပြောလိုက်၏။

“ ပြော် ဒါနဲ့.... ကားနဲ့

ပတ်သက်လို့ကတော့ ဘာမှ စိတ်မပူနဲ့...

ကျုပ်ကို

ကားသော့တွေသာပေးထားလိုက်...

တစ်ယောက်ယောက်ကို လာယူခိုင်းပြီး

ပြန်ပြင်ထားလိုက်မယ်....အရင်ကထက်

ပိုကောင်းစေရမယ်လို့ အာမခံတယ်ဗျာ....

ခြစ်ရာ ပွန်းရာ တစ်စက်မှ မရှိစေရဘူး...”

“ အွန်း… ကားသော့တွေက ဒီမှာ…”

“ ဒီညနေ ကျုပ်အိမ်ကို လိုက်ခဲ့….

ဂိုဒေါင်ထဲက ကြိုက်တဲ့ တစ်စီး

ယူမောင်း…”

“ အဲ့လောက်ကြီး အလုပ်ရှုပ်ခံ

မနေနဲ့ဟယ်… ငါက  တက္ကစီ စီးရလည်း

အဆင်ပြေတယ်….”

“ ကျုပ်ကားတွေက  Type R ထက်

ပိုသွက်တယ်နော်…

စမ်းမမောင်းကြည့်ချင်ဘူးလား…”

လီချူးဟာန် နှုမ်းခမ်းတင်းတင်း

ကိုက်လိုက်ပြီးနောက် အချိန်အတော်ကြာမှ

“ အင်း.... စမ်းကြည့်မယ်လေ...”

“ အဲ့တာဆို အတည်ဖြစ်သွားပြီ....”

“ ဒါပေမယ့် သာမန်ပိုဖြစ်တဲ့ကားပဲ

စီးမှာနော်... နင့်ကားတွေက အရမ်း

ကောင်းလွန်းတော့ အလုပ်မှာ

သူများမျက်စိစူးနေလိမ့်ဦးမယ်....”

“ သဘောပဲလေ....”

လီချူးဟန်မှာ သူ့လိုမျိုး မဟုတ်ပေ။

လင်းရီကတော့

အလုပ်အသွားအပြန်တင်သာမက

အားသည့် အချိန်တိုင်း

ကားပတ်မောင်းလေ့ရှိ၏။ ထို့ကြောင့်

ကားမရှိပါက အတော်လေး အဆင်မပြေ

ဖြစ်ပေလိမ့်မည်။

ကားအကြောင်း ဆွေးနွေးပြီးနောက်

နှစ်ယောက်သား လီစီ ပေါက်စီဆိုင်၌ရပ်၍

ပေါက်စီတစ်ချို့ မြည်းစမ်းကြည့်လိုက်၏။

အရသာကတော့ မနက်ခင်းရှုခင်းနှင့်

အတော်လေး လိုက်ဖက်ပေသည်။

နံနက်စားပြီးနောက် ဆေးရုံသို့

ပြန်ရောက်လာသောအခါ ပါကင်နေရာမှ

တစ်ဖန်တိတ်ဆိတ်သွားကြောင်း

မြင်တွေ့လိုက်ရ၏။ လီချူးဟာန်၏

ကားကိုလည်း ထိုနေရာ၌

ရပ်ထားလျက်ရှိပြီး လင်းရီကတော့ ရွှေ့ဖို့ရာ

ရည်ရွယ်ချက်မရှိသေးပေ။ သူ အချိန်ယူ၍

ကျိုးဟိုင်ထောင်ကို ဤနေရာသို့

စေလွှတ်ပြီးပြန်ပြင်ခိုင်းလိုက်မည်။

ထို့နောက် နှစ်ယောက်အတူ ကျိုကျုံး

အဆောက်အဦးသို့ ရောက်ရှိလာခဲ့၏။

ဂိုဒေါင်ရှေ့သို့ ရောက်သော အခါ

လီချူးဟန်လည်း စပ်စုချင်သည့်

မျက်ဝန်းတို့ဖြင့် အထဲသို့

ဝင်သွားကြည့်လိုက်သည်။ သို့သော်လည်း

အထဲရှိကားများကို မြင်တော့

အေးစက်သည့် သူမပင်လျှင်

အခြားသူများကဲ့သို့ ရင်သပ်ရှုမော

ဖြစ်သွားခဲ့ရ၏။ လင်းရီ၏ ကားဂိုဒေါင်မှာ

ကားပြပွဲ အငယ်စားလေး တစ်ခု

အလားပင်။

“ လှိုင်ကန်စီးမလား… အနီရောင်ဆိုတော့

အသားဖြူတဲ့ ဒါရိုက်တာလီနဲ့

အရမ်းလိုက်ဖက်မှာ…”

လီချူးဟန် ပါးချိုင့်ကို လက်ညိုးဖြင့်ဖိ၍

ခဏစဥ်းစားပြီးနောက် “ Koenigsegg RS

မောင်းကြည့်မယ်လေ…. ရတယ်မလား…”

“ ဘာလို့ မရမှာ….

ကြိုက်တာယူမောင်းလို့ရတယ်ပြောပြီးသား

မဟုတ်လား…” လင်းရီ ပြောလိုက်ပြီး

“ ဒါပေမယ့် လှိုင်ကန်က ပိုပြီး

စျေးများတယ်နော်…”

“ အင်း ... ဒါပေမယ့် Koenigsegg က ပိုပြီး

ပြိုင်ကားဘက်ရောက်တယ်လေ… သူ့ရဲ့

အင်ဂျင်ပါဝါနဲ့ ထိန်းတဲ့ စနစ်တွေက

ပိုပြီးမောင်းလို့ကောင်းတယ်...”

‘ အာ ‘

လင်းရဲ့ ရုတ်တရက် လီချူးဟန်မှာ

သာမန်မိန်းကလေးများနှင့် ကွဲပြားကြောင်း

သတိရသွားခဲ့သည်။ ထို့ကြောင့်

သူမအတွက်တော့ Koenigsegg မှာ

လွှိုင်ကန်ထက် ပို၍ ဆွဲဆောင်မှု

ရှိနေတော့၏။

“ မောင်းချင်တဲ့ကားသာ မောင်းတော့ဗျာ “

ထို့နောက်လင်းရီ လီချူးဟန်ကို အိမ်ထဲသို့

ခေါ်လာခဲ့ပြီး Koenigsegg

ကားသော့များကို အံဆွဲထဲမှ ပေးလိုက်၏။

“ နင့်အိမ်က နည်းနည်းလေး ရှုပ်ယှက်ခပ်နေတာပဲ.... ငါ ကူပြီးရှင်းပေးမယ်လေ....” လီချူးဟန် ပြောလိုက်၏။

“ နေ နေ ဒါရိုက်တာလီ ... ကျုပ်အိမ်ကို ခေါ်လာတယ်ဆိုတာကလည်း သန့်ရှင်းရေးလုပ်ခိုင်းဖို့မှ မဟုတ်တာ...”

“ အားနာနေစရာ မလိုပါဘူး

နင်ကလည်း…”

လင်းရိမှာ သူမကို အများကြီး

အကူအညီပေးထားသောကြောင့်

သူမဘက်မှ ကျေးဇူးတင်ချင်နေလေသည်။

သို့သော်လည်း သူမ၏ အိုင်ကျူနှင့် အီးကျူ

မညီမျှမှုကြောင့် သူမ လင်းရိကို

ကျေးဇူးတုန့်ပြန်ရန် တခြားနည်းလမ်း

ရှာမတွေ့ခဲ့ပဲ ကြံရာ မရသည့်အဆုံး

အိမ်သန့်ရှင်းရေး လုပ်ပေးရန်

ဆုံးဖြတ်လိုက်၏။

ကလင် ကလင် ကလင် ...

သန့်ရှင်းရေး လုပ်နေစဉ် လီချူးဟာန်၏

ဖုန်းသံ မြည်လာခဲ့၏။ အမည်မသိ

နံပါတ်တစ်ခုပင်။

လီချူးဟန် အများကြီး စဉ်းစားမနေပဲ

ဖုန်းကောက်ကိုင်လိုက်၏။ သူမ၏ လူနာမှ

ဖုန်းဆက်လာခြင်း ဖြစ်လောက်ပေသည်။

“ နင်ဘာတွေဖြစ်နေတာ…. ဟိုက

နင့်ကားကို အစင်းရာလေး ထင်အောင်ပဲ

လုပ်လိုက်တာလေ… အဲ့တာကိုတောင်မှ

အစ်ကိုဝေတို့ကို

ယွမ်တစ်သိန်းတောင်းလိုက်တယ်ပေါ့…

ငါဒီမြို့မှာ နောက်ဘယ်မျက်နှာနဲ့

ဆက်နေရတော့မှာ….”

**အခန်း (၄၆၇)**

**အမျိုးသမီးတစ်ယောက်က**

**ချစ်တတ်ပြီဆိုရင် အလှပြင်တတ်လာပြီ…**

ဖုန်းမှာ စပီကာ မဖွင့်ထားသော်လည်း

ကျယ်လောင်သည့် အော်ဟစ်သံမှာ

စပီကာဖွင့်ထားသည်ထက်ပင်

ကျယ်လောင်နေခဲ့ပြီး မနီးမဝေးတွင်

သန့်ရှင်းရေးလုပ်နေသည့် လင်းရီပင်

ရှင်းလင်းစွာ ကြားလိုက်ရ၏။

ဖုန်းထဲရှိ အသံကိုကြားတော့ လီချူးဟန်

မျက်နှာ ပြောင်းသွားခဲ့သည်။ တစ်ဖက်လူ

ဘယ်သူလဲဆိုတာ သိရှိပြီးနောက် သူမ၏

အမူအရာမှာ ပို၍ အေးစက်သွားခဲ့ပြီး

သူစိမ်းဆန်စွာမေးမြန်းလိုက်၏။

“ ရှင်က ဘာဖြစ်ချင်လို့လဲ….”

သူမ၏

ငယ်ဘဝမှတ်ဉာဏ်ထဲတွင် မမှတ်မိချင်ဆုံး

ဟိုး အနက်ရှိုင်းဆုံး တစ်နေရာ၌

မြှုပ်နှံထားသည့် အမှတ်တရတစ်ခု ရှိခဲ့၏။

အရိုးခိုက်အောင် ချမ်းအေးသည့်

ဆောင်းတွင်းတစ်ခုတွင်

ကောင်မလေးတစ်ယောက် မီးဖိုထဲတွင်

ဆန်ပြုတ် ပြုတ်နေလေသည်။

အိမ်ထဲတွင်တော့ လူမမာ အမျိုးသမီးတစ်ဦး

ဖျော့တော့စွာ လဲလျောင်းနေပြီး

အလွန်အမင်း အားယုတ်နေသည့် ပုံပင်။

ထိုအချိန်တွင် အပြင်ဘက်မှ ဆူဆဲ

ကြိမ်းမောင်းသံများ၊စိတ်မချမ်းမြေ့စရာအ

သံများ ပျံ့လွင့်လာခဲ့၏။

ကလေးမလေးမှာတော့ မီးဖိုထဲတွင်

မျက်ရည်သုတ်ရင်း ထိုသူ

ဘယ်သူလဲဆိုတာကို သိရှိနေလေသည်။

ဆင်းရဲသည့် သူမတို့ မိသားစုတွင်

မှုးလာတိုင်း မိသားစုကို ရန်ပြုတတ်သည့်

သူမအဖေ၏အသံကို လီချူးဟန်

နာကျည်းမုန်းတီးစွာဖြင့် အရိုးထဲထိစွဲအောင်

မှတ်မိနေခဲ့၏။

သူမ၏ ထိုအတိတ်မှတ်ဉာဏ်များကို

မေ့ဖျောက်ရန် အတတ်နိုင်ဆုံး

ကြိုးစားခဲ့သော်လည်း ယနေ့တွင်

တစ်လွှာချင်း ပြန်ဖော်ထုတ်ခံရလိမ့်မည်လို့

ထင်မှတ်မထားခဲ့ပေ။

“ ကျွန်မကားကို ခြစ်ရာ

ထင်အောင်လုပ်သွားမှတော့

ပြန်လျော်ပေးရမှာ သဘာဝပဲ

မဟုတ်ဘူးလား…”

“ ဘာကို သဘာဝလဲ… နင်က

တစ်နှစ်တစ်နှစ်

ပိုက်ဆံဒီလောက်ဝင်နေတာကို

နင့်ပိုက်ဆံနဲ့နင် ပြင်လေ….. ဘာလို့

သူများနား တစ်သိန်းကြီးများတောင်

တောင်းလိုက်တာ… ငါ

ထမင်းကျွေးခဲ့တာတွေက

အလကားပဲလား.... နင့်မှာ အသိစိတ်လေး

ဘာလေး မရှိဘူးလားကွ..."

" အဲ့တာ ကျွန်မကိစ္စ... ရှင်နဲ့

ဘာမှမဆိုင်ဘူး... ခုကစပြီးတော့ ကျွန်မကို

လာလည်း မဆက်သွယ်နဲ့တော့...

ရှင့်ကိုလည်း အကြွေးတင်ထားတာ

ဘာတစ်ခုမှ မရှိဘူး..."

“အေး… အဲ့တာဆို မင်းလည်း ဒီကို

ခြေလာမချနဲ့… အဲ့တောင်ပေါ်က

အုတ်ဂူကိုလည်း လာကြည့်စရာ

မလိုတော့ဘူး…”

ပြောပြီးနောက် တစ်ဖက်မှ ဒေါသတကြီး

အော်ဟစ်၍ ဖုန်းချသွားခဲ့လေသည်။

သို့သော်လည်း လီချူးဟန်ကတော့

ထိုနေရာ၌ အေးစက်စွာ ရပ်နေရင်း

တစ်ခုခုကို အသည်းအသန်

စဉ်းစားနေခဲ့၏။

“ စိတ်သက်သာရာရအောင်

ရေနွေးကြမ်းသောက်လိုက်ပါလား…”

လင်းရှိ ပြောလိုက်၏။

“ အင်း…ကျေးဇူးပါ…”

နှစ်ယောက်သား ဆိုဖာပေါ်တွင်

ထိုင်ချလိုက်ပြီး လင်းရီမှ သာမန်ကာလျှံကာ

မေးမြန်းလိုက်၏။

“ ဘယ်သူလဲ ဖုန်းဆက်လာခဲ့တာ…”

“ ငါ့ အဖေ…” လီချူးဟန်

ဖုန်းကွယ်မထားခဲ့ပေ။

“ အမေဆုံးသွားပြီးနောက်ပိုင်း ငါလည်း

အိမ်က ထွက်လာခဲ့တာပဲ....

အမေ့အုတ်ဂူဆီ သွားလည်တာကလွဲရင်

တစ်သက်လုံး အိမ်မပြန်တော့ဘူးလို့

ဆုံးဖြတ်ထားတယ်... “

“ ကျိုးဟိုင်မှာလည်း သင်္ချိုင်းတွေ

အများကြီးကို ဒီရွေ့လာခဲ့လိုက်ပါလား...”

“ရွှေချင်တာပေါ့.... ဒါပေမယ့် ငါက ဒီတိုင်း

ဒေါက်တာလေးပဲလေ.... အဲ့လို

ရွှေနိုင်တဲ့စွမ်းရည်လည်း မရှိဘူး...

ဘယ်သူကမှလည်း ပေးရွှေမှာ

မဟုတ်လောက်ဘူး...”

“ လွယ်ပါတယ်.... ဒါရိုက်တာလီရဲ့

မွေးရပ်မြေက ဘယ်မြို့လဲ...

ဘယ်ချိန်သွားပြီး ဂါရဝပြုမှာ...

ကျုပ်လိုက်ပြီး ပြန်ယူလာခဲ့ပေးမယ်...."

" ရန်ချိန်မြို့အောက်က ပေချောင်ဆိုတဲ့

နေရာလေးလေ...."

လီချူးဟာန်ပြောလိုက်ပြီး " ဒါပေမယ့်

ငါတို့မြို့က ဆင်းရဲတဲ့မြို့ဆိုပြီးတော့

နာမည်ကြီးတယ်နော်... နင်ငါနဲ့

လိုက်ခဲ့ချင်တာ သေချာလို့လား...."

“ ဘာလဲ ဖြစ်နေလို့… ကျုပ်က အဲ့မြို့ကို

သားမက်အနေနဲ့ သွားမှာလည်း မဟုတ်…”

“ ကျေးဇူးပါ လင်းရီ…”

လင်းရီ လီချူးဟန်၏

ဆောင်းတွင်းနှင်းစက်များကဲ့သို့

ကြည်လင်သော မျက်ဝန်းများထဲတွင်

ပူပင်သောကကို မြင်တွေ့ရသည်မှာ

ပထမဆုံးအကြိမ်ပင်။ ယင်းက

ငြိမ်သက်နေသည့် ရေမျက်နှာပြင်ပေါ်သို့

ကျောက်ခဲတစ်လုံး ပြုတ်ကျသွားသည်နှင့်

သဏ္ဌာန်တူကာ လှိုင်းများက

ရေးတေးတေးဖြစ်နေလေသည်။

“ ဘာလို့ အမြဲတမ်း

ကျေးဇူးတင်နေရတာ.... အဲ့တာက

စိတ်ရှုပ်ဖို့ကောင်းတယ်....”

“ အဲ့တာဆို ငါဘာပြောသင့်လဲ....”

“ ဘာမှ မပြောနဲ့.... ဒီတိုင်း

ဖြစ်သင့်တဲ့ကိစ္စလို့ပဲ တွေးလိုက်...”

" နင်က ငါ့ကို အများကြီး

ကူညီပေးထားတာလေ.... ငါ့ဘက်က ဘာမှ

ပြန်မလုပ်ပေးရင်

နေလို့ကောင်းမှာမဟုတ်ဘူး..."

" အဲ့တာဆို ဘယ်လို ကျေးဇူးတင်မှာ...."

" ငါက အိမ်ထောင်ပြုပြီး ကလေးယူဖို့

အစီအစဉ်လည်း မရှိဘူးဆိုတော့

နင်ကလေးတွေရှိလာခဲ့ရင်

ငါကူထိန်းပေးမယ်လေ...ပြီးတော့ ဒီလာပြီး

သန့်ရှင်းရေးတွေလည်း လုပ်ပေးမယ်...

နင်တစ်ခုခု လိုအပ်ရင်လည်း ပြောပေါ့...

ငါစွမ်းနိုင်တဲ့ အတိုင်းအတာထဲရှိရင်

ကူညီပေးဖို့ ဝန်မလေးပါဘူးဟယ်...."

" ကျုပ်က ဒါရိုက်တာလီကို

ဘာလို့အဲ့လိုအလုပ်တွေ လုပ်ခိုင်းရက်မှာ....

“ လင်းရီ ပြုံးလိုက်ပြီး “ နောက်မှ

ဆက်ပြောကြတာပေါ့…”

“ အင်း

နင်ကလည်း  အပြင်ရောက်တာတောင်

ဒါရိုက်တာလီလို့ ခေါ်နေတုန်းပဲလား…

အရမ်း သူစိမ်းဆန်လိုက်တာဟယ်…

ချူးဟန်လို့ပဲခေါ်…”

“ ကောင်းပြီလေ… ဒါဆိုလည်း ချူးဟန်ပေါ့…” လင်းရီ သူ့မျက်စိထဲ ကန့်လန့်ဖြစ်နေသည့် လီချူးဟန်၏ ဆံစများကို နောက်သို့ သပ်ပေးရင်း ပြောလိုက်၏။

နေ့လည်ခင်းတွင်တော့ နှစ်ယောက်သား ကျိုးကျုံးဗီလာ၌သာ နေ့လည်စာ

စားလိုက်ကြပြီး လီချူးဟန် သူမအိမ်သို့

ပြန်သွားခဲ့လေသည်။

နောက်တစ်နေ့ နံနက်တွင်တော့ လင်းရီ

ထုံးစံအတိုင်း အလုပ်သို့ ရောက်ရှိလာခဲ့၏။

ဌာနသို့ ရောက်လျှင်ရောက်ချင်း သူ

ချောင်ရှင်း၏ ထိတ်လန့်တကြား

အော်ဟစ်သံကို ကြားလိုက်ရလေသည်။

“ ဒါရိုက်တာလီ… ရှင် မိတ်ကပ်တွေ

လိမ်းထားတာလား…”

“ ရှင်းရှင်း….နင်

ဘာတွေလျှောက်ပြောနေတာ…

ငါဘယ်နားက မိတ်ကပ်လိမ်းထားလို့လဲ…”

လီချူးဟာန် ရှက်ရွံ့စွာဖြင့် ငြင်းဆန်လိုက်၏။

“ ရှက်စရာမလိုပါဘူး ဒါရိုက်တာလီ

ရှင်လိမ်းခဲ့တာ သေချာပါတယ်…”

ချောင်ရှင်း ပြောလိုက်ပြီး

“ ဒီနှုတ်ခမ်းနီအရောင်က…….. Givenchy

ကပဲ ဖြစ်ရမယ်… ဖျော့တယ်ဆိုပေမယ့်

ဟော့ဒီက ပြောနိုင်ပါသေးတယ်နော်….”

လင်းရီလည်း လီချူးဟန်ကို ကြည့်လိုက်၏။

သူမ တကယ်ကြီး မိတ်ကပ်ပါးပါးလေး

ပုတ်ခဲ့သည့်ပုံပင်။

ကိုနန်ဖန်ဂဲဆိုသည့်အတိုင်း

ထိုမျှအသေးအမွှားလေးကိုပင်

သတိပြုမိသည့် ချောင်ရှင်း၏ အမြင်ကို

လင်းရီ တိတ်တဆိတ် လေးစားသွားခဲ့ရ၏။

“ ရှင်းရှင်း.. နင် ဆက်မပြောနဲ့တော့…

တော်ကြာ ဒါရိုက်တာလီ

အရှက်သည်းသွားပြီး ငါတို့ကို

အဝေးပို့နေဦးမယ်…” ယွမ်စီးချီမှ

ပြောလိုက်၏။

“ ခစ်ခစ်… အဲ့တာဆိုလည်း

မပြောတော့ပါဘူးဟယ်… အမျိုးသမီးတွေ

မိတ်ကပ်ပြင်တယ်ဆိုတာက

သူတို့ချစ်ရသူတွေ အတွက်ပဲ

မဟုတ်လား....”

“ ကြည့်ရတာတော့

ဖဲပြားမတော်တဆဖြစ်ရပ်လေးက

ဒါရိုက်တာလီအပေါ် အကြီးကြီး

သက်ရောက်သွားတယ်နဲ့ တူတယ်....

အရင်တုန်းက

ဒါရိုက်တာလီဆို  မိတ်ကပ်တွေ

လိမ်းလေ့လိမ်းထ မရှိပါဘူး……”

“ဟဲ့ ဟဲ့…. တော်လိုက်တော့ …

နင်ဆက်ပြောနေမှပဲ ငါတို့ တကယ်ကြီး

အပိုခံရတော့မယ်….”

လီချူးဟန် မျက်နှာကို တည်တံလိုက်ကာ

သူမ၏ ဆံပင်များကို နား အနောက်သို့

သပ်ရင်း” ငါ့ကို လာစနေတယ်ပေါ့လေ…

နင်တို့ နှစ်ယောက်လုံးရဲ့ ဒီလ

အလုပ်ဆင်းတဲ့မှတ်ချက်က အဆင့် D

ပဲ…”

“ အာ….”

ချောင်ရှင်းနှင့် ယွမ်စီးချီတို့

အောင်ပိုချင်မိသွားခဲ့၏။

“အစ်ကိုရီ ညီမတို့ကို

ကူပြောပေးပါလားဟင်… တကယ်လို့

ညီမတို့သာ D ရလို့ကတော့ ဒီလ

ခေါက်ဆွဲပြုတ်လေးတောင် နှပ်မှန်မှာ

မဟုတ်တော့ဘူး…”ချောင်ရှင်း

ပြောလိုက်၏။

“ ဒါရိုက်တာလီက D ပေးပြီးမှတော့

ငါလည်း ဘာပြောနိုင်တော့မှာ… “ လင်းရီ

ပြောလိုက်ပြီး “ ဒီလိုလုပ်… နင်တို့

အလျော့ခံလိုက်ရတဲ့

ငွေပမာဏကိုပြောလေ… ငါ လစာထုတ်ရင်

အစားပြန်ပေးမယ်….”

“ တကယ်….”

“ ဒါပေါ့…. ဒီတိုင်း

လေးငါးထောင်လေးပဲကို…”

“ တော်လောက်ပြီ… နင်တို့ ဘာလို့

ကိစ္စတွေကို ခက်ခဲအောင်

လုပ်နေကြတာ…” လီချူးဟန်ပြောလိုက်ပြီး

“ ငါ A ပြန်ချိန်းပေးလိုက်မယ်…”

"ကျွတ် ကျွတ်

ကျွတ် ...ကြည့်ကြည့်....ဒါရိုက်တာလီက

အစ်ကိုရဲ့ ပိုက်ဆံကို

အထိမခံနိုင်တာပဲနော်...."

"ရှင်းရှင်း... နင်ကလည်း

ထားလိုက်စမ်းပါအေ... အဲ့လောက်

ပိုက်ဆံလေးနဲ့ ဘာလို့ ဒါရိုက်တာလင်းကို

အပူသွားပေးနေတာ...."

"သိပါတယ်ဟဲ့ နင်ကလည်း... ငါ့ဘာငါ

ပျော်လို့ လျှောက်ပြောနေတာ...."

ချောင်ရှင်း ပြောလိုက်ပြီး "ဒါပေမယ့်

နှမြောဖို့ ကောင်းတာက နောက်ဆို

အစ်ကိုရီကျွေးတဲ့ ငှက်ပျောသီးတွေ

စားလို့မရတော့ဘူး...."

"စဉ်းတောင် မစဉ်းစားနဲ့... "ယွမ်စီးချီ ပြောလိုက်ပြီး "ခုကစပြီးတော့ ဒါရိုက်တာလင်းရဲ့ငှက်ပျောသီးက ဒါရိုက်တာလီ အတွက်ပဲ...."

လင်းရီ သတိမမူမိပဲ လီချူးဟာန်ကို ကြည့်လိုက်၏။

သူမ၏ နှုတ်ခမ်းအစုံမှာ နှုတ်ခမ်းနီကြောင့်

နှင်းဆီနီကဲ့သို့ နီဆွေးနေပြီး

ထိုနှုတ်ခမ်းလေးဖြင့် ငှက်ပျောသီးစားသည့်

မြင်ကွင်းကိုတော

မြင်ယောင်ကြည့်မိသွား၏။

လီချူးဟန်လည်း လင်းရှီကို

ကြည့်လိုက်ရင်း 'ဒီကောင် ငါ့ကို

တကယ်ကြီး ငှက်ပျောသီး ကျွေးမလို့

ကြံနေတာလား....'

လီချူးဟန် ချောင်ရှင်း၏

ပေါက်တတ်ကရများကို

နားမထောင်ချင်သောကြောင့် လူနာများကို

လိုက်စစ်ဆေးလိုက်သည်။

အဓိက အမျိုးသမီး ဇာတ်ကောင်

ထွက်ခွာသွားပြီးနောက် ဌာနမှာ တစ်ဖန်

တိတ်ဆိတ်သွားပြီး အားလုံး

ကိုယ့်အလုပ်ကိုယ် လုပ်ကြလေသည်။

ကလင် ကလင်...

ထိုအခိုက်အတန့်တွင် လင်းရီ ဖုန်းသံ

မြည်လာခဲ့၏။ သူ တွေးထင်ထားခဲ့သည်မှာ

နေ့လည် ရေနွေးသောက် မေ့မှာစိုး၍
သတိပေးသည့် ကျောက်ချီ ဖြစ်မည်ဟု
ခန့်မှန်းထားသော်လည်း
မျှော်လင့်မထားစွာဖြင့် အမည်မသိ
နံပါတ်တစ်ခု ဖြစ်နေလေသည်။

"ဟယ်လို ဒါရိုက်တာလင်း... ကျုပ်
ဒါရိုက်တာ မြောင်ကော်ဖုန်းပါ...."

"ဟမ်......"

လင်းရဲ့ စက္ကန့်အနည်းငယ်ခန့်မျှ စဉ်းစားမရ
ဖြစ်သွားခဲ့၏။ မြောင်ကော်ဖုန်းမှ
ဖုန်းဆက်လာလိမ့်မည်လို့ သူ
ထင်မှတ်မထားခဲ့ချေ။

"ဘာကိစ်စလဲ....."

"ကျုပ်အခု မစ္စတာလင်းနဲ့ စကားပြောချင်လို့ ရုံးခန်းထဲ လာခဲ့ပေးလို့ အဆင်ပြေမလား ဆာ.... "

"ဆာ......"

မြောင်ကော်ဖုန်း၏ ရိုသေစွာ သုံးနှုန်းလိုက်သည့် အပြုအမူက လင်းရီကို ကြက်သေသေသွားစေခဲ့၏။

လီချူးဟန်ကိုပင် ထိုသို့ မခေါ် ခဲ့ဖူးပေ။

ရာထူးကြီးမားပြီး ဂုဏ်သရေရှိ

ဆရာဝန်တစ်ယောက်အနေဖြင့် ထိုသို့

ခေါ်ဆိုလိုက်သည်က အတော်လေး

ယဉ်ကျေးလွန်းရာ ရောက်၏။

"ကောင်းပြီလေ.. ကျုပ်အခု

လာခဲ့လိုက်မယ်...."

"ကောင်းပါပြီ ကျုပ် ရုံးခန်းထဲမှာ

စောင့်နေပါ့မယ်....."

ဖုန်းချပြီးနောက် လင်းရီ လက်များကို

အိတ်ကပ်ထဲတွင်ထည့်ကာ

ပြောင်ကော်ဖုန်း၏ ရုံးခန်းထဲသို့

ဦးတည်လာခဲ့၏။

ဗျာနထဲတွင်တော့ အရာအားလုံးက

ဆိတ်သုဉ်းနေလေသည်။ ယခုလို

ဖြစ်ပျက်လာလိမ့်မည်လို့ ဝမ်ဇီရို

ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့ချေ။

ယခုတော့ သူ လင်းရီနှင့်

ယှဉ်တိုက်ခိုက်နိုင်တော့မည် မဟုတ်ကြောင်း

သေချာနေလေပြီ။

သို့သော်လည်း ယခုတိုင် သူစဉ်းစားမရသည့်

ပြဿနာတစ်ရပ်လည်း ရှိသေး၏။

လင်းရှိမှာ ကျိကျိတက် ချမ်းသာပြီး

ဖြစ်နေပါက အဘယ်ကြောင့် ဆေးရုံတွင်

ဆရာဝန် လာလုပ်ရပါသနည်း။

အိုင်ဒေါဒရာမာထဲက ကဲ့သို့

အိပ်မက်နောက်ကို လိုက်သည့်

သူဌေးသားလေးလော။

ထိုသို့ ဆိုပါက အနည်းငယ် ရယ်ရှင်ဖို့

ကောင်းနေချေပြီ။

ဝမ်ဇီရီ သူ၏ ဘောပင်ကို ဒေါသထွက်စွာ

လည်ရင်း ယခု အနေအထားဖြင့် သူ့ဘက်မှ

အခွင့်အရေးမရှိသည်ကို

သူနားလည်ပေသည်။ သို့သော်လည်း

သူ့ထံတွင် မျှော်လင့်ချက်

ရေးရေးလေးတော့ ကျန်နေသေး၏။

သူ့မိသားစု နောက်ခံကို အသုံးပြု၍

လင်းရီကို ဆေးရုံမှ အလုပ်ထုတ်၍

ရလေသည်။ ယခု နည်းလမ်းဖြင့် ဆိုပါက

သူ့ဘက်မှ ပို၍ အားသာလာပေလိမ့်မည်။

ထိုအကြောင်း စဉ်းစားရင်း ဝမ်ဇီရီ

မတ်တပ်ရပ်ကာ သွမ်ရုန်ချွမ်း၏

ရုံးခန်းထဲသို့ ဦးတည်လိုက်၏။

သွမ့်ရုံချွမ်းမှာ ယခုရာထူး ရရှိထားခြင်းမှာ

သူ့အဖေကြောင့် ဖြစ်၏။ ယခု

ကျောက်ကျန်းဝေမှာ လည်း အဖမ်းခံရပြီး

ဖြစ်သောကြောင့် သူနှင့် စကားပြောဖို့

အချိန်ကောင်းပင်။

သွမ့်ရုံချွမ်း၏ ရုံးခန်းရှေ့သို့

ရောက်သောအခါ ဝမ်ဇီရိ

တံခါးတွန်းဖွင့်လိုက်၏။ သို့သော်လည်း

မည်သူမျှ ရှိမနေခဲ့ချေ။ သို့နှင့်

စီမံရေးရာဌာနကို သွား၍

မေးမြန်းလိုက်၏။

"ဒါရိုက်တာသွမ့် ဘယ်သွားလဲဆိုတာ

ခင်များ သိလား...."

"အမ်....ကျုပ်ထင် ဒါရိုက်တာမြောင်

ရုံးခန်းဘက် ထွက်သွားတယ် ထင်တာပဲ....”

## **အခန်း (၄၆)**

## လင်းရီနဲ့ ပတ်သက်ပြီး တစ်ခုခု မှားနေတယ်

လင်းရီ တံခါးတွန်းဖွင့်၍ မြောင်ကော်ဖုန်း၏ ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။

ပြင်းထန်သည့် လက်ဖက်မွှေးရနံ့ကို လင်းရီ ရုံးခန်းအပြင်ဘက်မှ ရရှိနေလေသည်။ လင်းရီ မြောင်ကော်ဖုန်း၏ ရုံခန်းသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်ပြီး

ရုံးခန်းမှာလည်း လွန်စွာ

ကြီးမားကျယ်ဝန်းလှကာ နှလုံးအထူးကု

ဌာန၏ နှစ်ဆလောက် ကျယ်ဝန်းလေသည်။

ထို့ပြင် အပြင်အဆင်များ အားလုံးကလည်း

အံ့ဝင်ခွင်ကျဖြစ်အောင်ပြုလုပ်ထားပြီး

ရှေးခေတ် ကိုလိုနီများစတိုင်

ပြင်ဆင်ထားလေသည်။

သို့သော်လည်း လင်းရီကို

အံ့အားသင့်သွားစေသည်ကတော့

မြော်ကော်ဖုန်းအပြင် သွမ့်ရုန်ချွမ်းလည်း

ရုံးခန်းထဲ၌ ရောက်ရှိနေခြင်းကိုပင်။

"ဒေါက်တာလင်း.. ရောက်လာပြီလား... လာ

လာ... ထိုင်ပါဦး... ကျုပ် ရေနွေးကြမ်း

ငှဲ့ထားပေးတယ်...."မြော်ကော်ဖုန်း

အပြုံးလေးဖြင့် ဆီးကြိုလိုက်၏။

"ဒါရိုက်တာမြှောင်... ကျုပ်က ဒီတိုင်း

လက်ထောက် ဒါရိုက်တာ

အဆင့်လေးပဲရှိတာ.... ခင်များရဲ့

အပြုအမူက အတော်လေး

စိတ်မသက်မသာ ဖြစ်စေတယ်နော...."

ယခုတိုင် လင်းရီ အဘယ်ကြောင့်

မြော်ကော်ဖုန်း၏ ပြုမူဆက်ဆံသည့်ပုံစံ

ပြောင်းလဲသွားလဲဆိုတာကို

စဉ်းစားမရဖြစ်နေလေသည်။

သို့သော်လည်း တစ်ခုခု မှားနေမှန်းတော့

သူတပ်အပ်သိ၏။ ကိစ္စ တစ်ခုခု ရှိနေပြီး

ထိုကိစ္စမှာလည်း သေချာပေါက်

သေးလိမ့်မည် မဟုတ်ပေ။

"မသက်မသာ ဖြစ်စရာ မလိုပါဘူး... ..
ကျုပ်တို့က ဒီတိုင်း
ရေနွေးကြမ်းသောက်ရင်း စကားလေးလည်း
ပြောရင်းပေါ့...."

"ဟုတ်တယ် ဟုတ်တယ်... ဒီတိုင်း
စကားပြောရုံသပ်သပ်ပဲ...."သွမ့်ရုံချွမ်းလ
ည်း အပြုံးလေးဖြင့် ထောက်ခံလိုက်၏။

"ဒါရိုက်တာတို့ နှစ်ယောက်

ပြောစရာရှိရင်လည်း ပွင့်ပွင့်လင်းလင်း

ပြောလေ... ဒီလိုတွေ လုပ်နေစရာ

မလိုပါဘူး....."

မြောင်ကော်ဖုန်း သူ့ကို အပြုံးလေးဖြင့်

နှုတ်ဆက်သည်က အကြောင်းရှိလို့

ဆိုတာကတော့ လင်းရိ ရိပ်မိ၏။

သို့သော်လည်း သွမ့်ရုံချွမ်းကပါ ထိုသို့

ပြုမူလာချိန်တွင် လင်းရီ

ရှုပ်ထွေးသွားခဲ့ရလေသည်။

ယင်းကလည်း ရန်ကွမ်းရှ၏ ခွဲစိတ်မှုနှင့်

စပ်လျဉ်း၍ လင်းရီ သွမ့်ရုံချွမ်းကို

အရှက်ခွဲထားခဲ့သောကြောင့်ဖြစ်ပြီး

လောဂျစ်ကျကျ ပြောရမည်ဆိုပါက သူ

လင်းရီကို အကြီးကြီး မုန်းတီးနေသင့်၏။

မြောင်ကော်ဖုန်းနှင့် သွမ့်ရုံချမ်းတို့

အချင်းချင်း ကြည့်လိုက်ကြပြီး

"အဘိုးကြီးမြောင်... မင်းပဲ

ပြောလိုက်တော့ကွာ...."

မြောင်ကော်ဖုန်း ခေါင်းညိမ့်လိုက်ပြီး

လင်းရီကို ကြည့်ကာ "ဒါရိုက်တာလင်း

ခင်များလည်း ခု လိုက်စုံစမ်းစစ်ဆေးနေတဲ့

အကြောင်းကို သိပြီးလောက်ရောပေါ့...."

"ကျုပ်က နည်းနည်းလေးပဲ သိတာ....

"လင်းရီ ပြောလိုက်သည်။ ယခု လင်းရီ

မြောင်ကော်ဖုန်း အဘယ်ကြောင့် သူ့ကို

တွေ့ချင်နေလဲဆိုတာ နားလည်သွားပြီ

ဖြစ်သည်။အဘယ်ကြောင့်ဆိုသော်

ထိုအမည်စာရင်း စာအုပ်ကြောင့်ပင်။

"ဘာလို့လဲ....ကျုပ် အကူအညီ

လိုလို့လား..."

နှစ်ယောက်သား အချင်းချင်း

ကြည့်လိုက်ကြပြီး ယခု

အခြေအနေရောက်နေမှတော့

မြောင်ကော်ဖုန်းတို့လည်း

ငေ့ဝိုက်မနေတော့ချေ။

"ဒါရိုက်တာလင်း... ကောင်းမှုတစ်ခု

ပြုတယ်လို့ သဘောထားပြီး ကျုပ်တို့ကို

တစ်ခါလောက်

ကူညီပေးလို့ရမလား...."မြောင်ကော်ဖုန်း

ပြောလိုက်ပြီး "ကျုပ်တို့ရဲ့ အပြစ်တွေက

တကယ့် ပါမွှားလေးတွေဆိုတာ

အာမခံရဲပါတယ်...."

"အဲ့တာတော့ ကျုပ်လည်း မသိဘူး...."

လင်းရီ အမှန်ကို ပြောနေခြင်းဖြစ်၏။ သူ၏

နေရာကို သူနားလည်ပေသည်။ လင်းရီမှာ

စီးပွားရေးသမား တစ်ယောက်သာ ဖြစ်ပြီး

ထိုကိစ္စများကြားထဲတွင်

ဝင်မစွက်ဖက်ချင်ပေ။

ထို့ကြောင့် ယခု တောင်းဆိုမှုကြီးက သူ့ကို

ခက်ခဲအောင် ပြုလုပ်နေသည်ဟု ဆို၍

ရ၏။

"ကျုပ်တို့မှာ ရွေးချယ်စရာ

မရှိတော့ဘူးပဲ..."မြောင်ကော်ဖုန်း

သက်ပြင်း ချလိုက်ပြီးနောက်

သွမ့်ရှန်ချွမ်းကော သူကော

ကြမ်းပြင်ပေါ်တွင်

ဒူးထောက်လိုက်ကြသည်။

"ဟာ... ဒါရိုက်တာတို့ ဒါဘာလဲ လုပ်တာ ....

ထထ .... "

"ဒေါက်တာလင်း.... ခင်များက

မြို့တော်ဝန်လျှန်နဲ့ အရမ်းရင်းနှီးတယ်ဆိုတာ

ကျုပ်တို့သိတယ်.... ကျေးဇူးပြုပြီး

ကူပြောပေးပါလားဗျာ....ကျုပ်တို့

တောင်းဆိုပါတယ်......"

"ဒီလိုဆိုရင်ကော ... ကျုပ် ခင်များတို့ကို

နှစ်နှစ်လောက် အေးဆေး နေနိုင်အောင်လို့

ကူညီပေးမယ်... ဒါပေမယ့်

အခြေအနေတွေက

အရမ်းပြင်းထန်နေတော့ ကျုပ်လည်း

ဒီလောက်ပဲ တတ်နိုင်မှာ...."

"တကယ် ... ကျေးဇူးတင်လိုက်တာ

ဒါရိုက်တာ လင်းရာ..."

သူတို့နှစ်ယောက်မှာ မကြာခင်

ပင်စင်ယူတော့မည် ဖြစ်သောကြောင့်

အလုပ်ဆက်လုပ်ရခြင်း ရှိမရှိက

သူတို့အတွက် အရေးမပါတော့ချေ။

အဖမ်းမခံရသရွေ့တော့ အားလုံး

အဆင်ပြေ၏။

"ထလိုက်တော့...ကျုပ်ကို ကျေးဇူးလည်း

မတင်နဲ့... ခင်များတို့အမှုက

သိပ်မကြီးတာကြောင့်လည်း ပါတယ်...."

"ဟုတ် ဟုတ်.... ဘာပဲ ဆိုဆို

ဒါရိုက်တာလင်းကြောင့်လို့ ပြောရင်လည်း

မမှားပါဘူး..."

"ရေနွေးကြမ်းတွေတောင်

အေးကုန်တော့မယ် .. သောက်ပါဦးလား

ဒါရိုက်တာလင်း..."

"ရပြီ... ခင်များတို့ ပြောချင်တာ

ဒါပဲမလား... အဲ့လိုဆို

ကျုပ်ပြန်တော့မယ်...."

"ဟုတ်ကဲ့ မစ္စတာလင်း....

ဖြည်းဖြည်းသွားပါခင်ဗျ...."

လင်းရဲ ခေါင်းညိမ့်ပြီးနောက်

လှည့်ထွက်လာခဲ့လိုက်၏။ လင်းရဲကတော့

ထိုကိစ္စထဲ အများကြီး ဝင်မစွက်ဖက်ရန်

ဆုံးဖြတ်ထားပြီးဖြစ်သည်။

ထိုနှစ်ယောက် ဘာဖြစ်မလဲဆိုတာကိုတော့

သူလည်း ထွေထူး

ခေါင်းထဲထည့်နေလိမ့်မည် မဟုတ်ချေ။

လင်းရီ ထွက်သွားပြီးနောက် မကြာမီ ဝမ်ဇီရီ

မြောင်ကော်ဖုန်း ရုံးခန်းရှေ့သို့

ရောက်လာပြီး တံခါး ခေါက်လိုက်၏။

ရုံးခန်းထဲတွင် အပြင်ဘက်ရှိ

တံခါးခေါက်တံကို ကြားတော့

မြောင်ကော်ဖုန်းနှင့် သွမ့်ရုံချွမ်းတို့

အလျင်အမြန် မတ်တပ်ရပ်ပြီး

နက်ခ်တိုင်များကို ပြန်တင်းကာ သူတို့၏

ကိုယ်ဟန်ကို ပြန်ပြင်လိုက်၏။ ၎င်းတို့၏

မူမမှန်သည့် ပုံစံကို အခြားသူများ

မြင်သွား၍ မဖြစ်ပေ။

တံခါးရှေ့၌ ရောက်နေသူမှာ လင်းရီ

မဟုတ်ကြောင်း သူတို့ သိလေသည်။

ထိုင်နဲ့မှာ ဘယ်တုန်းကမှ

တံခါးခေါက်တတ်သည့် အကျင့်မရှိချေ။

"ဝင်ခဲ့..."

နှစ်ယောက်သား ဆိုဖာပေါ်တွင် မိန့်မိန့်ကြီး

ထိုင်နေကြသည်။

ချလပ်

တံခါးပွင့်သွားခဲ့ပြီး ဝမ်ဇီရီ အထဲသို့

ဝင်လာခဲ့၏။

ဝမ်ဇီရီ၏ ဖခင်မှာ ဗဟို

ဆေးဝါးကွပ်ကဲရေးဌာန၏

ဒါရိုက်တာတစ်ဦးဖြစ်သောကြောင့်

ပုံမှန်ဆိုပါက သူတို့ ဝမ်ဇီရီကို မြင်လျှင်

အပြုံးလေးဖြင့်

ကြိုဆိုနှုတ်ဆက်ပေလိမ့်မည်။

သို့သော်လည်း ယခု

အခြေအနေတွင်တော့ ဝမ်ဇီရီ၏

ဖခင်ကိုယ်တိုင်ကပင် သူ့ကိုယ်သူ

မကာကွယ်နိုင်လေရာ သွမ့်ရှန်ချွမ်းတို့လည်း

သိပ်ခေါင်းစားခံမနေတော့ချေ။

"အန်ကယ်မြှောင် ... အန်ကယ်သွမ့်...

ကျုပ်တို့ ဌာနထဲမှာ ထင်မှတ်မထားတဲ့

ကိစ္စကြီးတစ်ခုကို ကျုပ်ရှာတွေ့ထားလို့

အဲ့တာ အန်ကယ်တို့ကို လာပြောပြတာ....

"ဝမ်ဇီရီ အပြိုးလေးဖြင့်

ပြောလိုက်ပြီး

"ဒါနဲ့ ဒီလက်ဖက်ခြောက်က

အရမ်းကောင်းတာပဲနော်...

သဟုန်ပေါင်းတံဆိပ်ထင်တယ်... ကျုပ်

အဖေမှာတောင်

နည်းနည်းကျန်သေးတယ်...

အိမ်ပြန်ရောက်မှပဲ ဦးလေးတို့ကို

လက်ဆောင်

ပြန်ထည့်ပေးလိုက်တော့မယ်...."

"မလိုဘူး  မလိုဘူး..."သွမ့်ရှုန်ချွမ်း

အလျင်အမြန် ငြင်းဆန်လိုက်ပြီး

"ရှောင်ဝမ်.. မင်းပြောစရာ ရှိရင်

ပြောချလိုက်... ငါနဲ့ ဒါရိုက်တာမြောင်က

ဆွေးနွေးစရာ ရှိသေးတယ်..."

နှစ်ယောက်သား ပြောစရာ ကိစ္စရှိသည်ကို

မြင်တော့ ဝမ်ဇီရီ အချိန်ဖြုန်းမနေတော့ပဲ

လိုရာကို တန်းသွားလိုက်၏။

"ကျုပ် အန်ကယ်တို့ နှစ်ယောက်ကို

ပြောစရာရှိတယ်.... "

"ဘာများတုန်းကွ...."

"ကျုပ်တို့ ဌာနရဲ့ ယာယီ လက်ထောက်

ဒါရိုက်တာ လင်းရီရဲ့ ကိုယ်ကျင့်စရိုက်နဲ့

ပတ်သက်ပြီးတော့ ချွတ်ယွင်းချက်

အကြီးကြီး ရှိနေတယ်...."ဝမ်ဇီရီ

တည်တံ့စွာ ပြောလိုက်ပြီး

"အန်ကယ်တို့

နှစ်ယောက်  ပြင်းပြင်းထန်ထန်

အရေးယူပြီးတော့ သူ့လို ငါးခုံးမကို ဟွာရှန်း

ဆေးရုံကနေ နှင်ထုတ်ပစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်....”

## **အခန်း (၄၆၉)**

## **နှလုံးအထူးကု ဗျာနက ပျက်စီးနေပြီ**

"မင်း ဆိုလိုချင်တာ လင်းရီက

တိတ်တိတ်လေး လာဘ်ပေးလာဘ်ယူ

လုပ်နေတယ်ဆိုတဲ့ သဘောလား...."

"အမှန်ပါပဲ....."ဝမ်ဇီရီ ပြောလိုက်ပြီး "ဒီလို

အပြုအမူမျိုးက ကျုပ်တို့ ဟွာရှန်းဆေးရုံရဲ့

ဂုဏ်သိက္ခာကို ညစ်နွမ်းစေတယ်....

ကျေးဇူးပြုပြီး အန်ကယ်တို့က

စုံစမ်းစစ်ဆေးပေးပါ....."

ထိုအချိန်တွင် ဝမ်ဇီရီ

ယုံကြည်ချက်အပြည့်ဖြင့်

ပြုံးနေလေသည်။

သူ့ဖခင်နှင့် ရင်းနှီးပတ်သက်မှုများအရ

အများကြီး ပြောပြစရာ မလိုဘဲ

ဘာလုပ်ရမလဲဆိုတာ သိရှိပြီး

ဖြစ်လောက်၏။

မည်သို့ပင်ဆိုစေ ထိုနှစ်ယောက်မှာ

လင်းရီ၏ အထောက်အထားကို

မသိရှိသေးပဲ သာမန်

ခွဲစိတ်ဆရာဝန်လေးအဖြစ်သာ

မှတ်ယူနေပေလိမ့်မည်။

ထိုသို့ ဆိုပါက လင်းရီကို မောင်းထုတ်ဖို့ရာ

လွယ်ကူသွားချေပြီ။

"ဒါရိုက်တာဝမ်... ဒါရိုက်တာလင်းက

ဒီလိုအမှုမျိုးကို ပြုတယ်ဆိုတာ

သေချာလား...."မြောင်ကော်ဖုန်း

အေးစက်စက် မေးမြန်းလိုက်၏။

သူတို့အားလုံး လင်းရီ မည်သူလဲဆိုတာကို

သိရှိပြီး ဖြစ်၏။ လျန်ရူရွှယ်နှင့်

ရင်းနှီးဆက်နွယ်မှုကို

ထည့်မတွက်လျှင်တောင် လင်းရီမှာ

ကျိုးဟိုင် နိုင်ငံတကာကားပြိုင်ပွဲကွင်း၏

ပိုင်ရှင်ဖြစ်လေသည်။

ထို့ကြောင့် သူမှန့်ဖိုးလောက်တောင်

မရှိသည့် မစို့မပို့လေးကို

မက်မောနေလိမ့်မည် မဟုတ်ကြောင်း

ဦးနှောက်ပါသူတိုင်း စဉ်းစားတတ်ကြ၏။

"အမှန်ပဲ... ကျုပ်ရဲ့စရိုက်နဲ့

အာမခံပြီးတော့ကို ပြောရဲတယ်....

ဒါရိုက်တာတို့... ကျေးဇူးပြုပြီး ဒီကိစ္စကို

ပြင်းထန်စွာ ကိုင်တွယ်ပေးပါ...."

"မင်းမှာ သက်သေရှိလား....."

"သက်သေ....."

ဝမ်ဇီရီ ခေတ္တမျှ ကြက်သေသေသွားခဲ့ပြီး

'ငါဒီလောက် စကားတွေ အများကြီး

ပြောထားတာကို ဒီနှစ်ယောက်က

ဘာလုပ်ရမလဲဆိုတာကို

နားမလည်တာလားကွ.....'

ဒီအကြောင်းပြချက်က ယာယီ

လက်ထောက် ဒါရိုက်တာလေးကို

အလုပ်ဖြုတ်ဖို့ လုံလောက်နေပြီ

မဟုတ်လား....'

"ကျုပ် သက်သေတွေ

စုဆောင်းနေတုန်းပဲ.... မကြာခင်

တွေ့တော့မှာ....."

ဘန်း....

မြောင်ကော်ဖုန်း စားပွဲကို ဒေါသတကြီး

ရိုက်နှက်လိုက်ပြီး မတ်တပ်ရပ်ကာ

"ဝမ်ဇီရီ... ငါ့အထင်တော့

မင်း  ဒါရိုက်တာလင်းကို ရည်ရွယ်ချက်ရှိရှိ

စော်ကားနေတယ်လို့ ထင်တာပဲ...

မင်းရဲ့ရည်ရွယ်ချက်က ဘာလဲ....."

ယခု သူတို့ နှစ်ဦး၏ ကံကြမ္မာမှာ လင်းရီ

လက်ထဲတွင် ရှိနေပြီး ဟွာရှန်းဆေးရုံရှိ

မည်သူတစ်ဦးကမျှ လင်းရီကို မလေးမစား

မပြုဝံ့ကြတော့ပေ။

'ဒီဝမ်ဇီရီက လင်းရီကို

အလုပ်ဖြုတ်စေချင်နေတယ်ပေါ့လေ....

ငါတို့ကို သေတွင်း

အရောက်ပို့နေတာလားကွ....'

"ကျုပ်.... ကျုပ်....."

ဝမ်ဇီရီ ချွေးအေးများ ထွက်လာခဲ့ပြီး ပြောစရာစကား ရှာမရဖြစ်နေခဲ့၏။ သူ ဒေါသထွက်နေသည့် မြောင်ကော်ဖုန်းကို မည်သို့ ကိုင်တွယ်ရမှန်း မသိချေ။

"အဘိုးကြီးမြောင်... မင်း စိတ်လျှော့ဦး...."

သွမ့်ရှန်ချွမ်း ပြောလိုက်သည်။

ထိုအခါ ဝမ်ဇီရီ စိတ်သက်သာရာ ရစွာဖြင့်

တိုးညင်းစွာ သက်ပြင်းချလိုက်၏။

သူ၏ဖခင်မှာ ဒါရိုက်တာသွမ့်နှင့်

ကောင်းမွန်သည့် ပတ်သက်ဆက်နွယ်မှုတို့

ရှိသောကြောင့် သူ့ကို

မျက်နှာသာပေးမည်မှာ အသေအချာပင်။

"ဇီရီ...."သွမ့်ရှန်ချွမ်း ခေါ်လိုက်၏။

"ဗျာ.... ဒါရိုက်တာသွမ့်....."ဝမ်ဇီရီ

အပြုံးလေးဖြင့် ပြန်ထူးလိုက်၏။

"မင်းရဲ့ လက်ရှိအရည်အချင်းနဲ့ဆိုရင်

ငါတို့ဟွာရှန်းဆေးရုံရဲ့ ဒါရိုက်တာဖြစ်ဖို့

အဆင့်မမှီဘူးကွာ... မင်း အထုပ်အပိုးတွေ

ပြင်ပြီး လစ်လိုက်တော့...."

"ခင်ဗျာ........"

ဝမ်ဇီရီ မျက်လုံးများ ပြူးကြောင်သွားခဲ့ပြီး

ထင်ယောင်ထင်မှား

ဖြစ်နေသည်လောဟုတောင်

ခံစားသွားရတော့၏။

ဒါရိုက်တာသွမ်နှင့် သူ့ဖခင်မှာ ရင်းနှီးသည့်

ဆက်ဆံရေးတို့ရှိပြီး လက်ရှိ ရာထူးကို

ရယူနိုင်ခဲ့သည်မှာလည်း သူ့ဖခင်၏

ကျေးဇူးတို့ကြောင့်ပင်။

သို့သော်လည်း သူ့ဘက်မှ

မထောက်ခံပေးသည့် အပြင် သူ့ကိုပါ

အလုပ်ဖြုတ်လိုက်၏။

'ဘာတွေတုန်းဟ... သူ ဘာတွေ

လုပ်ချင်နေတာလဲ....'

"ဒါ... ဒါရိုက်တာသွမ့်.... ခ.. ခင်များ

ကျုပ်ကို အလုပ်ဖြုတ်ချင်တယ်ဆိုတာ

သေချာပြီလား..."

"သေချာတယ်... မင်းအခု

ထွက်သွားလိုက်တော့...."

သွမ့်ရှန်ချွမ်း လက်ကို စိတ်မရှည်စွာ

ဝှေ့ယမ်း လိုက်ပြီး "ငါ ဒါရိုက်တာမြောင်နဲ့

တခြား ပြောစရာတွေ ရှိသေးတယ်....

မင်းအခု ထွက်သွားလိုက်တော့....."

"ဒါပေမယ့် ကျွန်တော့်အဖေက ........"

"ဒါ မင်းအဖေနဲ့

ဘာဆိုင်လို့လဲ...."သွမ့်ရှန်ချွမ်း

အထင်သေးစွာဖြင့် နှာခေါင်းရှုံ့လိုက်ပြီး

"ဒါဆေးရုံ.... မင်းထင်နေတာ ... သူ ငါတို့ကို ထိန်းချုပ်လို့ရမယ်များ ထင်နေတာလား...."

"မ .. မဟုတ် ......

ကျွန်တော်ပြောချင်တာက ဒါပေမယ့်......"

"ဒါပေမယ့် ဆိုတာ မရှိဘူး.... မြန်မြန် လစ်လိုက်တော့... ခုကစပြီး

ဟွာရှန်းဆေးရုံမှာ မင်းကို

ထပ်မတွေ့ရစေနဲ့...."

"ကျ .... ကျွန်တော်..... ကျွန်တော်

နားလည်ပါပြီ......."

ဝမ်ဇီရီ ရုံးခန်းထဲမှ ဇွန်ဘီအသွင်ဖြင့်

လမ်းလျှောက်ထွက်သွားခဲ့တော့၏။

ယခုလေးတင် ဖြစ်သွားခဲ့သည်များကို

သူယခုတိုင် မယုံကြည်နိုင်သေးချေ။

သူ၏နေရာသို့ ရောက်လာသည်မှာ

လင်းရီကို အလုပ်ထုတ်ချင်၍ ဖြစ်၏။

ထင်မှတ်မထားစွာဖြင့် သူကသာလျှင်

အလုပ်ဖြုတ်ခံရသူ ဖြစ်သွားလေသည်။

သူတို့က ဘာလို့ လင်းရီကို

ကာကွယ်ပေးနေကြတာလဲ....

လင်းရီရဲ့ အထောက်အထားကို

သိသွားကြလို့များလား....

ဝမ်ဇီရီဆက်လက် မတွေးတော့ဝံ့ချေ။

အဘယ်ကြောင့်ဆိုသော် ယင်းက

ဖြစ်နိုင်ချေများသောကြောင့်ပင်။

ထိုအကြောင်းတွေးမိသောအခါ ဝမ်ဇီရီ

သူ့ပါးသူ ပြန်ရိုက်လိုက်၏။

အကယ်၍ သူသာ စောသိခဲ့ပါက

သွမ့်ရုန်ချွမ်းကို လာရှာလိမ့်မယ်

မဟုတ်ချေ။

ဝမ်ဇီရှိ ဗျာနသို့ တွေဝေမှိုင်တိုင်စွာဖြင့်

ပြန်ရောက်လာရင်း သူ့အလုပ်ထုတ်ခံရသည့်

အကြောင်းပြချက်ကို မည်သို့

ပေးရမလဲဆိုတာ စဉ်းစားနေခဲ့၏။

အလုပ်ထုတ်ခံလိုက်ရသည် ဆိုတာက

အင်မတန် ရှက်ဖို့ ကောင်းလွန်းလှသည်။

သူ၏ သိက္ခာကို ပြန်ဆယ်ရန်

အကြောင်းပြချက်ကောင်းကောင်းတော့

ပေးရပေမည်။

ဌာနထဲတွင်တော့ လင်းရီနှင့် လီချူးဟန်တို့

ခွဲစိတ်မှုပြုမည့် ကိစ္စများကို အတူဆွေးနွေး

တိုင်ပင် နေခဲ့ကြ၏။

၎င်းကိုမြင်တော့ ဝမ်ဇီပီ ပို၍ပင်

ဝမ်းနည်းသလို ခံစားလိုက်ရပြီး

လီချူးဟန်နှင့် ထိုသို့

ဆွေးနွေးစကားပြောချင်သည်မှာ သူ၏

ယခင် ရည်မှန်းချက်များ ဖြစ်လေသည်။

ယခုတော့ မပြည့်ဝနိုင်တော့သည့်

ဆန္ဒများအဖြစ်သို့

ပြောင်းလဲသွားခဲ့ရတော့၏။

"ဒါရိုက်တာဝမ်... ကျွန်မကြားခဲ့တာ ရှင်

အလုပ်ထုတ်ခံလိုက်ရပြီဆို...."

"ဟင်... ဟမ်..."

ဝမ်ဇီရီ စိတ်ဓာတ်ကျကျဖြင့်

ဌာနရုံးခန်းထဲသို့ ဝင်ရောက်လာစဉ်

ချောင်ရှင်းလည်း နောက်မှ ရောက်လာပြီး

ထိုစကားလုံးများကိုပြောလိုက်သောအခါ

ရုံးခန်းတစ်ခုလုံးကို လှုပ်လှုပ်ခတ်ခတ်

ဖြစ်သွားပြီး လူတိုင်း ဝမ်ဇီရီကို ပြိုင်တူ

ကြည့်လိုက်ကြသည်။

ယခု သတင်းကြီးက

ရုတ်တရက်ဆန်လွန်း၏။ ကိစ္စတွေက

အဘယ်ကြောင့် ယခုလို ဖြစ်သွားလဲဆိုတာ

သူတို့ ဖြေရှင်းချက် လိုချင်နေလေသည်။

"ရှင်းရှင်း... နင်ဘာတွေ ပြောနေတာ...."

လီချူးဟာန် မျက်မှောင်ကြုတ်လိုက်၏။

အကယ်၍ တစ်ယောက်ယောက်

အလုပ်ထုတ်ခံရသည်ဆိုလျှင်

ဒါရိုက်တာဖြစ်သည့် သူမက

အရင်သိသင့်သည့် မဟုတ်ပါလော။

ဒီကောင်မလေးက ဒီသတင်း

ဘယ်လိုရလာလဲတဲ့....

"ကျွန်မ အစ်ကိုရီခိုင်းတာတွေ လုပ်ရင်း HR ကို ရောက်တော့ အဲ့သတင်း ကြားခဲ့တာပဲ... ဒါရိုက်တာချိန်ပြောပြတာ...."

ဌာနရုံးခန်းထဲရှိ လူတိုင်း စကားပြောဆိုနေခြင်းကို ရပ်တန့်လိုက်ကြ၏။ ယခု ကိစ္စမှာ HR

ဌာနမှ မြစ်ဖျားခံလာသည်ဟုဆိုရာ

သတင်းများ မဟုတ်လောက်ပေ။

"အာ... ဒါက...."

ဝမ်ဇီရီ၏ အမူအရာမှာ ကိုးရို့ကားယား

ဖြစ်သွားခဲ့ပြီး မတ်တပ်ရပ်၍ "ရှင်းရှင်း မင်း

နားကြားမှားခဲ့ပြီး ထင်တယ်... ငါ

အလုပ်မထုတ်ခံရပါဘူးဟာ..

လျှောက်မပြောစမ်းနဲ့..."

"ဒါရိုက်တာချိန် အဲ့လိုပြောတာ

ကြားတာပဲ...."

"မှားနေပြီ.....တကယ်တော့ ကိုယ့်ဘာကိုယ်

အလုပ်ထွက်လိုက်တာ ... ကျုပ်က

ဆေးပညာကို ဆက်သင်ယူဖို့ အမေရိကား

သွားတော့မှာမို့လို့လေ... "ဝမ်ဇီရှိ

အပြုံးလေးဖြင့် ပြောလိုက်ပြီး

" ခဏနေ ကျုပ်သူငယ်ချင်း

လာကြိုတော့မှာ.....သူ ရောက်လာမှပဲ

အားလုံးကို နှုတ်ဆက်မလို့ လုပ်နေတာ...."

"အဲ့လိုလား... ဂုဏ်ပြုပါတယ်နော်..."

"ဒါပေါ့... ကျုပ်လည်း ဘယ်တတ်နိုင်မှာ...

ခင်များတို့ထင်နေတာ ကျုပ်

အလုပ်ဖြုတ်ခံရတယ်လို့

ထင်နေတာလား...."

ဝမ်ဇီရှီ စိတ်သက်သာရာရစွာဖြင့်

သက်ပြင်းချလိုက်၏။

ကံကောင်းစွာဖြင့်  အားလုံး

လက်ခံနိုင်လောက်သည့်

အကြောင်းပြချက်ကို စဉ်းစားနိုင်ခဲ့လေသည် ။ ထို့သို့ဖြင့် တခြားသူများ ပြောဆိုမည်ကို ကြောက်ရွံ့စရာမလိုပဲ ရဲရဲတင်းတင်းဖြင့် ထွက်သွား၍ ရ၏။

ထိုအချိန်တွင်ပဲ ယူနီဖောင်းနှင့် ရဲအရာရှိနှစ်ဦး အပြင်မှ ရောက်လာခဲ့ပြီး ဝမ်ဇီရီကိုကြည့်ကာ "မင်းက ဝမ်ရန်ရှင်းရဲ့သား ဝမ်ဇီရီလား..."

"ဟုတ်... ဟုတ်ပါတယ်...."

ရဲအရာရှိ နှစ်ဦးကို မြင်တော့ ဌာနထဲရှိ

လူတိုင်း ဝမ်ဇီရှီနည်းတူ

ကြက်သေသေသွားကြသည်။

ဒီမှာ ဘာဖြစ်နေလို့ ဘာလို့ ရဲတွေ

ရောက်ချလာတာလဲဟ....

"မင်း အဖေ၊ ဝမ်ရင်းရှင်းက

အကျင့်ပျက်ချစားမှု၊ ငွေကြေးခဝါချမှုတွေနဲ့

တရားစွဲခံထားရတယ်... မင်းလည်း ငါတို့နဲ့

စခန်းလိုက်ခဲ့ပြီးတော့မှ လိုအပ်တာတွေ

ကူညီပေးရမယ်...."

"ဗျာ.....ဒါ....."

ရဲ့အရာရှိ နှစ်ဦးမှာ ဝမ်ဇီရီကို

စကားပြောရန်ပင်အခွင့်အရေး မပေးပဲ

တစ်ခါတည်း လက်ထိပ်ခတ်၍

ခေါ်ဆောင်သွားတော့၏။

"ဘာတွေ ဖြစ်နေတာ...

ဒါရိုက်တာဝမ်ပြောတော့ အမေရိကားကို

ပညာတော်သင် သွားမှာဆို... ခု ကျတော့

ရဲတွေ ဖမ်းတာ ခံလိုက်ရတယ်တဲ့လား...

ဘာလို့

ဓာတ်အလှည့်အပြောင်းက  အရမ်းကို

မြန်ဆန်နေပါလိမ့်...."

လင်းရီကတော့ အကြမ်းဖျင်း ခန့်မှန်းပြီး

ဖြစ်၏။

လျှန်ရှုရှယ်ဘက်မှ စတင်လှုပ်ရှားလာ

ချေပြီ။ Pfizer နှင့် ဆွေးနွေးစဉ်အခါက

ဝမ်ရန်ရှင်းမှာလည်း

ဆေးနွေးညှိနှိုင်းသူများထဲမှ

တစ်ဦးဖြစ်သောကြောင့် သေချာပေါက်

ဟုန်ပေါင်းများ လက်ခံထားလောက်၏။

ယခု စတင်လှုပ်ရှားလာချိန်တွင်တော့

လျှန်ရှူရှုယ်မှ စံပြအနေဖြင့် ဝမ်ဇီရီ၏

ဖခင်ကို အရင် ဖမ်းဆီးပြ လိုက်သည်။

ယခုဆိုလျှင် ကျန်သူများလည်း ကြောက်ဒူး

တုန်နေလောက်ချေပြီ။

"မင်းတို့ နားကြားမှားတာ... "လင်းရှိ

ပြောလိုက်ပြီး "သူပြောသွားတာက

တစ်ဆင့်မြင့်တဲ့ ပညာရေးကို

သွားလေ့လာတာ မဟုတ်ဘူး... ပြန်ပြီး

ပြုပြင်ပြောင်းလဲဖို့... ဒါကြောင့်မလို့လည်း

ရဲတွေ သူ့ကို လာဖမ်းခေါ်သွားတာ.... "

[TN- shen zao နဲ့ gai zao ဆိုတော့

အသံဆင်ပြီး နားကြားမှားသလိုမျိုးပါ..... ]

"ဒါရိုက်တာလင်း... ခုမှ

ဘယ်နှစ်ရက်ရှိသေးလို့... ကျွန်မတို့

နှလုံးဌာနက ဒါရိုက်တာသုံးယောက်

ဖမ်းခေါ် ခံသွားရတာတောင်

ဘယ်လောက်မှ မကြာသေးဘူး... ခုလည်း

နောက်တစ်ယောက် ပါသွားပြန်ပြီ...

ကျွန်မတို့ ဌာနက အဲ့လောက်တောင်

ပျက်စီးနေပြီလား.... "ယွမ်စီးချီမှ

ပြောလိုက်၏။

## အခန်း (၄၇၀)

## အိပ်မက်တွေကြားထဲက အတားအဆီး

"ကဲ ကဲ ဒီကိစ္စကို

ဆက်မပြောကြနဲ့တော့...."လီချူးဟန်

ပြောလိုက်ပြီး "လူတိုင်းပဲ...

ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြ..."

"နားလည်ပါပြီ ဒါရိုက်တာလီ...."

ဝမ်ဇီရီကိစ္စ ဆွေးနွေးတာ

ရပ်ဆိုင်းလိုက်ကြပြီး လူတိုင်း

ကိုယ့်အလုပ်ကိုယ်

ဆက်လုပ်လိုက်ကြတော့၏။ ဝမ်ဇီရှီမှာ

သူတို့ဘဝထဲ ခဏတာ လာသည့် ညှော့်သည်

သပ်သပ်ပင်။

အဖမ်းခံလိုက်ရတော့လည်း

အဖမ်းခံရတယ်ဟုသာ

မှတ်ယူလိုက်ကြတော့၏။

"နင် နေ့လည်စာ ဘာစားချင်လဲ... ငါ အော်ဒါမှာလိုက်မယ်လေ..."နေ့လည် ရောက်တော့မည်ကို မြင်တော့ လီချူးဟန် တိုးတိုးလေး ပြောလိုက်၏။

လင်းရီ သူ့နာရီကို ကြည့်လိုက်ပြီး "ငါ ဒီနေ့လည် သွားစရာ ရှိသေးတယ်... ဌာနမှာ မစားတော့ဘူး.... နေ့လည်ပိုင်း

အလုပ်တောင် ဆင်းဖြစ်ချင်မှ

ဆင်းဖြစ်တော့မှာ...."

"အင်း အဲ့တာဆိုလည်း သွားလေ...

ငါနင့်အလုပ်တွေ

ကြည့်ထားပေးလိုက်မယ်...."

"အင်း...."

နှုတ်ဆက်ပြီးနောက် လင်းရီ

အဝတ်အစားလဲပြီး ကုမ္ပဏီကိစ္စများ

ဆွေးနွေးရန် လင်းယွမ်အုပ်စုသို့

ဦးတည်လိုက်၏။

"မိနစ်နှစ်ဆယ်အတွင်း ကုမ္ပဏီဘေးက

စီချွမ် စားသောက်ဆိုင်မှာ ဆုံမယ်...

နင်တို့နှစ်ယောက် သီးသန့်ခန်း တစ်ခန်း

ဘွတ်ကင်လုပ်ထားလိုက်ကြ....."

ဆေးရုံမှ ထွက်ခွာပြီးနောက် လင်းရီ
ဟော်ယွမ်ယွမ်ကို ဖုန်းဆက်ပြီး
ညွှန်ကြားလိုက်၏။

"အိုကေ... ပြဿနာမရှိဘူး..."

ကလင်....

လင်းရိ ဖုန်းချပြီးနောက် နောက်တစ်ကြိမ်

ထပ်မံ၍ အသံမြည်လာပြန်သည်။

ယခုတစ်ကြိမ်တွင်တော့

ရှောင်ထျန်ထံမှပင်။

"နင်နေ့လည်ကျရင် ကျောင်းကို

လာဦးမှာလား...."

"အင်း... မင်းက ဘယ်လိုလုပ်ပြီး

သိသွားတာ...."

"ကျောင်းအုပ်ကျောက်ဆီကနေ

ကြားခဲ့တာပေါ့ဟဲ့... "ရှောင်ထျန်

ပြောလိုက်ပြီး "ငါ ဒီ မနက် နေလို့ထိုင်လို့

မကောင်းဘူး... နင်ငါ့ကို

လာကြိုပေးပါလား...."

"မင်းမှာလည်း ကိုယ်ပိုင်ကား ရှိတယ်

မဟုတ်ဘူးလား....."

"ဟင့်အင်း... ခုတော့ တိုက်ခံထားရလို့ 4S

စတိုးဆိုင်မှာ ပြင်ထားရတယ်...."

"အဲ့တာဆိုလည်း ကောင်းပြီလေ... ငါ့ကို

လိပ်စာပို့လိုက်... ငါ အလုပ်ကိစ္စတွေ ပြီးရင်

လာကြိုပေးမယ်...."

"အွန်း အွန်း...."ရှောင်ထျန် ပြောလိုက်ပြီး

"ငါတို့ ခု ဂိမ်းတစ်ပွဲလောက်

ဆော့လို့ရသေးလား...."

"ပိုက်ဆံပေးလေ... အဲ့တာဆို

ဆော့ပေးမယ်...."

ဖုန်းချပြီးနောက် လင်းရီ

သူစားနေကျဖြစ်သည့် စီချွမ်

စားသောက်ဆိုင်သို့

မောင်းနှင်သွားလိုက်သည်။

သီးသန့်ခန်းတံခါးကို

တွန်းဖွင့်လိုက်သောအခါ လင်းရီ

မွေးကြိုင်လှသည့် ငရုတ်သီးရနံ့မှာ သူ၏

နှာခေါင်းဝသို့ တိုးဝင်လာခဲ့လေသည်။

စားပွဲပေါ်တွင်တော့ ဟင်း ခုနစ်ပွဲ၊ ရှစ်ပွဲခန့်

ရှိနေပြီး အေးစက်နေသည့်

ဟင်းတစ်ပွဲကသာလျှင် အသီးအရွက်ဟင်း

ဖြစ်နေခဲ့၏။

လင်းရီ ဝင်လာသည်ကို မြင်တော့

ပျော်ယွှမ်ယွှမ်တို့ နှစ်ယောက်

မတ်တပ်ရပ်လိုက်ကြပြီး အသိအမှတ်ပြု

နှုတ်ဆက်ပြီးသောအခါ ချီရှန်းကျောက်

ရိုကျိုးစွာဖြင့် ပြန်ထိုင်လိုက်၏။

ဟော်ယွမ်ယွမ်ကတော့ ပျော်ရွှင်စွာဖြင့်

စတင်စားသောက်လေသည်။ သူမ လင်းရီ

စတင်သုံးဆောင်သည်ကို စောင့်ဆိုင်းမည့်

ရည်ရွယ်ချက် မရှိချေ။

"ဒါရိုက်တာလင်း.. " ချီရှန်းကျောက်

ကူကယ်ရာမဲ့စွာဖြင့် လင်းရီကို

ပြုံးပြလိုက်၏။

လင်းရီ ဟော်ယွမ်ယွမ်ကို ကြည့်ကာ

"ယွမ်ယွမ်.. ငါက ဒီမှာ ဘော့စ်နော်...

ဒါတောင်မှ မင်းက ငါ့ထက်အရင်

စားနှင့်နေပြီပေါ့...."

"ဟီးဟီး....ဘာလို့လဲဆိုတော့ ကျွန်မက

အရမ်းဗိုက်ဆာနေလို့လေ....

ဘော့စ်ကလည်း စိတ်ကြီးပဲ... ဒီလို

အသေးအမွှားလေးတောင်မှ

ဘာလို့ထည့်တွက်နေတာ... "ဟော်ယွမ်ယွမ်

နှုတ်ခမ်းရှိ အဆီများကို လျှာဖြင့် သပ်ရင်း

ပြောလိုက်၏။ သာမန်ဆိုလျှင်တော့

ပိန်ပါးသည့် သူမမှာ စားနိုင်လိမ့်မည်ဟု

ထင်မှတ်မထားသော်လည်း

တကယ့်တကယ်တွင်တော့

အစားတစ်လိုင်းကြီးပင်။ လင်းရီ

မှတ်မိသလောက်တော့ သူ

ဟော်ယွမ်ယွမ်နှင့် တွေ့တိုင်း သူမ

လက်ထဲတွင် မုန့်တစ်ခုခုတော့

ရှိနေတတ်၏။

"ငါ မင်းနဲ့ မငြင်းချင်ဘူး... ဒါပေမယ့်

ရှိတာက လူလေး

သုံးယောက်လောက်ကိုကွာ.. အဲ့တာကို

ဟင်းပွဲတွေ ဒီလောက် အများကြီး

မှာထားရလားကွ....မင်းဒါတွေ ကုန်အောင်

စားနိုင်မှာလား..."

"ဟင့်အင်း..."ဟော်ယွမ်ယွမ်

ခေါင်းခါရမ်းလိုက်ပြီး "မကုန်တာတွေ

အိမ်ပြန်သယ်သွားမယ်လေ... အဲ့လိုဆို

ညစာအတွက် စိတ်ပူစရာ မလိုတော့ဘူး...

ကုမ္ပဏီရဲ့ရန်ပုံငွေတစ်ချို့ကို မသုံးစွဲပေးရင်

နှမြောစရာကြီး ဖြစ်နေမှာပေါ့... ကျွန်မက

အစ်ကိုချီလို မပိန်းပါဘူးနော်..... "

"ငါ့ကို လုံး၀ အလေးမထားတာပဲ... "

"အယ်....အဲ့လို မပြောရဘူးလေ...

ဘောစ့်ကလည်း ကျွန်မအတွက်

အရမ်းအရေးကြီးပါတယ်နော်... မဟုတ်ရင်

ဘယ်သူက ကျွန်မကို ရက်ရက်ရောရောနဲ့

လစာပေးတော့မှာ.... "

"မင်းရဲ့ ဒီနေ့ အမူအကျင့်အတိုင်းဆိုရင်တော့

လစာ ထပ်လျှော့မှ ဖြစ်တော့မယ်နဲ့

တူတယ်.... "

"မရဘူး.... "ဟော်ယွမ်ယွမ် သူမ၏

တူများကို ချလိုက်ပြီး "ရှင် အဲ့လိုမျိုး

လူတွေကို ပိုက်ဆံနဲ့ မခြိမ်းခြောက်ရဘူး...

ကျွန်မလို အလုပ်လေးကို ရှင်က

လုပ်ရက်တယ်ပေါ့... အသည်းနှလုံး မရှိတဲ့

လူဆိုးကြီး.... "

"တော်စမ်း... ပေါက်တတ်ကရတွေ

ဆက်မပြောနဲ့တော့.... စားကြမယ်...."

လင်းရီ ဟော်ယွမ်ယွမ်ကို

ဆက်မစနောက်တော့ပဲ စားရင်းဖြင့် "Didi

အခြေအနေ ဘယ်လိုရှိလဲ...."

"ဟိုမှာကတော့ အခွံကြီးပဲကျန်တယ်...

ဒေတာစင်တာကို ကျူးဟိုင်ဆီ

ရွှေ့လာခဲ့ပြီးသွားပြီ..."ဟော်ယွမ်ယွမ်

ပြောလိုက်ပြီး "ဒါပေမယ့် ပိုင်ဆိုင်မှု

လွှဲပြောင်းတာနဲ့ ပတ်သက်ပြီးတော့

လုပ်ရိုးလုပ်စဉ်တွေက ပိုပြီး ရှုပ်ထွေးတော့

ဒါရိုက်တာချိန်နဲ့ ဒါရိုက်တာထျန်က

သေချာလေး ကိုင်တွယ်နေတယ်...

အများဆုံး နောက်တစ်ပတ်လောက်ဆို

အားလုံး ပြီးစီးသွားပြီ...."

"အင်း... ဒီကိစ္စကို ငါတို့ လက်အောက်မှာ

ထိန်းချုပ်နိုင်အောင် လုပ်တာက

အကောင်းဆုံးပဲ... ငါ Cisco ကို

ကိုင်တွယ်ပြီးလို့ရှိရင် ဆိုင်ရာအလုပ်တွေ

စတင်တော့မှာ...."

"Cisco ဆိုမှပဲ ခုမှ သတိရတယ်...

"ဟော်ယွမ်ယွမ် ပြောလိုက်ပြီး " Cisco က

ကျွန်မတို့ရဲ့ ယွမ် သုံးဘီလီယမ် အော်ဒါ

ပြီးတော့မှာနော်...

ခန့်မှန်းကြည့်ရသလောက်တော့

နောက်တစ်ပါတ်လောက်ဆို ကုန်တွေက

ရောက်တော့မှာ.... "

"ပြီးတော့မှာလား....."

"အွန်း... သူတို့ နိုင်ငံတွင်းက ထုတ်လုပ်တဲ့

စက်ရုံတော်တော်များများကို

ငှားလိုက်တာလေ... ဒါကြောင့်မို့ သူတို့ရဲ့

ထုတ်လုပ်တဲ့ နှုန်းက မြန်ဆန်လာခဲ့တာ...."

"မဆိုးဘူး မဆိုးဘူး.... ဒီလိုဆိုတော့လည်း

ငါ့ရဲ့ အစီအစဉ်တွေကို

စတင်ရတော့မှာပေါ့...."

ချီရှန်းကျောက်နှင့် ဟော်ယွမ်ယွမ်တို့

နှစ်ဦးလုံး လင်းရီ၏ အစီအစဉ်ကို

သိချင်နေမိကြ၏။

တစ်ခုခု ကြီးကြီးမားမားပဲ ဖြစ်ရမယ်....

"ဘော့စ်... ကျွန်မတို့ ကူညီပေးနိုင်မယ့်

ကဏ္ဍကော ရှိလား...."ဟော်ယွမ်ယွမ်

မေးလိုက်၏။

သူမနှင့် လင်းရီမှာ အမြဲ တကျတ်ကျတ်

ဖြစ်နေသော်လည်း သူမမှာ လင်းရီ၏

ဘက်တော်သားဖြစ်လေသည်။

"အဲ့တာဆို အသက်ဝင်သွားအောင်

သီချင်းလေး ဘာလေး ဆိုလိုက်ပါလား...

ငါလည်း ပိုပြီး စားလို့ ဝင်တာပေါ့ ..."

"ကျွန်မကတော့ မဝင်ချင်ပါဘူး... ရှင်လည်း နည်းနည်းပဲစား... အဲ့တာမှ ကျွန်မ အိမ်ကို အများကြီး သယ်သွားလို့ရမှာ... "

ချီရှန်းကျောက်နှင့် ဟော်ယွမ်ယွမ်မှာ Cisco နှင့် စပ်လျဉ်း၍ အများကြီး ကူညီပေးနိုင်လိမ့်မည် မဟုတ်ချေ။

ယခု Cisco မှ ကုန်ပစ္စည်းများ

တင်ပို့လာတော့မည့် အချိန်တွင်တော့

အဓိက ကစားသူမှာ လုံရှင်း စင်တာ

ဖြစ်သွားခဲ့ချေပြီ။

ထိုသို့ ပြောလိုက်ရသော်လည်း Cisco ကို

အဆုံးသတ်ပြီးလျှင်တော့ ဟော်ယွမ်ယွမ်တို့

နှစ်ယောက်မှာ အသားကုန်

အလုပ်များပေတော့မည်။

"ဘော့စ်... ရှင် ဖောင်ဒေးရှင်း ကိစ္စကော

မကြားဘူးလား...."စားရင်းသောက်ရင်း

ဗိုက်ပြည့်သွားခဲ့သည့် ဟော်ယွမ်ယွမ်မှ

ပြောလိုက်၏။ သူမ၏ အမူအရာမှာတော့

အဝဂုန်းဆင်းလိုက်ရ၍ ကျေနပ်သည့်

အမူအရာ ဖြစ်နေလေသည်။

"ပြောစမ်းပါဦး... ငါလည်း အဲ့ဘက်

မလှည့်တာတောင် အတော်ကြာနေပြီ..."

"အခု ကျွန်မတို့ ဖော်ဒေးရှင်းက

နိုင်ငံတစ်ဝန်းမှာရှိတဲ့ မိဘမဲ့ဂေဟာ ၁၇၄

ခုကို လှူဒါန်းပေးပြီး သွားပြီ... စုစုပေါင်း

လှူဒါန်းမှုက ဒီတစ်လထဲမှာကို ၈၂ မီလီယမ်

ပမာဏကို ရောက်နေပြီ... လွန်ခဲ့တဲ့

ရက်တုန်းက ကျွန်မတို့

အစည်းအဝေးထိုင်ပြီးတော့

သေချာဆွေးနွေးကြည့်တော့ ကျွန်မတို့ ခုလို

ဆက်လုပ်နေတာကို နည်းနည်း

အရှိန်လျှော့ဖို့ ဆုံးဖြတ်ထားတယ်....

ပြီးတော့ ကျွန်မတို့ လက်အောက်မှာ ရှိတဲ့

ဂေဟာတွေကိုလည်း ရေရှည်

ထောက်ပံ့ပေးဖို့အတွက် အစီအစဉ်တွေ

ဆွဲထားသေးတယ်.... "

"ဆက်ပြောပါဦး...."

"ဒီလိုလေ.... မနေ့ကပဲ ဖောင်ဒေးရှင်း

တာဝမ်ခံ ဒါရိုက်တာကျောက်က

အစ်ကိုချီစီကို အစီရင်ခံစာ

တင်သွင်းလာခဲ့တယ်... ကျွန်မ အထင်တော့

သူခွဲခြမ်းစိတ်ဖြာထားတာက

မဆိုးဘူးလို့တော့ ထင်တာပဲ...."

ဟော်ယွမ်ယွမ် ပြောလိုက်ပြီး " သူမ

ပြောထားတာက ကျွန်မတို့ရဲ့

ဖောင်ဒေးရှင်းက အဆုံးမရှိတဲ့

တွင်းနက်ကြီးလို ဖြစ်နေပြီး

ကုမ္ပဏီအတွက်လည်း ဘာအကျိုးအမြတ်မှ

မလုပ်ပေးနိုင်ဘူး... သူမက အဲ့တာကို ပြန်

ဖွဲ့စည်းပြီးတော့ ကုမ္ပဏီရဲ့

ဂုဏ်သတင်းအတွက် အကျိုးရှိအောင်

လုပ်ပေးချင်နေတာ......."

"မိဘမဲ့ဂေဟာတွေကို ဒီတိုင်း ရန်ပုံငွေ

ထောက်ပံ့ပေးတာက သိပ်မထိရောက်ဘူး...

ဒါကြောင့်မို့ ပိုပြီး ထိရောက်အောင်

ကျွန်မတို့ နိုင်ငံထဲက ဆင်းရဲနွမ်းပါးတဲ့

ဒေသတွေမှာ မျှော်လင့်ခြင်း

မူလတန်းကျောင်း ဆောက်တာပဲဖြစ်ဖြစ်

တစ်ခုခု ပြုလုပ်ပေးသင့်တယ်.... ငါး

အလကား ပေးလိုက်တာထက် ငါးမျှားနည်း

သင်ပေးလိုက်တာက

ပိုကောင်းတယ်လေ....."

"မင်းတို့ကော အဲ့ဒီ အကြံပြုချက်ကို

ဘယ်လိုထင်လဲ...."

ဟော်ယွမ်ယွမ်နှင့် ချီရှန်းကျောက်တို့

အချင်းချင်း ကြည့်လိုက်ကြပြီး

ခေါင်းညိမ့်လိုက်၏။

"ကျွန်တော်တို့ကတော့ ပြဿနာ

ရှိလိမ့်မယ်လို့ မထင်ဘူး... ယွမ်ယွမ်က

ဒီပရောဂျက်ရဲ့အစောပိုင်း

ကုန်ကျစရိတ်ကနေ

နှောင်းပိုင်းလောက်အထိကို

တွက်ချက်ပြီးသွားပြီ... တကယ်လို့

မျှော်လင့်ခြင်း မူလတန်းကျောင်း

ဆောက်ချင်တယ်ဆိုရင် ယွမ်

နှစ်မီလီယမ်လောက်ဆို လုံလောက်ပြီ....

ကျွန်တော်တို့ လက်ရှိ လင်းယွမ်အုပ်စုရဲ့

အနေအထားနဲ့ဆိုရင်

ဒီလောက်ပမာဏလေးက

မများပြားဘူး......တတ်နိုင်တဲ့

အတိုင်းအတာထဲမှာ ရှိတယ်...."

"ဒါက မူလတန်းကျောင်း ကုန်ကျစရိတ်

တည်ဆောက်ဖို့ ကုန်ကျစရိတ်ချည်းပဲ

မလား...."

"ဟုတ်ပါတယ်ဘော့စ်... ဒါပေမယ့်

ကျွန်တော်တို့ ပိုကြီးတဲ့

ဂျူနီယာအထက်တန်းကျောင်းဆောက်ချင်

တယ်ဆိုရင်တော့ နောက်ထပ် ယွမ်

ငါးသိန်းလောက်ပဲ ထပ်ကုန်မှာ ... ပြီးတော့

ဆောက်လုပ်မယ့် ပရောဂျက်ကိုလည်း

ချောင်ရန် အုပ်စုရဲ့လက်ထဲ

အပ်လိုက်လို့ရတယ်... ဖိတ်ချင်းဖိတ်

ကိုယ့်အိတ်ထဲ ဖိတ်လို့လည်းရတာပေါ့..."

"အဆင်ပြေပါတယ်... ဘယ်လောက်မှ

ကုန်ကျတာလည်း မဟုတ်တာ... "လင်းရီ

ပြောလိုက်ပြီး "ခု မင်းတို့မှာ တိကျတဲ့

ပစ်မှတ် ရှိပြီလား..."

"ဒါရိုက်တာကျောက်ရဲ့

အစီရင်ခံစာထဲမှာတော့ ပေချောင်မြို့နဲ့

ဖူးရုန်မြို့နှစ်ခုလုံးက ရန်ချိန်မှာ နွမ်းပါးတဲ့

မြို့လေးတွေချည်းပဲ...

လမ်းပန်းဆက်သွယ်ရေးက

အဆင်မပြေတော့ အဲ့မြို့က ကလေးတွေ

တော်တော်များများက ပညာရေး

အကန့်အသတ်နဲ့… ဒါကြောင့်မို့

ကျွန်တော်တို့

ကြိုးစားကြည့်ချင်တယ်ဆိုရင်တော့ အဲ့ဒီ

မြို့နယ်မြို့က အကောင်းဆုံး

ပစ်မှတ်တွေပါပဲဗျ....."

"ပေချောင်မြို့..."

လင်းရီ ရေရွတ်လိုက်ပြီး 'အဲ့တာက ချူးဟာန်ရဲ့ မွေးရပ်မြေမဟုတ်ဘူးလား...'

"ဘော့စ်လင်းက ပေချောင်မြို့ကို သိတာလား...."

"နည်းနည်းပါးပါး ကြားဖူးတာပေါ့ကွာ...

တော်တော်လေး ဆင်းရဲနွမ်းပါးတဲ့

နေရာလို့တော့ ဆိုကြတာပဲ...."

"အွန်း...သူတို့က ဆင်းရဲတာထက်ကို

ပိုတယ်..."ဟော်ယွမ်ယွမ် ပြောလိုက်ပြီး

"မြို့ထဲမှာ စိုက်ပျိုးလို့ရတဲ့ မြေကလည်း

သိပ်မရှိဘူး... ပြီးတော့

မြေအများစုကလည်း

ဆားခါတ်များနေတယ်... ကောင်းကင်ဘုံက
စိတ်ဆိုးပြီး မိုးခေါင်တဲ့ နှစ်ဆိုလို့ကတော့
အကုန်လုံး ငတ်ပြတ်တဲ့ နှစ်ပဲ.... "

ဟော်ယွမ်ယွမ် သူမ၏ ပုံစံကို
တစ်မျိုးပြောင်းထိုင်လိုက်ပြီး ဆက်လက်၍
"ကျွန်မ အဲ့ဒီနေရာကို သေချာလေး
စုံစမ်းကြည့်ပြီးသွားပြီ... သူတို့ရဲ့နှစ်စဉ်

GDP က ကျွန်မတို့ရဲ့နှစ်စဉ်

ဝင်ငွေလောက်တောင် မရှိဘူး...."

"အမ်.... "

"ခု ကိစ္စပဲပြောလေ... ဘာဆိုင်လို့ ငါ့ရဲ့

အဖိုးတန်တဲ့ ဝင်ငွေက စကားဝိုင်းထဲ

ရောက်လာခဲ့တာ.... ဒါကြီးက

ကိုယ်ရေးကိုယ်တာ တိုက်ခိုက်တာပဲ

မဟုတ်လားကွ..."လင်းရှိ ပြောလိုက်ပြီး

"ပြီးတော့ အဲ့လိုဆိုရင်တောင်မှ သူတို့ရဲ့

GDP က နည်းတယ်လို့ မခေါ်ဘူးလေ...."

"ကျွန်မကတော့ ဘော့စ်ရဲ့

အရှက်ကင်းမဲ့မှုကို အထင်သေးမိသွားပြီ...."

"အဲ့တာဆိုလည်း ဒီလိုလုပ်လိုက်ကွာ...

မျှော်လင့်ခြင်း မူလတန်းကျောင်း

ဆောက်မယ့် တည်နေရာကို ပေချောင်မြို့လို့

သတ်မှတ်လိုက်တော့...."လင်းရီ

ပြောလိုက်ပြီးနောက်

"ဒါနဲ့ နေစမ်းပါဦး...ဆရာတွေ ခေါ်ယူဖို့

ကိစ္စကျတော့ကော ... တကယ်လို့

ကျောင်းမှာ သင်ပေးမယ့် ဆရာတွေ

မရှိဘူးဆိုရင် အခွံသပ်သပ်ချည်း

ဖြစ်နေမှာပေါ့ဟ...."

"အဲ့ဒီကိစ္စလည်း စဉ်းစားပြီးသွားပြီ...

ပေချောင်မြို့နဲ့ ကီလို ၃၀

လောက်ဝေးတဲ့နေရာမှာ

ထိုက်ရှေမြို့ရှိတယ်.... အလှလေး

မြို့တစ်မြို့ဆိုပေမယ့် မြို့ပြလူနေမှုပုံစံတော့

မဆိုးဘူး... ကျွန်မတို့ အဲ့ဒီမြို့နဲ့

ဆက်သွယ်ပြီး ဆရာတွေ ခေါ်ယူနိုင်ရင်တော့

အကောင်းဆုံးပဲ...."

"ကီလို ၃၀ တည်းလား...."

ချီရှန်းကျောက် ခေါင်းညိမ့်ရင်း

သက်ပြင်းချလိုက်ပြီး "ပြဿနာက

လမ်းပန်းဆက်သွယ်ရေး

အဆင်မပြေတာပဲ... ကီလိုမီတာ ၃၀ တည်း

ဝေးတယ်ဆိုပေမယ့် ရှုံ့ထူပြီး ညစ်ပတ်နေတဲ့

လမ်းတွေ၊ မတ်ဆောက်တဲ့လမ်းတွေနဲ့

ကြိုးတံတားတွေကို ဖြတ်သန်းပြီးတော့မှပဲ

မြို့နှစ်မြို့ကို ဆက်သွယ်ထားတာ... ကားနဲ့

သွားဖို့တောင် အရမ်းခက်ခဲတယ်...

ဒီပြဿနာ ကြောင့်ပဲ မြင့်မားတဲ့ လစာငွေနဲ့

လာချင်အောင် ဆွဲဆောင်မှုပဲရမှာ....

သာမန်သာဆိုလို့ကတော့ ဘယ်သူမှ

လှည့်ကြည့်မှာတောင် မဟုတ်ဘူး...."

"အဲ့လိုဆိုရင် လမ်းခရီးကြာချိန်က

တစ်နေ့ကို လေးနာရီလောက်

သွားရမှာပေါ့... တကယ်လို့ ငါတို့က

လစာငွေ အမြောက်အမြားနဲ့

ကမ်းလှမ်းရင်တောင် သူတို့က

လက်ခံပါ့မလား....."

"အင်း.... ဒါကမှ

တကယ့်ပြဿနာ..."နှစ်ယောက်လုံး

တိတ်ဆိတ်ငြိမ်သက်သွားခဲ့၏။

"ဖူး....."

လင်းရဲ့ အသက်ပြင်းပြင်း ရှူထုတ်လိုက်ပြီး

"ဒီရဲ့သုံးဆယ်ကီလိုမီတာ

ခရီးကြောင့်လေးနဲ့ ကလေးတွေ

ဘယ်လောက်များများရဲ့ အိပ်မက်တွေ

ပျက်ဆီးသွားခဲ့ပြီလဲ....”

## အခန်း (၄၇၁)

## ဘယ်လောက်တောင် ရက်စက်လိုက်လဲ

နှစ်ယောက်စလုံး လင်းရီစကားလုံးများ၏

သက်ရောက်မှုကို ခံစားလိုက်ရပြီး

ရုတ်ချည်း ဝမ်းနည်းသွားခဲ့ကြ၏။

"ဆင်းရဲတဲ့ တောင်ပေါ်ဒေသတွေမှာတော့

ဒီရဲ့ပြဿနာက ဖြစ်ပျက်နေကြပဲ ..

ပြောရရင်တော့ လမ်းခရီး

အဆင်မပြေတာကြောင့်ပေါ့... မဟုတ်ရင်

ဆင်းရဲတယ်ဆိုပြီး ခေါင်းစဉ်တပ်ခံရမှာ

မဟုတ်ဘူး... "ချီရှန်းကျောက်

ပြောလိုက်သည်။

လင်းရှီ ခေါင်းညိမ့်လိုက်၏။ "မင်း ခု

ပြောသွားတဲ့ လမ်းက ဘယ်လောက်တောင်

အခြေအနေ ဆိုးရွားနေလို့လဲ...."

"ရှို့တွေထူချက်က

သွားလို့ရတဲ့လမ်းဆိုတာက

ကျဉ်းကျဉ်းလေးရယ်.. အကျယ်က

နှစ်မီတာလောက်ပဲ ရှိတာ... မိုးမရွာတဲ့

နေ့တွေဆိုရင် သွားနိုင်ရုံလောက်လေးပဲ...

မိုးရွာတဲ့ နေ့ဆိုရင်တော့

လှည်းနဲ့ဖြတ်တောင်

မရဘူး...ဒါရိုက်တာကျော်

အဲ့ဘက်သွားတုန်းက မိုးရွာတဲ့ နေ့နဲ့

တိုးတော့ လမ်ခရူဇာတောင်

နစ်နေသေးတယ်.... "

"မဖြစ်နိုင်တာ... လမ်ခရူဇာနဲ့တောင်

သွားလို့မရဘူးဆိုတော့ အဲ့လမ်းက

ငိုးကျလောက်အောင် ဆိုးရွားနေတာပဲဟ...

"

"အမှန်ပဲ... အဲ့တာကြောင့်လည်း နေသာတဲ့

နေ့တွေပဲ သွားလို့ရတာ.... "ချီရှန်းကျောက်

ပြောလိုက်ပြီး "ပြီးတော့ မြို့ပြင်မှာ

မီတာသုံးဆယ် ကျယ်ဝန်းတဲ့

မြစ်ကြီးတစ်စင်းကလည်း

ရှိသေးတယ်....ရွာသားတွေကတော့

ကြိုးတံတား

တစ်စင်းထိုးထားတာပဲ..ဒါပေမယ့်

ဖြတ်သန်းရတော့

ခက်တယ်....ကျွန်တော့်အထင်တော့

မြို့ပေါ်ကလူတွေတာ အဲ့ပေါ်

ဖြတ်လျှောက်လိုက်ရလို့ကတော့

လိပ်ပြာများ လွင့်သွားမလား မသိဘူး...."

"ဘယ်လိုငရဲတုန်းဟ... အဲ့လောက်ကြီး

ဆိုးရွားရလား...."

"ဒါတောင် အကုန်မဟုတ်သေးဘူး...

မဟုတ်ရင် အဲ့ဒီလောက်

ဆင်းရဲမှာမဟုတ်ဘူး...."

လင်းရဲ့ မေးပွတ်၍

စက္ကန့်အနည်းငယ်ကြာအောင်

စဉ်းစားပြီးနောက် "ကောင်းတာလုပ်ရင်

ဗုဒ္ဓဆီရောက်မယ်... အချိန်ရရင် မင်းရဲ့

စီနီယာအစ်မကျီကို ခေါ် ပြီးတော့

ဒီပရောဂျက်ရဲ့ ကုန်ကျငွေကို တစ်ချက်

တွက်ချက်ကြည့်ခိုင်းလိုက်ဦးမယ်....

လမ်းပြုပြင်တာနဲ့

တံတားတစ်စင်းဆောက်တာက

ဘယ်လောက်ထိ ကုန်ကျနိုင်မလဲ

ကြည့်ကြတာပေါ့...."

"မဖြစ်နိုင်တာ ဘော့စ်... ရှင်က

လမ်းတွေပြင်ပြီး တံတားတွေ

ဆောက်မလို့ပေါ့... ကီလိုမီတာ

နည်းနည်းလေးဆိုပေမယ့် ယွမ်

မီလီယမ်နဲ့ချီပြီး ကုန်ကျမှာနော်... ကျွန်မတို့

ဆောက်မယ့်

မျှော်လင့်ခြင်းကျောင်းထက်တောင်

ပိုဈေးကြီးတယ်... "

"ဒါပေမယ့် ငါတို့ ဒီပြဿနာတွေကို

မဖြေရှင်းထားဘူးဆိုရင် ကျောင်းက

အခွံကြီးပဲ ရှိနေမှာလေ... မင်းက

ဆရာတွေကို အဲ့ငရဲလမ်းကို

ဖြတ်သန်းရလောက်တဲ့အထိ လစာကို

ဘယ်လောက်များများပေးဖို့

စိတ်ကူးထားလဲ...."

"ဒါပေမယ့် တအားကြီး

အကုန်အကျများမှာဆိုလို့...."

"မပူနဲ့.. ပိုက်ဆံ ကိစ္စက ငါ့နည်းငါ့ဟန်နဲ့

ရှိတယ်... "လင်းရီ ပြောလိုက်ပြီး

"နည်းနည်းလောက် မတည်ပြီးတော့

ရန်ပုံငွေရှာလိုက်မယ်... အဲ့လိုဆိုရင်

ဒီကိစ္စက လုံးဝ ဖြေရှင်းပြီးသား

ဖြစ်သွားပြီ...."

"အင်း အဲ့လိုလည်း ရတယ်နော....

ဘော့စ် ... ရှင်က အရမ်း အံ့သြဖို့

ကောင်းတာပဲ...."ဟော်ယွမ်ယွမ်မှ

လက်မထောင်လိုက်၏။

သူမတို့ ဘော့စ်မှာ အမြဲ မိမိုက်သလို

လုပ်တတ်သော်လည်း ကြင်နာတတ်ပြီး

အမြော်အမြင် ကြီးမားသူတစ်ဦးဖြစ်၏။

" ဒါတွေ မင်းနားမလည်ပါဘူးကွာ...

ခေါင်းဆောင်တွေဆိုတာ ရှေ့ကို

ကြိုမြင်၊ကြိုတွေးရတယ်...

ဒါကြောင့်မို့လည်း ငါက

ဘောစ်ဖြစ်နေပြီးတော့ မင်းတို့က

ငါ့ဝန်ထမ်းတွေ ဖြစ်နေတာလေ...."

"ရှေ့ရေးကို ကြိုမြင်တယ်....

"ဟော်ယွမ်ယွမ် အံ့အားသင့်သွားပြီး "ရှင်က

မြစ်ထဲမှာ ငါးမွေးမြူရေစ လုပ်ဖို့

စဉ်းစားနေတာလား...."

"ဟမ့် ရိုးအတယ်...

မရင့်ကျက်ဘူး...ညဏ်တိမ်တယ်....

"လင်းရီ ပြောလိုက်ပြီး

"စဉ်းစားကြည့်ကြည့်... ငါတို့ သုံးယောက်

သေတဲ့အခါကျရင် ငါ့ရဲ့

အုတ်ဂူကျောက်တိုင်မှာ ဒီလိုမျိုး

ရေးထိုးထားလိမ့်မယ်... ကျော်ကြားတဲ့

မျိုးချစ်စီးပွားရေးသမား၊

နည်းပေးလမ်းပြသူ ၊ ကိုယ်ကျိုးစွန့်တဲ့

ပရဟိတသမား ၊ သိပ္ပံပညာရှင် ပြီးတော့

ဟွာရှရဲ့ အချောအမောဆုံး ဂီတ

ပညာရှင်......မင်းတို့ရဲ့ အုတ်ဂူကတော့

ဗလာကြီးပေါ့...."

ဟော်ယွမ်ယွမ် ဆွံ့အသွားခဲ့ရ၏။

"ဘာမှ မရှိလည်း ကျွန်မ ဂရုမစိုက်ဘူး...

ဒါပေမယ့် အချောမောဆုံး ဆိုတာက

ဘာပြောချင်တာ... ဘယ်သူ့ရဲ့

အုတ်ဂူကျောက်တိုင်မှာ အဲ့လိုရေးထားတာ

ရှင်မြင်ဖူးလို့လဲ.... "ဟော်ယွမ်ယွမ်

ပြောလိုက်ပြီး "ကျွန်မအထင်တော့ ရှင့်ရဲ့

အုတ်ဂူကျောက်တိုင်မှာ ဟွာရှရဲ့နာမည်ကြီး

ဘုရင်၊ ဂုဏ်သရေရှိ ဟွာချင်းရေကန်ရဲ့

အဖွဲ့ဝင် ၊ပြီးတော့ မကောင်းတဲ့ကောင်တွေရဲ့

ဘိုးဘေး....."

"နေ နေ နေစမ်းပါဦး... ငါက

မကောင်းတဲ့ကောင်တွေရဲ့ဘိုးဘေး

မဟုတ်ဘူး... ဖြစ်မယ့်ဖြစ် မင်းရဲ့

တီချယ်ဖန့်ပဲ ဖြစ်မှာ... သူနဲ့ ယှဉ်လိုက်ရင်

ငါက ကျောင်းသား အဆင့်လောက်ပဲ ...."

"ရှင် စကားလမ်းကြောင်း မလွှဲနဲ့...

"ဟော်ယွမ်ယွမ် ပြောလိုက်ပြီး "ပြီးတော့

ကျွန်မရဲ့ တီချယ်ဖန့်ကလည်း အဲ့သလို

လူစားမျိုး မဟုတ်ဘူး..."

ထိုသို့ ပြောလိုက်သော်လည်း

ဟော်ယွမ်ယွမ်ရဲ့ ဖန့်ရှင်းကော်၏

တန်ခိုးကြီးမားလှသော အမှုများကို

သိရှိထားလေသည်။

"ငါ့ကို နောက်ကျရင် ပိုပြီး

ယဉ်ယဉ်ကျေးကျေးပြောဖို့ပဲ

သတိပေးချင်တယ်... မဟုတ်လို့ကတော့

ငါသေရင် ငါ့မြေးကို မင်းတို့အုတ်ဂူပေါ်မှာ

သေးပန်းခိုင်းပစ်မယ်...."

ဟော်ယွမ်ယွမ်နှင့် ချီရှန်းကျောက်တို့

ပြောစရာစကားများ

ပျောက်ရှသွားခဲ့ရသည်။

ဘယ်လိုတောင် ရက်စက်တာလဲ...

စားသောက်ပြီးနောက် ဟော်ယွမ်ယွမ်နှင့်

ချီရှန်းကျောက်တို့ လင်းယွမ်

အုပ်စုသို့ပြန်ကာ ကုမ္ပဏီကိစ္စများကို

စီမံကြလေသည်။ လင်းရီကတော့

ကားတစ်စီးဖြင့် လေလေးချွန်ကာ

ရှောင်ထျန်၏ အိမ်သို့ မောင်းလာခဲ့၏။

မရောက်ခင်တုန်းကလည်း လင်းရီ

မိနစ်နှစ်ဆယ်လောက် ကြိုတင်ပြီး

ဖုန်းဆက်ထားခဲ့လေသည်။ သို့မှသာ

သူရောက်လာချိန်တွင်

အတူကျောင်းသွားရန်

အချိန်မှီပေလိမ့်မည်။

ကလင်...

မိနစ်နှစ်ဆယ်ကြာပြီးနောက် ရှောင်ထျန်ထံမှ

ဖုန်းဆက်လာခဲ့၏။

"ငါ ခုအောက်ထပ်မှာ.. နင်ကော ခု

ဘယ်မှာလဲ... "

"လာနေပြီ ကားလမ်းပိတ်နေလို့.. ခဏနေ

ရောက်တော့မှာ.... "

"မြန်မြန်လာခဲ့... ဒီနေ့ လေက

အရမ်းပြင်းလွန်းတော့ ရပ်နေရင်းနဲ့

လူတောင် လွင့်ထွက်သွားတော့မတတ်ပဲ... "

"မင်း ဝိတ်ကြီးနဲ့ တိုင်ဖွန်းလာတောင်

လွှင့်ထွက်မှာ မဟုတ်ဘူး...."

"ငါက ပေါ့ပါတယ်နော်... "

"လရှိုးကို ပေါ့တာလား..... "

ဖုန်းချပြီးနောက် လင်းရီ ရှောင်ထျန်၏

ရပ်ကွက်ထဲသို့ ရောက်လာခဲ့၏။

သူတို့ မတွေ့ရတာ ကြာပြီဖြစ်သော်လည်း ရှောင်ထျန်၏ ပုံပန်းသွင်ပြင်ကတော့ ဘာမျှ မပြောင်းလဲချေ။ သန်မာသည့် အမျိုးသမီးတစ်ဦး၏ အရှိန်အဝါကို ခံစားနေရဆဲပင်။

ယနေ့တွင်တော့ သူမ အဖြူရောင် ကုတ်အင်္ကျီတစ်ထည်နှင့် အမျိုးသမီးဝတ်

ဘလောက်စ်အပြာရောင်ကို

ဝတ်ဆင်ထား၏။ သူမကို ကြည့်ရသည်မှာ

အရမ်းကို သန့်ရှင်းသပ်ရပ်နေလေသည်။

ရေလှိုင်းကဲ့သို့ ဖြာကျနေသည့်

ဆံနွယ်များနှင့် လုံးဝန်းကြီးမားသော

ပေါက်စီကြီးများမှာတော့အင်မတန်မှ

ဝင့်ကြွားနေခဲ့၏။

"နှင်ခဲ့တာလော ဘာတွေ

အလုပ်ရှုပ်နေတာ ... Didi

ပြန်မောင်းနေတယ်လို့တော့ ငါ့ကို

လာမပြောနဲ့... "ကားထဲသို့

ဝင်လာပြီးနောက် ရှောင်ထျန်မှ

မေးလိုက်၏။

"ငါခု ဆေးရုံမှာ ဒေါက်တာ

လုပ်နေတာလေ... "

"အမ်... တကယ်ကြီးလား...."ရှောင်ထျန်
လုံး၀ မယုံကြည်ပေ။ "နင်က
ဒေါက်တာလုပ်နေတာလား..
ဒေါက်တာဘွဲ့ယူထားလား... ပိုပြီး
တိတိကျကျပြောမှပေါ့ဟဲ့.... "

"ဒေါက်တာလုပ်နေတာ... "လင်းရှီ
ပြောလိုက်ပြီး "ငါက ဟွာရှန်းဆေးရုံ

နှလုံးအထူးကုဗျာနရဲ့

လက်ထောက်ဒါရိုက်တာပဲ.. မင်း တစ်ခုခု

ဖြစ်ရင် ငါ့ကိုသာ လာရှာလှည့်...."

"ငါနင့်ကိုတော့ အရမ်းလေးစားသွားပြီ...

နင်က ခုခေတ် ဆေးပညာကိုတောင်မှ

နားလည်တယ်ပေါ့... နင် ဘွဲ့ယူဖို့ဆိုပြီးတော့

မားကတ်တင်း လေ့လာခဲ့တာလည်း

မှတ်မိပါသေးတယ်... ဒါပေမယ့် နင်

ဆေးပညာ လေ့လာခဲ့ဖူးတယ်လို့တော့

မကြားမိပါဘူး... "

"ဘယ်တတ်နိုင်မှာ... ငါ့မှာလည်း

ရွေးချယ်စရာကမရှိဘူး...အရမ်း

ထူးချွန်းလွန်းနေတာကိုး....."

"အင်းပါ... ငါ သက်တောင့်သက်သာ

မဖြစ်သလို ခံစားနေရရင် နင့်ဆီ

လာရှာမယ်လေ.... "

"ငါ့အထင်တော့ ခုလည်း တစ်ခုခု

အဆင်မပြေဘူးလို့တော့ ထင်တာပဲ... ငါ

စမ်းသပ်ကြည့်ပေးရမလား.... "

"မဖြစ်နိုင်တာ... ငါက ဘာလဲ ဖြစ်နေလို့...."

"မင်းရဲ့ကိုယ်မှာ အဆီပိုတွေ စုနေပြီးတော့

အာဟာရဖြစ်ဖို့ဝေတာက မညီမျှမှုတွေ

မြင်တွေ့နေရတယ်... "

"ဟမ်.. အဆီပိုတွေ စုနေတယ်...

"ရှောင်ထျန် ရေရွတ်လိုက်ပြီး "နင်

ပြောချင်တာက

ငါ့ရင်ဘက်ကြီးနေတာကိုလား...."

"ဒါက သာမန် အသိလေးပဲလေ...

ကားထဲမှာ ဘယ်သူမှ မရှိဘူးဆိုတော့ ငါ

သေချာစမ်းကြည့်ပေးလို့ရတယ်...."

"ဟွန်း ဆုတောင်းလေ.... "

နှစ်ယောက်သား တစ်လမ်းလုံး

စကားပြောလာခဲ့ကြ၏။

ကျောင်းသို့ ရောက်လာပြီးနောက်

ကားပါကင်ထိုးကာ ဆရာများ

အဆောက်အဦးသို့

လမ်းလျှောက်လာကြလေသည်။

"စကားမစပ် ကျောင်းအုပ်ကျောက်က ငါ့ကို

ဘာလို့ ရှာနေလဲ ဆိုတာ သိလား...."

"အင်း... စွန့်ဦးတီထွင်တဲ့ ကျောင်းသားတွေနဲ့

ဆက်စပ်နေမယ် ထင်တာပဲ...."

"စွန့်ဦးတီထွင်တယ်...."

ကောလိပ်ကျောင်း အသီးသီးတွင် သူတို့၏

ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းများကို

စတင်လုပ်ကိုင်ကြသည့် စွန့်ဦးတီထွင်သူများ

ရှိကြ၏။

သို့သော်လည်း လူနည်းစုများပင်။

တစ်ခုခုကို ကြိုးစားကြည့်ပြီးနောက်

လက်တွေ့ကမ္ဘာ၏ နစ်မွန်းမှုအောက်တွင်

၉၉.၉ ရာခိုင်နှုန်းသော ကျောင်းသားများမှာ

သေဆုံးသွားကြလေသည်။

"အသေးစိတ်တော့ ငါလည်း သေချာ

မသိဘူး... နင် ကျောင်းအုပ်ကျောက်ကိုသာ

မေးကြည့်လိုက်တော့..."ရှောင်ထျန် လေ

ကြောင့် ရှုပ်ပွနေသည့် သူမ၏ ဆံစများကို

ဖြီးသပ်လိုက်ရင်း ပြောလိုက်၏။

"ဒါပေမယ့် နောက်ထပ် ဖြစ်နိုင်ချေ

တစ်ခုလည်း ရှိသေးတယ်.... "

"မင်းစကားကို တစ်ခါတည်း ဆုံးအောင်

ပြောလို့ မရဘူးလား... "

"ဘာတွေ အလျှင်လိုနေတာ... "ရှောင်ထျန်

သူ့ကို မျက်လုံးလှိမ့်လိုက်ပြီး "ကျောင်းက

ခုမှ စဖွင့်တာမလား... ဒါကြောင့်မို့ ကြိုဆိုပွဲ

အခမ်းအနားလည်းရှိတယ်... ဒါပေမယ့်

အသစ်လေးတွေ အပြင် စတုတ္ထနှစ်က

အလုပ်သင်ဆင်းနေတဲ့  ကျောင်းသားတွေ

ကောပါမှာ... နင်ကလည်း ကျောင်းရဲ့

ဂုဏ်သရေဆောင် ဒုဥက္ကဌကြီးဆိုတော့

တက်ရောက်ရမယ်လေ.... "

"ဒါပေမယ့် ငါက အမည်ခံ သပ်သပ်ပဲလေ..

ကျောင်းအုပ်ကျောက်လည်း အဲ့တာကို

သိတယ်.. ဒါကတော့

မဖြစ်နိုင်လောက်ဘူး... "

လင်းရီ ပြောလိုက်ပြီး "နောက်ပြီး ကြိုဆိုပွဲ

အခမ်းအနား ကျင်းပဖို့က အရမ်း

စောလွန်းနေသေးတယ်... "

"ဟိုးအရင်တုန်းကတော့ ကျောင်းအုပ်က

နှစ်ကုန်ပိုင်းမှ စလုပ်တာ.. ဒါပေမယ့်

ဒီနှစ်ကျတော့ အရေးကြီးတဲ့

ဧည့်သည်တွေကို ဖိတ်ထားတော့ အချိန်ကို

နောက်ဆုတ်လိုက်တာလေ... "

"မဖြစ်နိုင်တာ... ဘယ်သူက အဲ့လောက်

အံ့သြဖို့ ကောင်းနေတာလဲတဲ့...."

ရှောင်ထျန် ပခုံးတွန့်လိုက်ပြီး "ငါလည်း

ဘယ်သိမှာ နင် ကျောင်းအုပ်ကို တွေ့ရင်

မေးကြည့်လိုက်ပေါ့.... "

"ကောင်းပြီ ငါအရင် သွားတော့မယ်... "

ဘီရှော့လမ်းဆီ ရောက်တော့

နှစ်ယောက်သား လမ်းခွဲလိုက်ကြပြီး

လင်းရိကတော့ ကျောင်းအုပ်ရုံးခန်းထံ

ရောက်လာခဲ့သည်။

"တီချယ်လင်း.. ရောက်လာပြီလား....

"လင်းရိကို မြင်တော့ ကျောက်ချီ

မတ်တပ်ရပ်ပြီး ဆိုဖာပေါ်၌ ထိုင်ရန်

လက်ပြလိုက်ကာ "ထိုင်ပါဦး...ကျုပ်က

တီချယ်လင်း လာမှာကို စောင့်နေတာ.... "

"နှစ်ယောက်သား ထိုင်ချလိုက်ပြီး

လက်ဖက်ရည်သောက်ကာ စကားများ

ပြောဆိုကြ၏။ လင်းရီ

သူ့ရေနွေးကြမ်းခွက်ကို ချပြီးနောက်

"ကျောင်းအုပ်ကျော်... ကျုပ်က

အပြင်လူလည်း မဟုတ်တော့

ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောလေ...

ကျုပ်စွမ်းနိုင်တဲ့ အတိုင်းအတာထဲမှာ

ရှိလို့ကတော့ ဘာပြဿနာမှ မရှိစေရဘူး....

"

"အဲ့တာဆိုလည်း ကျုပ် အဓိကအချက်ကို

တန်းသွားလိုက်တော့မယ်... "ကျောက်ချီ

လင်းရီအတွက် ရေနွေးကြမ်း ငှဲ့ပေးရင်း

ပြောလိုက်ပြီး

"ဒီလိုပါ တီချယ်လင်း... ကျုပ်ဆီမှာ

အက်ပလီကေးရှင်း တစ်ခုကို

တီထွင်ထားတဲ့

ကျောင်းသားနှစ်ယောက်ရှိတယ်.... သူတို့ရဲ့

အက်ပလီကေးရှင်းကိုလည်း Apple နဲ့

Androidတွေမှာ သုံးလို့ရအောင်

စီစဉ်ပြီးသား.... ခု ကုမ္ပဏီထောင်ဖို့ ရန်ပုံငွေ

လျှောက်ထားချင်နေတယ်.....ကျုပ်ဖြစ်စေ

ချင်တာက ကြီးကြပ်သူ နေရာမှာ

တီချယ်လင်းရဲ့နာမည်ကို

ဖြည့်စေချင်လို့ပါ....”

**အခန်း (၄၇၂)**

**မင်းကိုယ်မင်း လင်းရှိနဲ့ မနှိုင်းယှဉ်နဲ့... သူက**

**တကယ့် ချီတာ....**

"ကျောင်းအုပ်ကျောက်.. ခင်မျိုးက

ကျုပ်ထက်ပိုပြီးတော့ အတွေ့အကြုံ

ပိုရင့်ကျက်တော့

အဆက်အသွယ်တွေကလည်း ကျုပ်ထက်

များမှာပဲလေ... ခင်မျိုးနာမည် ရေးတာက

ပိုအဆင်ပြေမယ်လို့ မထင်ဘူးလား...."

"အဲ့လို မပြောစမ်းပါနဲ့... ကျုပ်က

တီချယ်လင်းထက် အသက်ပိုကြီးတာပဲ

ရှိတာ...

အဆက်အသွယ်ချင်းယှဉ်မယ်ဆိုရင်တော့

တီချယ်လင်းလောက် မကောင်းတာ

အမှန်ပဲ... "ကျောက်ချီ ပြောလိုက်ပြီး

"တီချယ်လင်းက လုံရှင်း

သုတေသနစင်တာရဲ့ဥက္ကဌလေ.. ဒီတော့

ကျုပ်ထက် ပိုပြီး ကြီးမြတ်တဲ့

ပုဂ္ဂိုလ်ကြီးတွေနဲ့ ရင်းနှီးမှာပေါ့... နောက်ပြီး

ကျုပ် ကျောင်းသားနှစ်ယောက် ရေးထားတဲ့

အက်ပလီကေးရှင်းက နယ်ပယ်စုံနဲ့

ဆက်နွှယ်နေတာ... ကြီးကြပ်သူနေရာမှာ

တီချယ်လင်းရဲ့နာမည် ရေးလိုက်တာက

ပိုပြီး ထိရောက်တယ်.... "

"ကောင်းပြီလေ... အဲ့တာဆိုလည်း

ဘယ်အချိန် လက်မှတ်ထိုးပေးရမှာ.... "

"ခု လုပ်လိုက်တာပေါ့... ကျောင်းသား

နှစ်ယောက်ကလည်း ကျောင်းမှာ

ရောက်နေပြီးသား... ကျုပ် သူတို့ကို

ဒီခေါ်လိုက်မယ်...."

"ရတယ်လေ.... "

ကျောက်ချီ သူ့စားပွဲထံ ပြန်သွားပြီး

လက်ထောက် ကျိုးကွမ်းကျယ်ကို

ဆင့်ခေါ် ပြီး ကိစ္စများကို ရှင်းပြလိုက်၏။

နာရီဝက်ကြာပြီးနောက် ရုံးခန်းကို

တစ်စုံတစ်ယောက်မှ

တံခါးလာခေါက်လေသည်။

"ဝင်ခဲ့.... "

တံခါးမှာ ပွင့်ဟလာပြီး

ကျောင်းသားနှစ်ယောက် ရှေ့နောက် ဆင့်၍

ဝင်လာခဲ့ကြ၏။ တစ်ယောက်မှာတော့

အရပ်အမောင်း မြင့်မားလှပြီး

ကျန်တစ်ယောက်ကတော့

ပုကွကွနှင့်ဖြစ်သည်။ နှစ်ယောက်အတူ

တွဲရပ်နေသည့် ပုံမှာ အတော်လေး

ထူးဆန်းလှချေသည်။

"ကျောင်းအုပ်ကျောက်...."

ကျောက်ချိုကို နှုတ်ဆက်ပြီးနောက်

နှစ်ယောက်စလုံး လင်းရီကို

ကြည့်လိုက်ကြ၏။ သို့သော်လည်း သူတို့နှင့်

မရင်းနှီးသောကြောင့်

သာမန်သူစိမ်းတစ်ယောက်ကဲ့သို့သာ

ပြုမူလိုက်လေသည်။

သူတို့နှစ်ယောက်မှာ တက္ကသိုလ်၏

ဘွဲ့ရကျောင်းသားများ ဖြစ်သောကြောင့်

လွန်ခဲ့သည့် တစ်နှစ်ခန့်ကပင်

စီးပွားရေးလုပ်ငန်းများ စတင်ရန်

ထွက်ခွာသွားခဲ့ပြီး ဖြစ်၏။ ယခုမှသာ

ကျောင်းသို့ ပြန်ရောက်လာသောကြောင့်

လင်းရီနှင့် မရင်းနှီးသည်မှာ သဘာဝပင်။

"တီချယ်လင်း.. ကျုပ်ပြောတဲ့

နှစ်ယောက်က သူတို့လေ... အရပ်ရှည်တဲ့

တစ်ယောက်က ကျန်းပေါ်...

နောက်တစ်ယောက်ကတော့

မောက်ကျင်းလုံ ...."

မိတ်ဆက်ပေးပြီးနောက် ကျောက်ချိ

ကျန်းပေါ်နှင့် မောက်ကျင်းလုံဘက်သို့

လှည့်ကာ "မင်းတို့ ခု မြင်နေရတဲ့သူက

ကျောင်းရဲ့ ဒုဥက္ကဌ လင်းရှီပဲ... "

"ဒုဥက္ကဌ.... "

လင်းရှိ၏ အထောက်အထားကို

သိရှိသွားတော့ နှစ်ယောက်လုံး

အံ့အားသင့်သွားခဲ့ကြသည်။

သူတို့ စိတ်ထဲတွင်တော့ ဒုဥက္ကဌ

ဖြစ်လာနိုင်သူမှာ အနည်းဆုံး

အသက်သုံးဆယ်ခန့် ရှိရမည်ဟု

မှတ်ယူထားကြသည်။

သို့သော်လည်း ယခုလို ငယ်ရွယ်သည့်

ဒုဉက္ကဌမျိုး ရှိလိမ့်မည်လို့

ထင်မှတ်မထားခဲ့ကြချေ။

'ဒီကောင် နောက်တံခါး ဘယ်နှစ်ခုတောင်

သုံးလိုက်ရမလဲ....'

"ဟယ်လို ဒုဉက္ကဌလင်း... "နှစ်ယောက်သား

ခေါင်းညိမ့် နှုတ်ဆက်လိုက်ကြ၏။

"မင်းတို့ အက်ပလီကေးရှင်း

ရန်ပုံငွေအတွက်

လက်မှတ်ထိုးခိုင်းချင်နေတာ မလား...

ငါသေချာစဉ်းစားပြီးတော့ ဥက္ကဌလင်း

ထိုးတာက ပိုပြီး သင့်လျော်လိမ့်မယ်...

ဒါကြောင့်မို့ ငါ သူ့ကို

ဖိတ်ခေါ်လိုက်ရတာပဲ.... "

"အာ...."

နှစ်ယောက်စလုံး တွန့်ဆုတ်သွားခဲ့ကြ၏။

သူတို့ ကျောက်ချိကို

လက်မှတ်ထိုးစေချင်သည်မှာ တက္ကသိုလ်

အုပ်ကြီး ဖြစ်နေသောကြောင့် မဟုတ်ပဲ

ပညာရေး နယ်ပယ်ရှိ သူ၏

အဆက်အသွယ်များကြောင့်ပင်။

အနာဂတ်တွင် အလားအလာရှိသည့်

ရင်းနှီးမြှုပ်နှံသူတစ်ဦး ရှာတွေ့ခဲ့ပါက

ကြီးကြပ်သူမှာ ကျောက်ချီဖြစ်ကြောင်း

သိသွားလျှင်  ကျောင်းအုပ်၏ မျက်နှာဖြင့်

ပို၍ ပြောရဆိုရ အဆင်ပြေပေလိမ့်မည်။

ယင်းက သူတို့၏ အဓိက ရည်မှန်းချက်ပင်။

သို့သော်လည်း အစားထိုးလိုက်မည်ဆိုပါက

အဘယ်ကြောင့် လက်မှတ်ထိုးခိုင်းဖို့ရာ

လိုအပ်ပါမည်နည်း။

"အဲ့မှာ ရပ်မနေကြနဲ့လေကွာ.. စာရွက်တွေ

ယူလာခဲ့.. ဥက္ကဌလင်းကို

အက်ပလီကေးရှင်း အကြောင်း

ရှင်းပြပေးပြီးတော့

လက်မှတ်ထိုးခိုင်းလိုက်တော့.... "

သို့သော်လည်း နှစ်ယောက်လုံး

တုံ့ဆိုင်းနေကြပြီး အက်ပလီကေးရှင်းကို

မကမ်းပေးကြပေ။

"မင်းတို့ ဘာလုပ်နေကြတာလဲ... သူ့ကို

လက်မှတ်ထိုးခိုင်းမှာလား

မထိုးခိုင်းဘူးလား..."ကျောက်ချီ

မျက်နှာထား တည်တင်းစွာဖြင့်

စကားပြောလိုက်၏။

"ကျောင်းအုပ်ကျောက်.. ကျွန်တော်တို့က

ကျောင်းအုပ်လက်မှတ်ထိုးပေးတာကို

လိုချင်တာ... "

"ငါလား.... "

ကျန်းပေါ် ခေါင်းညိမ့်လိုက်ပြီး "ဒီရဲ့

လက်မှတ်က ကျွန်တော်တို့ ရင်းနှီးမြုပ်နှံသူ

ရှာဖွေတဲ့နေရာမှာ အရမ်းအရေးကြီးတယ်...

တကယ်လို့ ရင်းနှီးမြုပ်နှံသူ ရှာ

မတွေ့ခဲ့ဘူးဆိုရင်

ဒေဝါလီခံလိုက်ရတော့မှာ... ဒါကြောင့်မို့

ဒီလက်မှတ်ထိုးတဲ့ ကိစ္စကို ပေါ့သေးသေး

တွေးလို့မရဘူး.... "

"မင်းတို့ ကောင်စုတ် နှစ်ကောင်ကတော့

ဘာတွေ ပြောနေတာလဲကွ... " ကျောက်ချီ

စားပွဲခုံကို လက်ဝါးဖြင့် ရိုက်လိုက်ပြီး

"ငါ ဥက္ကဌလင်းကို လက်မှတ်ထိုးခိုင်းဖို့

ဘယ်လောက် အားထုတ်ထားရလဲဆိုတာ

မင်းတို့ သိလား... ဥက္ကဌလင်းရဲ့

အချိန်တွေက ဘယ်လောက်တောင်

အဖိုးတန်လိုက်လဲဆိုတာ မင်းတို့

နာမလည်ဘူးလားကွ...."

"ကျောင်းအုပ်ကျောက် .. သူ့ရဲ့အချိန်တွေက

တန်ဖိုးရှိတယ်ဆိုတာ ကျွန်တော်တို့

နားလည်ပါတယ်... ဒါကြောင့်မို့လည်း

လက်မှတ်မထိုးခိုင်းတာပေါ့...

ကျောင်းအုပ်ကျောက်

လက်မှတ်ထိုးလိုက်တာက

ပိုကောင်းပါတယ်...."

ကျောက်ချီ၏ အမူအရာမှာ ပို၍

ရုပ်ဆိုးလာခဲ့ပြီး လင်းရီကို ကမန်းကတမ်း

ရှင်းပြရင်း "တီချယ်လင်း စိတ်မဆိုးပါနဲ့...

ကျုပ် သူတို့ကို သေချာပြောပြလိုက်ပါ့မယ်..

"

"မလိုပါဘူး... ကျုပ်က အရည်အချင်း မမှီဘူးဆိုရင်လည်း မထိုးပေးရုံပေါ့.. ဘာဆန်းတာမှတ်လို့..."

"တီချယ်လင်းက လုံရှင်း သုတေသန စင်တာရဲ့ဥက္ကဌကို အရည်အချင်း မမှီဘူးဆိုမှတော့ ဘယ်သူက အရည်အချင်း မှီတော့မှာ.... "

"ဥက္ကဌလင်းက လုံရှင်း သုတေသနစင်တာရဲ့

ဥက္ကဌလား.... "

ကျန်းပေါ်နှင့် မောက်ကျင်းလုံတို့ နှစ်ဦးလုံး

လုံရှင်းသုတေသနစင်တာ၏

ဩဇာလွှမ်းမိုးမှုကို သိရှိထားကြလေသည်။

"မဟုတ်ရင် ငါက ဘာလို့ ဥက္ကဌလင်းကို

ဒီကို လာဖို့ တောင်းဆိုတယ်လို့ ထင်လဲ..."

"ဒါက....."

နှစ်ယောက်လုံး ကိုးရိုးကားယား

ဖြစ်သွားကြတော့၏။

အကယ်၍ သူတို့သာ လင်းရီ၏

အထောက်အထားကို စောသိခဲ့ပါက

တစ်ခါတည်း လက်မှတ်ထိုးခိုင်းပြီး

ဖြစ်သည်။

နည်းပညာ နယ်ပယ်တွင်

အလုပ်လုပ်နေသောကြောင့် လင်းရှိ၏

စကားလုံးများက တာသွားမည်မှာ

သေချာပေါက်ပင်။

"ဉက္ကဌလင်း.. တောင်းပန်ပါတယ်...

ကျုပ်တို့က ငယ်ရွယ်ပြီး

မရင့်ကျက်သေးတော့ ကျေးဇူးပြုပြီး

ဗွေမယူပါနဲ့ဗျ.... "

"ကောင်းပြီလေ... တောင်းပန်စရာ

မလိုပါဘူး... မင်းတို့ရဲ့

ကျောင်းအုပ်ကျောက်နဲ့ကလည်း

ရင်းနှီးနေတော့ ငါ ခွင့်လွှတ်ပေးမယ်...

"လင်းရှိ ပြောလိုက်ပြီး "မင်းတို့ ရင်းနှီးငွေ ဘယ်လောက် လိုချင်လဲ.... "

"ငါးသိန်းလောက်ဗျ..... "

"လင်းယွမ် အုပ်စုကို သွားပြီးတော့ ဟော်ယွမ်ယွမ်လို့ ခေါ်တဲ့ တစ်ယောက်ကို ရှာလိုက်.. ငါက ယွမ်ငါးသိန်း

ထုတ်ခိုင်းလိုက်တယ်လို့ပြောလိုက်....

အဲ့တာဆို အဆင်ပြေပြီ... "

"လင်းယွမ်အုပ်စု... "ကျန်းပေါ်နှင့်

မောက်ကျင်းလုံတို့

ကြက်သေသေသွားခဲ့ကြပြီး "အဲ့တာက

ကျိုးဟိုင်မှာ အသစ်တည်ထောင်ထားတဲ့

ကုမ္ပဏီကြီး မဟုတ်ဘူးလား... သူတို့

ရုံးစိုက်ထားတဲ့ အဆောက်အဦး

နှစ်ခုနဲ့တင်ကို ယွမ် ၁၈ ဘီလီယမ်ကျော်

တန်ကြေးရှိတယ်… သူတို့ မျက်လုံးထဲမှာဆို

ကျွန်တော်တို့ နှစ်ယောက်က ဘာမှကို

ဟုတ်မှာ မဟုတ်တော့ဘူး….

ဖြစ်ပါ့မလားဗျ…."

"ငါ့နာမည်သာပြောလိုက်… သေချာပေါက်

အဆင်ပြေစေရမယ်…. "

"တကယ်.... "

"ဒါပေါ့ကွ...လင်းယွန်းအုပ်စုဆိုတာက

ငါ့ကုမ္ပဏီ... ဘယ်သူက ငါ့စကားကို

ငြင်းပယ်ရဲမှာ... "

ဟစ်....

ထိုသတင်းကို ကြားတော့

ကျောက်ချီလည်းကြက်သေသေသွားခဲ့၏။

"တီချယ်လင်း... လင်းယွမ်အုပ်စုက

တကယ်ကြီး ခင်များရဲ့ကုမ္ပဏီလား.... "

"ဟုတ်တယ်...."လင်းရှီ

အချက်အလက်ကျကျဖြင့် "ကျုပ်က

အများပြည်သူတွေဆီ မကြေညာတော့ လူ

သိပ်မသိကြတာပဲ ရှိတယ်... "

ကျောက်ချီ သူ့နှဖူးမှ ချွေးအေးများကို

သုတ်လိုက်ပြီး "တီချယ်လင်းက ကျုပ်လို

အဘိုးကြီးကို နှလုံးရောဂါ ရအောင်

လုပ်နေတော့တာပဲ.... "

"အသေးအမွှားလေးပါ.... "

လင်းရီ၏ တည်ငြိမ်သည့် အမူအရာကို

မြင်တော့ ကျန်းပေါ်နှင့် မောက်ကျင်းလုံတို့

ရှော့ခ်ရသွားခဲ့ကြသည်။

အသက်အရွယ်အရဆိုလျှင် လင်းရီမှာ

သူတို့နှင့် တစ်ရွယ်တည်း နီးပါးပင်။

သို့သော်လည်း တစ်ဖက်ကတော့

လုံရှင်းစင်တာ၏ ဥက္ကဌဖြစ်နေရုံသာမက

လင်းယွမ်ကဲ့သို ယွမ်ဘီလီယမ်ပေါင်းများစွာ

တန်ကြေးရှိသည့် ကုမ္ပဏီတစ်ခု၏

နောက်ကွယ်မှ သူဌေးကြီးလည်း

ဖြစ်နေပြန်သည်။

နှိုင်းယှဉ်ကြည့်လျှင်တော့ သူတို့

နှစ်ယောက်မှာ ဘာမဟုတ်သည့်

ဆော့ဝဲတီထွင်သူလေးများ ဖြစ်၏။

ခြားနားချက်က ကမ္ဘာလောက်ကြီးပင်။

ရင်နာဖို့ အကောင်းဆုံးအချက်ကတော့

သူတို့ယခုလေးတင် လင်းရိကို

အထင်သေးခဲ့ကြ၏။

ငိုးပဲ... ငါတို့က တကယ့်

သောက်ရူးတွေပါလားဟ...

"ဘာတွေ ငေးငိုင်နေတာ... ဥက္ကဌလင်းကို

လက်မှတ်ထိုးခိုင်းလိုက်တော့လေ...

"ကျောက်ချီပြောလိုက်၏။

"ကျေးဇူးပါ ဥက္ကဌလင်း.. ကျေးဇူးပါဗျ... "

"တကယ်လို့ ကျေးဇူးတင်ချင်ရင်

ကျောင်းအုပ်ကျောက်ကို တင်လိုက်... ငါက

သူ့မျက်နှာကြောင့် လုပ်ပေးတာ.... "

"ဟုတ် ဟုတ် .. ကျေးဇူးပါ

ကျောင်းအုပ်ကျောက်... ကျေးဇူးပါဗျ.... "

"ကောင်းပြီ.. ဒီကိစ္စပြီးသွားပြီဆိုတော့

မင်းတို့ပြန်ကြတော့ ... ငါ မင်းတို့

ဉက္ကဌလင်းရဲ့ပြောစရာ ရှိသေးတယ်... "

"ဟုတ် ဟုတ် ... အဲ့တာဆို

ခွင့်ပြုပါဦးခင်ဗျ.... "

နှစ်ယောက်သား ရုံးခန်းထဲမှ

စိတ်လှုပ်ရှားစွာဖြင့် ထွက်ခွာသွားခဲ့ကြပြီး

ကျောက်ချီ လင်းရီကို ကြည့်ကာ

ပြောလိုက်သည်။

"ဟားဟား...တီချယ်လင်း...ကြည့်လိုက်စမ်း

ပါဦး.... ကျုပ်က

ပိုက်ဆံတောင်းသလိုမျိုးတောင် ဖြစ်နေပြီ...

ကျုပ်တကယ် တီချယ်လင်းကို

လင်းယွမ်အုပ်စုရဲ့ သူဌေးဖြစ်လိမ့်မယ်လို့

ထင်မထားဘူး.... "

"ကျောင်းအုပ်ကျောက်က နောက်နေပါပြီ...

ကျုပ်က ပင်းချန်တက္ကသိုလ်ရဲ့

ဒုဉက္ကဌပဲလေ... ဒီတော့

အကူညီလိုရင်တော့

ဖြည့်ဆည်းပေးရမှာပေါ့... ပြီးတော့ ယွမ်

ငါးသိန်းဆိုတာကလည်း မများပါဘူး....

အဲ့လောက်ကတော့ ကျုပ်

မျက်တောင်တစ်ခတ်အတွင်း ပြန်ရှာလို့ရ

တယ်.... "

ကျောက်ချီ ရယ်မောလိုက်ပြီးနောက်

လင်းရှီကို ကြည့်ကာ

"ဒီကိစ္စပြီးသွားပြီဆိုတော့ ကျုပ်မှာ

ပြောစရာ ကျန်သေးတယ်... "

"ပြောလေ....."

"ဒီနေ့ မွန်းလွဲ သုံးနာရီလောက်မှာ ကြိုဆိုပွဲ

အခမ်းအနားရှိတယ်...

တီချယ်လင်းကလည်း ကျောင်းရဲ့

အရေးပါတဲ့ ခေါင်းဆောင်တစ်ဦးပဲလေ..

ဒီလည်း ရောက်နေပြီ ဆိုမှတော့

အတူတက်ရောက်ကြရင်ကော...."

**အခန်း (၄၇၃)**

**ကျားမလေးကဲ့သို့**

**ရက်စက်ကြမ်းကြုတ်သော လျှန်ရှူရှယ်**

“တကယ်လို့ ကြိုဆိုပွဲအခမ်းအနား

တက်ရောက်ရမယ်ဆိုရင်တော့ ကျုပ်

ငြင်းရတော့မယ်... ကုမ္ပဏီမှာက

တခြားအရေးကြီးတဲ့ ကိစ္စတွေ

ရှိသေးတာလေ…”

“ တီချယ်လင်းမှာ အရေးကြီးလုပ်စရာ

ရှိတယ်ဆိုမှတော့ ကျုပ်

မတားတော့ပါဘူး ….

ဖြည်းဖြည်းသွားပါဗျ…..”

“ ကောင်းပြီ…. တကယ်လို့

အကူအညီလိုရင် ကျုပ်ဆီ

ဖုန်းဆက်လိုက်….”

သို့နှင့် လင်းရီ မတ်တပ်ရပ်ပြီး ထွက်ခွာရန်

ဟန်ပြင်လိုက်သည်။ သို့သော်လည်း သူ

ရုတ်တရက် တစ်ခုခုကို သတိရသွားပြီး

ပြန်ထိုင်ချလိုက်၏။

“ ကျောင်းအုပ်ကျောက်ကို

ကျူပ်တစ်ခုလောက် မေးရဦးမယ်....”

“ ပြောပါ တီချယ်လင်း ....

အားနာနေစရာမလိုပါဘူး...”

“ ကျုပ် ပေချောင်မြို့မှာ

မျှော်လင့်ခြင်းလို့ခေါ်တဲ့ မူလတန်းနဲ့

ဂျူနီယာအထက်တန်းထိ တက်ရောက်လို့

ရတဲ့ ကျောင်းတစ်ကျောင်းကို

ကျုပ်ဆောက်ချင်တယ်… ဒါပေမယ့်

သင်ပေးမယ့် ဆရာတွေ ခေါ်ယူတဲ့ နေရာမှာ

အခက်တွေ့နေလို့…” လင်းရီ ပြောလိုက်ပြီး

“ကျုပ် အစီအစဉ်က ဒီလို… တကယ်လို့

စတုတ္ထနှစ်ကျောင်းသားတွေထဲက

အလုပ်လုပ်ချင်တဲ့သူတွေရှိရင် ကျုပ်

အလုပ်သင်ခေါ်ပေးလို့ရတယ်…. လစာနဲ့

စားသောက်စရိတ်တွေအတွက်ကတော့

ဘာမှ စိတ်မပူနဲ့… ကျုပ်

ကျောင်းသားတွေကို မနစ်နာစေရဘူး….”

“ ဟာ… ဒီလိုဆို အရမ်းကောင်းတာပေါ့…”

ကျောက်ချီ စိတ်လှုပ်ရှားစွာဖြင့်

ပြောလိုက်ပြီး “ ခုခေတ်မှာ

အလုပ်တစ်ခုရဖို့ဆိုတာက ပိုပိုပြီး

ခက်ခဲလာပြီလေ…. အခြေအနေတွေက

ခက်ခဲနေရင်တောင် ပြဿနာ မရှိဘူး…

သူတို့ တီချယ်လင်း လက်အောက်မှာ

အလုပ်လုပ်ရတာကိုက ဂုဏ်ယူရမှာ….”

“ ကောင်းပြီလေ… ဒါက ကျုပ်တို့ရဲ့

ပရောဂျက်အသစ်ဆိုတော့

အထမြောက်အောင်မြင်ဖို့ဆိုတာက

အချိန်တစ်ခုတော့ ကြာဦးမှာပဲ…. နောက်မှ

အသေးစိတ်

ဆက်စကားပြောကြတာပေါ့.....”

“ ဒါပေါ့ ဒါပေါ့... တီချယ်လင်းရဲ့

အစီအစဉ်တွေ အတိုင်းပါပဲ...

ကျုပ်တတ်နိုင်တာရှိလို့ကတော့

အစွမ်းကုန်ကူညီပေးမယ်ဗျာ....”

ကျောက်ချီပြောလိုက်ပြီး “ တကယ်လို့

မျှော်လင့်ခြင်းကျောင်းက

အစိုးရပညာရေးဌာနရဲ့

ခွင့်ပြုချက်တွေလိုတယ်ဆိုရင်

ကျုပ်ကိုပြောလိုက်.... ဒါက နိုင်ငံနဲ့

ပြည်သူတွေရဲ့

ကောင်းကျိုးအတွက်ပဲလေ.... ကျုပ်တို့

အချိန်ဆွဲနေလို့ ဘယ်ဖြစ်မှာ....”

“ အင်း... အဲ့တာဆို အဲ့ဒီအတိုင်းပဲ

လုပ်ကြတာပေါ့....”

ကျောက်ချိုနှင့်

မျှော်လင့်ခြင်းကျောင်းအကြောင်း

ပြောဆိုပြီးနောက် လင်းရီ ရုံးခန်းထဲမှ

ထွက်လာခဲ့လိုက်၏။

သို့သော်လည်း ကျောင်းမှ

ချက်ချင်းမထွက်ခွာသေးပဲ ထိုအစား သူ၏

လုပ်ဖော်ကိုင်ဘက်ဟောင်းများနှင့်

ဆုံတွေ့ရန် ကျောင်းကော်မတီရုံးခန်းထဲသို့

ရောက်လာခဲ့၏။

လင်းရီတံခါးကို ဖွင့်၍ အထဲသို့

ဝင်ရောက်လိုက်သောအခါ

အံ့အားသင့်ဖို့ကောင်းစွာဖြင့် မည်သူမျှ

ရှိမနေခဲ့ချေ။

“ ဟမ်… လူတွေ

ဘယ်ပျောက်ကုန်ပါလိမ့်….”

သူ့ကိုယ်သူ တီးတိုးရေရွတ်ရင်း လင်းရီ

ရှောင်ထျန်၏ ရုံးခန်း တံခါးကို

ဖွင့်လိုက်သည်။ သို့သော်လည်း သူ့ကို

ခရီးဦးကြိုပြုလိုက်သည်ကတော့

ကြီးမားသည့် တောင်တန်းကြီးနှစ်ခုဖြင့်

ပန်းနုရောင် မျှော်စင်နှစ်ခုပင်။

“အား.... သပကြီး “

လင်းရီ ဝင်လာသည်ကို မြင်တော့

ရှောင်ထျန် သူမ ရင်ဘက်ကို ကပျာကယာ

ဖုံးအုပ်လိုက်ပြီး တစ်ဖက်သို့

လှည့်လိုက်လေသည်။

ထိုအခိုက်အတန့်တွင်တော့ ရှောင်ထျန်မှာ

ခရမ်းနုရောင် ရင်ကပ် ပွဲတက်ဝတ်စုံကို

ဝတ်ဆင်ထားပြီး သာမန်ထက်ပို၍

အမြင်တင့်တယ်နေတော့၏။

“ ငါ့ကို လန့်သေအောင် လုပ်နေတာပဲ

ကောင်စုတ်…  နင် အခန်းထဲမဝင်ခင်

တံခါးမခေါက်တတ်ဘူးလားဟဲ့…”

ရှောင်ထျန် မျက်နှာများ

ရဲပတောင်းခတ်နေကာ လင်းရိကို

ဒေါသတကြီးဖြင့် ရန်တွေ့နေတော့သည်။

ကောင်စုတ်မှာ သူမ၏ လူအမြင်မခံသည့်

အလှတရားများကို

အမြတ်ထုတ်သွားချေပြီ။

“ ငါကမင်းကို စပရိုက်လုပ်မလို့လေ…

ဘယ်လိုလဲ စပရိုက်ဖြစ်သွားရဲ့လား….”

“ နင့် ကြီးတော်ပဲ စပရိုက်လုပ်လိုက်တော့…

သူများက အဝတ်အစားလဲနေတာကို နင်က

တံခါးမခေါက် ဘာမခေါက်နဲ့

အတင်းဝင်လာခဲ့တာလေ… နှာဘူးကြီး….”

“ အပိုတွေပြောမနေနဲ့… ငါက ဒေါက်တာ…

အရွယ်စုံ ဆိုဒ်စုံ အကုန်မြင်ဖူးပြီးသား…

ဒါပေမယ့် ကမ္ဘာမြေသားဆိုရင်တော့

ရင်ဘက်က အဲ့လောက်မကြီးဘူး… မင်းက

ဂြိုဟ်သားလား….”

“ နင်ပဲ ဂြိုဟ်သားလေ….. နင်တို့

တစ်မိသားစုလုံးကလည်း ဂြိုဟ်သားပဲ….

ဘယ်ဂြိုဟ်သားက ဒီလောက်လှတာ

နင်မြင်ဖူးလို့လဲ…”

“ အေး ….မြင်တော့ မမြင်ဖူးဘူး…

ဒါပေမယ့် သူတို့ဟာတွေလည်း

မင်းလောက်ကြီးမယ်လို့တော့

မထင်ဘူး….”

“ ဟမ့် ခု နင့်ရှေ့နား ရပ်နေတဲ့

ကောင်မလေးက ပြိုင်စံရှားအလှလေးလို့

ဆိုလိုချင်တာပဲ မဟုတ်လား…..”

“ ဟုတ်ပါပြီ အစ်မတော်ရယ် မင်းကသာ

ပြိုင်စံရှားအလှလေးပါ ....

အဲ့လောက်ကြီးလည်း

ဂုဏ်မဆာပါနဲ့လား…” လင်းရီ

ထိုင်ခုံပေါ်တွင် ထိုင်လျက် ပြောလိုက်ပြီး

“ ဒါနဲ့ စုန့်ကျားနဲ့ ကျန်တဲ့သူတွေကကော…

ဘယ်တွေလည်း ပျောက်ကုန်ကြတာ…

ပြီးတော့ မင်းကကော ဘာလို့ ဒီလိုကြီး

ဝတ်ထားတာ…”

“ ကျောင်းက ကြိုဆိုပွဲအခမ်းအနား

ရှိတယ်ဆိုတော့ အားလုံးက

အလုပ်ရှုပ်နေကြတာလေ… “ ရှောင်ထျန်

ထွင်းဖောက်မြင်နေရသည့်

ဘရာကြိုးများကို ချည်လိုက်ပြီး

“ ငါကလည်း ကျောင်းကော်မတီရဲ့

ဥက္ကဌဆိုတော့

တစ်စိတ်တစ်ပိုင်းလောက်တော့

ပါဝင်အားဖြည့်ပေးရမယ်လေ…

ဒါကြောင့်မို့ စုန့်ကျားက ငါ့ကို

ဝတ်စုံပို့ပေးလိုက်တာ… ဘယ်လိုနေလည်း

ငါနဲ့ လိုက်တယ်မို့လား…”

“ အင်း .. အတော်လေး လှပါတယ်…

ဒါပေမယ့် မင်းဝတ်လိုက်တော့

သိပ်မလှတော့ဘူးလို့ ဘာလို့

ခံစားနေရပါလိမ့်….”

“ ရင်သားတွေက

အရမ်းကြီးနေလို့များလား….”

ရှောင်ထျန်ပြောလိုက်ပြီး

“ အဲ့လိုဆိုရင်တော့ငါသေးအောင်

တစ်ခုခုလုပ်မှ ဖြစ်တော့မှာ…”

“ ငါ ကူညီပေးလို့ ရတယ်နော်….”

“ မလိုဘူး… ငါ့ဘာငါ လုပ်တတ်တယ်…..

ငါ့ကို အသားလာယူဖို့ မကြိုးစားနဲ့….”

“ အဲ့တာဆိုလည်း

ကိုယ့်ဘာကိုယ်လုပ်တော့ကွာ…

ငါပြန်တော့မယ်…”

“ ဟင် ...နင်က ပွဲမတက်ဘူးလား....”

“ မတက်တော့ဘူး... ငါက မင်းတို့နဲ့

တွေ့ချင်လို့လာခဲ့တာ... ဘယ်သူမှ

မရှိတော့ဘူးဆိုတော့ ပြန်တော့မယ်...”

“အွန်း... စကားမစပ် ငါ ဂိမ်းထဲမှာ

ပလေယာတွေကို gank ဖို့

နည်းလမ်းအသစ် ရှာတွေ့ထားတယ်နော်...

အဲ့နည်းလမ်းနဲ့ တောဝင်တဲ့သူက

ပြိုင်ဘက်ကင်းပြီ… ဒီည

စမ်းကြည့်ကြရအောင်….”

“ တော်ပြီ တော်ပြီ…… မင်း

တခြားလမ်းပြောင်းကစားတဲ့ အချိန်ကျမှ

ငါ့ကို အသိပေးလိုက်….”

လင်းရီ လက်ပြန်နှုတ်ဆက်ပြီးနောက်

ရုံးခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

ကားပါကင်သို့ ရောက်သောအခါ လင်းရီ

ဆံပင်ကို သပ်ရပ်စွာ ချည်ထားသည့်

အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရ၏။

သူမမှာ မီးခိုးရောင် ယူနီဖောင်းကို

ဝတ်ဆင်ထားပြီး

လင်းရီကားရှေ့တွင်ရပ်နေကာ

တစ်ယောက်ယောက်ထံ

ဖုန်းခေါ်ဆိုနေလေသည်။

“ လျှန်ရှူရှယ် မဟုတ်လား.... သူက

ဒီဘာလာလုပ်တာ....”

မကြာမီ လင်းရီဖုန်းမှာ တုန်ခါလာခဲ့၏။

လျှန်ရှူရှယ်မှ ဖုန်းဆက်လာခဲ့ခြင်းပင်။

လင်းရီ ဖုန်း မကိုင်လိုက်သလို ဖုန်းလည်း

မချလိုက်ပဲ အိတ်ကပ်ထဲ

ပြန်ထည့်ထားလိုက်၏။ ထို့နောက်

လျှန်ရှူရှယ်နောက်သို့ တိတ်တဆိတ်

ချဉ်းကပ်သွားကာ သူမမျက်လုံးများကို

အုပ်လိုက်လေသည်။

ရုတ်ချည်းဆိုသလို လျှန်ရှူရှယ်၏

ခန္ဓာကိုယ်မှာ လျှင်မြန်လာပြီး လင်းရီကို

တုန့်ပြန်ချိန်မပေးဘဲ လင်းရီနောက်ကျောသို့

ရောက်ရှိသွားခဲ့၏။ တစ်ချိန်တည်းတွင်

လင်းရီ၏ လည်းပင်းကို လက်မောင်းဖြင့်

ရစ်ပတ်ထားပြီး ဝမ်းဗိုက်ကိုလည်း

တစ်စုံတစ်ခုဖြင့် ထောက်ထား၏။

“ဖက်ခ်... သေစမ်း... “ လင်းရီ

ကြက်သေသေသွားတော့၏။

လင်းရိကို ထောက်ထားသည်မှာ

အခြားမဟုတ်။ လျှန်ရှုရွှယ်၏ သေနတ်ပင်။

“ နင်ဘာလို့ ဒီရောက်နေတာ....”

“ ငိုးပဲ.. မင်းရှူးနေတာလားကွ... သေနတ်ကို

မြန်မြန်ဖယ်စမ်း.... ငါ ခုထိ မိန်းမတောင်

မရသေးဘူး... အစောကြီး

မသေချင်သေးဘူး....”

လျှန်ရှူရှုယ် ဘေးပတ်ဝန်းကျင်ကို

တစ်ချက်ရှိုးလိုက်ပြီး ဘယ်သူမှ

ရှိမနေသည်ကို မြင်တော့

ပြန်လှွတ်ပေးလိုက်၏။

“ မင်းငါ့ကို လန့်သေအောင်

လုပ်နေတာပဲကွ… ဘာလို့ သေနတ်ကြီး

ဆောင်ထားတာ…”

အကယ်၍ လျှန်ရှူရှယ်ကိုယ်ပေါ်တွင်

ဓားဆောင်ထားသည်ဆိုပါက လက်ခံ၍

ရသေး၏။ သို့သော်လည်း မည်သည့်

သာမန်လူကမျှ

သေနတ်မဆောင်ထားကြချေ။

“ ဟွန့်…ဘယ်သူက နင့်ကို အသံမပေးဘဲ

လာခိုင်းလို့….” လျှန်ရှူရှယ်ပြောလိုက်ပြီး

“ သေနတ်က ငါ့ကိုယ်ငါ

ခုခံကာကွယ်ဖို့လေ...”

“ သူများသိသွားမှာ မကြောက်ဘူးလား...”

“ မကြောက်ပါဘူး... ယူလာရဲမှတော့

ကြောက်မယ်များထင်နေလား...”

ယခုမှသာ လင်းရီ လျှန်ရှုရှယ်

မည်မျှကြောက်မက်ဖွယ်ကောင်းကြောင်း

သတိပြုမိသွားတော့၏။

လျှန်ရှုရှယ် လှူပ်ရှားလိုက်သည့် အကွက်မှာ

ထပ်ခါတလဲလဲ လေ့ကျင့်ထားခြင်းကြောင့်

ခန္ဓာကိုယ်မှ သူ့အလိုလို

တုန့်ပြန်နေခြင်းဖြစ်၏။

' ဒီ ရာထူးကြီးပိုင်းမှာ မွေးဖွားလာတဲ့

ကလေးတွေက တကယ့်ကို သာမန်

မဟုတ်တာပဲ....'

"မင်းကကော ဘာလို့ ဒီရောက်နေတာ...

"လင်းရီ ခေါင်းစဉ် ပြောင်းလိုက်ပြီး "မင်းရဲ့

အဆင့်အတန်းနဲ့ဆိုရင် ဖူတန် ဒါမှမဟုတ်

ကျောက် တက္ကသိုလ်ကို သွားသင့်တာ

မဟုတ်ဘူးလား...."

"ငါက ဒီနယ်ကို ခုမှ ပြောင်းလာတဲ့ အရာရှိ

အသစ်လေ.... ဒါကြောင့်မို့

အလိုက်အလျောက် နေထိုင်နိုင်အောင်

ကျောင်းတိုင်းကို လိုက်လည်ရမှာပဲ....

ပင်းချန်တက္ကသိုလ်ကလည်း

ကြိုဆိုပွဲအခမ်းအနားအတွက် ငါ့ကို

ဖိတ်ကြားလာတော့ အနာဂတ်ကျရင် ဒိက

ဝန်ထမ်းတစ်ချို့နဲ့ ပတ်သက်မှုတစ်ချို့

ရှိရင်ရှိလာနိုင်တယ်... ဒါကြောင့်မို့

ကြိုတွေးပြီး

လာခဲ့လိုက်တာ.... "လျှန်ရှူရှယ်

ပြောလိုက်ပြီး "နောက်ပြီးတော့

ပင်းချန်တက္ကသိုလ်ရဲ့လုပ်ခလစာမြင့်တဲ့

ပရောဂျက်တွေကလည်း မဆိုးပါဘူး...

ငါလာပြီး စူးစမ်းကြည့်တာက

သဘာဝပဲလေ... "

သို့နှင့် လျှန်ရှုရှယ် လင်းရီကို ကြည့်လိုက်ပြီး

"ကိုယ်တော်ကကော ဒီဘာလာလုပ်တာ...

တက္ကသိုလ်ကျောင်းသူလေးတွေကို

ခြေတော်လာတင်တာလား...."

"ပေါက်တတ်ကရတွေ... "လင်းရီ

အထင်သေးစွာ ပြောဆိုလိုက်ပြီး "ငါက

ကျောင်းရဲ့အလှနတ်သမီးလေးကို

အတွင်းရေးမှူး

ခန့်ပြီးသား....ကျန်တဲ့သူတွေကို

ဂရုစိုက်စရာ မလိုတော့ဘူး.... "

"နင်က ဘယ်တော့မှ လက်ဗလာနဲ့

မပြန်တတ်ဘူးဆိုတာ သိသားပဲ...."

လျှန်ရှူရှယ် ပြောလိုက်လေသည်။

"အိုး ဒါနဲ့ မင်းခု အချိန်ရသေးလား... ငါမင်းနဲ့

ပြောစရာရှိလို့... "လင်းရီ ပြောလိုက်၏။

လျှန်ရှူရှုယ် ပခုံးတွန့်လိုက်ပြီး

"ဟင့်အင်း...ငါ့မှာ အချိန်အများကြီး

သိပ်မရှိဘူး... ခဏနေဆို

ပွဲကစတော့မှာဆိုတော့ မစခင် ငါဟိုကို

ကြိုရောက်နေမှ ဖြစ်မှာဟ.... "

"အဲ့တာဆိုလည်း နောက်နေ့မှ

ပြောကြတာပေါ့.... "

"အဲ့တော့ နင်က ဘာဖြစ်ချင်လဲ... ဟိတ်....

နင် ဒီညနေ ဘာမှလုပ်စရာ မရှိရင်

ငါနဲ့လိုက်ပြီး ပွဲလိုက်ကြည့်ပါလား...

ငါတစ်ယောက်တည်း သွားရမှာ ပျင်းလို့.... "

"တော်ပြီ... ငါ့မှာလည်း

တခြားလုပ်စရာလေးတွေ ရှိသေးတယ်.... "

"နင့်မှာ အနှိပ်ခံတာကလွဲပြီး

ဘာလုပ်စရာများ ရှိသေးလို့... “

အခန်း (၄၇၄)

အချင်းချင်း နှစ်သက်ကြည်နူးကြရအောင်

"ဟာ.... "

"ဘာတွေ လာပြောနေတာ... ငါ အဲ့ဘက်

မရောက်ဖြစ်တာတောင်

အတော်ကြာနေပြီ.... "

"နင့်မှာ ပြောစရာရှိတယ်ဆိုရင် ပွဲကြည့်ရင်း

ပြောကြမယ်လေ.... "

"ဟင်း... မင်းက ငါ့ရဲ့ကြင်နာတတ်တဲ့

နှလုံးသားကို အခွင့်ကောင်း

ယူနေတာပဲကွ.... "

"နင်လား......ဘယ်နေရာကြည့်ကြည့်

ကြင်နာတတ်တဲ့ သူနဲ့ကို

မတူတာ...."လျှန်ရှူရှယ် သူမ

ကားသော့များကို ထုတ်လိုက်ပြီး

"ကားပေါ်တက်... ငါတို့ သွားကြမယ်... "

"မင်းက ပိတ်ထားတဲ့ လမ်းမှာ

ကားရပ်ထားတယ်ပေါ့လေ...

ဘယ်လောက်တောင် မိမိုက်လိုက်လဲ...

"လင်းရီ အတွန့်တက်လိုက်၏။

" ငါက မိမိုက်သလိုလုပ်နေတာ

မဟုတ်ဘူး..."လျှန်ရှူရှယ်ပြောလိုက်ပြီး

"ဒါက စည်းမျဉ်းရဲ့

တစ်စိတ်တစ်ဒေသလေ... ငါက ဘော်ဒီဂတ်တွေ မပါဘဲနဲ့ အပြင်တွေ လျှောက်သွားလို့မရဘူး.... "

"ဆိုတော့ ဒီလိုကိုး...."လင်းရီ သဘောပေါက်သွားတော့သည်။

"ငါလည်း နင့်ကားကို မမြင်ရင် ဒီမှာ

ရပ်မှာတောင်မဟုတ်ဘူး...လာ..

ကားပေါ်တက်...."

နှစ်ယောက်သား ကားပေါ်သို့

တက်လိုက်ကြပြီး ပွဲကျင်းပသည့် နေရာသို့

မောင်းနှင်သွားခဲ့ကြ၏။

ပွဲကျင်းပသည့် နေရာမှာ တက္ကသိုလ်

အားကစားကွင်းဖြစ်ပြီး အလယ်တွင်

စတိတ်စင်တစ်ခုကို ဆောက်လုပ်ထား၏။

အဝင်ဝတွင်တော့ ကျောင်း၏ အထက်ပိုင်း

အရာရှိများမှာ အစီအရီ တန်းစီ၍

လျှန်ရှူရှယ် ရောက်အလာကို

စောင့်ဆိုင်းနေကြလေသည်။

"တီ... တီချယ်လင်း.. နင်က ဘာလို့

ဒီရောက်နေတာ.... "

လင်းရီ လျှန်ရှူရှယ်၏ ကားထဲမှ

ထွက်လာသည်ကို မြင်တော့ ကျောက်ချီနှင့်

ရှောင်ထျန်တို့

ကြက်သေသေသွားကြတော့၏။

လင်းရိုက တကယ်ကြီး လက်ထောက်

မြို့တော်ဝန်ရဲ့ကားထဲမှာ

ထိုင်နေတယ်တဲ့လား.... ဒီမြင်ကွင်းကြီးက

လုံးဝကို ထင်မထားလောက်အောင်ပဲ....

တစ်ချိန်တည်းတွင် လျန်ရူရွှယ်လည်း

ရှုပ်ထွေးနေလေသည်။

"နင်က ပင်းချန်တက္ကသိုလ်ရဲ့

ကျူတာလား...."

"အင်း...."လင်းရီ ခဏာရပ်တန့်၍

"ဖြစ်ခဲ့တယ်ဆိုပါတော့.... ဒါပေမယ့် ခုတော့

မဟုတ်တော့ပါဘူး... ကျောင်းကော်မတီမှာ

အလုပ်လုပ်ဖူးတာလေ.... "

လျှန်ရှူရှယ် လင်းရီကို

နားမလည်နိုင်တော့ချေ။

တိုင်ကွန်း တစ်ယောက် ဖြစ်ရသည်ထက်

ဒုက္ခရှာပြီး ဆရာဝန်လုပ်ကာ ယခု

ကျောင်းဆရာပင် လုပ်နေချေပြီ။

ဒီကောင်က ဘဝမှာ မလုပ်ဖူးတာ မရှိအောင်

လုပ်ဖို့ စီစဉ်နေတာများလား....

သို့သော်လည်း လင်းရီ၏

အထောက်အထားမှာလက်ခံ နိုင်ဖွယ်

ရှိသေး၏။ မည်သို့ပင်ဆိုစေ

ကျောင်းကော်မတီ အဖွဲ့ဝင်ဖြစ်ရန်မှာ

အထွေအထူး ကျွမ်းကျင်ရမည့်

အရည်အချင်းတို့ မလိုအပ်ပဲ

ဘွဲ့ရတစ်ယောက် ဖြစ်နေသရွေ့

လုပ်နိုင်သည့် အလုပ်မျိုး ဖြစ်၏။

"မြို့တော်ဝန်လျှန်ကို ကျုပ်

မိတ်ဆက်ပေးရဦးမယ်... တီချယ်လင်းက

ကျောင်းကော်မတီ အဖွဲ့ဝင်တင်

မကသေးဘူးနော်...

ဒုဉက္ကဌတစ်ယောက်လည်း

ဖြစ်နေသေးတယ်.... "

"ဟင်.... သူက ဒုဉက္ကဋ္ဌလည်း

ဖြစ်သေးတာလား...."

ဤတစ်ကြိမ်တွင်တော့ လျှန်ရှူရှယ်

ဆက်လက် တည်ငြိမ်စွာ မနေနိုင်တော့ပေ။

ဒုဉက္ကဋ္ဌ ရာထူးဆိုသည်မှာ သာမန်လူတို့

မရရှိနိုင်သည့် အလုပ်မျိုး ဖြစ်လေသည်။

'နေပါဦး.. သူ့လိုကောင်က ဒုဥက္ကဋ္ဌ

ဖြစ်လာတယ်ဆိုတော့ တက္ကသိုလ်က

မိန်းကလေးတွေအကုန် ဒီကောင့်လက်က

လွတ်ပါ့ဦးမလား... '

"ငါ ဘယ်သူလဲ ဆိုတာ

မင်းမေ့သွားတာလား... "လင်းရဲ လျှန်ရှူရှယ်

နားအနားကပ်၍ တီးတိုး ပြောလိုက်ပြီး

"ငါက ပစ္စည်းဥစ္စာတွေ လှူဒါန်းပြီးတော့

ဒုဥက္ကဌ ဖြစ်လာတာလေ.... "

လျှန်ရှူရှယ် ခေါင်းညိမ့်လိုက်၏။ သူမ

လင်းရီကို လုံးဝ နားမလည်နိုင်တော့ဟု

ခံစားနေရတော့၏။

ရိုးရှင်းသည့် အလာပသလ္လာပများ

ပြောဆိုပြီးနောက် လင်းရီနှင့်

လျှန်ရှုရှယ်တို့ကို ခန်းမထဲသို့

ဖိတ်ခေါ်လိုက်လေသည်။

လင်းရီ ဝင်လျှင် ဝင်ချင်း သူ၏

အသည်းကျော် တပည့်မလေးများမှ သူ၏

နာမည်ကို k pop ဖန်ဂဲလေးများ အတိုင်း

တကြော်ကြော် လှမ်းအော်ကြတော့သည်။

" တီချယ်လင်း ... အိုပါး....

အရမ်းချစ်တယ်.... "

"တီချယ်လင်း ... အရမ်းချစ်တယ်... "

"တီချယ်လင်း ... အရမ်းချစ်တယ်... "

"တီချယ်လင်း ... အရမ်းချစ်တယ်... "

အော်ဟစ်နေကြသည့်

ကျောင်းသူများအားလုံးမှာ စတုတ္ထနှစ်များ

ဖြစ်ကြပြီး သူတို့အားလုံး လင်းရှိ၏

တန်ခိုးသြဇာ ကြီးထွားမှုကို မျက်မြင်ဒိဋ္ဌ

ကြုံတွေ့ခဲ့ကြသူများ ဖြစ်လေသည်။

"ငါနင့်ကို လက်ဗလာနဲ့ မပြန်တတ်တဲ့

သူခိုးလို့ ပြောမိတာတောင်

မှားပြီထင်တယ်.... နင့်အဆင့်က

အဲ့လောက်နဲ့ မလုံလောက်တော့ဘူး..... "

လျှန်ရှုရွယ် ပြောလိုက်ပြီး "နင်က လမ်းမှာ

တွေ့သမျှ ကောင်မလေးတွေကို

သိမ်းပိုက်ပစ်တာပဲ.. ဘယ်သူမှ နင့်ရဲ့

လက်အောက်ကနေ

မလွတ်မြောက်နိုင်ဘူး... "

"သောက်ရေးမပါတာတွေ..."လင်းရီ

ပြောပြီးနောက် လျှန်ရှုရွယ် နားအနားကပ်၍

"ဟိုးနားက ကောင်လေးတွေကိုလည်း ကြည့်လိုက်... သူတို့လည်း မင်းကို ကြည့်နေကြတယ် တွေ့လား...."

"နင်နဲ့ ငါနဲ့က မတူဘူးလေ.... "

"ဘယ်လို မတူတာ... သူတို့အားလုံးက လှလို့ ကြည့်နေကြတာပဲ မဟုတ်ဘူးလား....
"

"သူတို့က ငါ့ကို လှလို့ ကြည့်တယ်

ဆိုရင်တောင်မှ ဒီတိုင်း ကြည့်လို့ပဲ ရမှာ...

ဒါပေမယ့် နင်ကတော့ မတူဘူး...

"လျှန်ရှုရှယ် ပြောလိုက်ပြီး "ဒီ

ကလေးမလေးတွေသာ နင့်ရဲ့ဆွဲဆောင်မှုကို

ခံစားကြည့်လို့ကတော့ နင်က

ကျောင်တစ်နေရာမှာ ပြန်ပြီး အပြည့်အဝ

ပြန်ခံစားကြည့်မှာလေ.... "

" မင်းပြောမှပဲ ငါ အချိန်တွေ အလဟဿ ဖြုန်းတီးနေသလို တောင် ခံစားနေရတယ်.... "

"ဘယ်လိုမျိုးလဲ..."လျှန်ရှူရှယ် သူမ ခေါင်းကို စောင်းငဲ့ပြီး လင်းရီကို ကြည့်လိုက်သည်။

"ငါတို့ ဒီရဲ့ နို့နံ့မစင်သေးတဲ့

ကျောင်းသားလေးတွေကို ဘေးချိတ်ထားပြီး

ငါတို့နှစ်ယောက်ပဲ အချင်းချင်း

အလှတရားကို

ခံစားကြည့်ကြမယ်ဆိုရင်ကော.... "

"နင် ကျည်ကာ အင်္ကျီဝတ်ထားလား..."

"ဟင့်အင်း...."

"ဟီးဟီး... အဲ့တာဆို ဒီနေ့က နင်သေဖို့

အချိန်ကောင်းပဲ...."

"ဟမ်.... "

ကျောက်ချီ၏ လမ်းညွှန်မှုအောက်တွင်

နှစ်ယောက်သား ပွဲကြည့်ထိုင်ခုံ အသီးသီး၌

ထိုင်လိုက်ကြ၏။ မကြာခင် ကြိုဆွဲပွဲ

အခမ်းအနား စတင် ဖွင့်လှစ်လေသည်။

သို့သော်လည်း ထိုသို့ မဖွင့်လှစ်မီ

ကျောင်းအုပ်ကျောက်နှင့် လျှန်ရှုရွှယ်မှ

စင်ပေါ်တက်၍ ဘာညာကွိကွများ

ပြောကြားသေး၏။ ထိုအရာများ

ပြီးဆုံးမှသာ အခမ်းအနား တရားဝင်

စတင်လေသည်။

"နှင်ငါ့ကို ပြောစရာ ရှိတယ်လို့

ပြောတယ်မလား....ခုပြောတော့လေ...

"လျှန်ရှူရှယ် ပြောလိုက်၏။

"မလောစမ်းပါနဲ့... ငါတို့ နည်းနည်း ပါးပါး

မျက်နှာသာပေးပြီးတော့မှ ကလေးတွေ

ဖျော်ဖြေတင်ဆက်တာကို

ကြည့်ပေးရမယ်မဟုတ်လား...

တော်နေကြော ငါတို့ကို

မာနတခွဲသားကြီးတွေနဲ့လို့

ပြောနေကြလိမ့်မယ်.... "

လျှန်ရှုရွှယ် သူမခေါင်းကို မော့လိုက်ပြီး

စတိတ်စင်ပေါ်တွင် ကခုန်နေသည့်

ကော်မလေးများကို ကြည့်လိုက်၏။

သူမတို့အားလုံး အတိုအပြတ်များ

ဝတ်ဆင်ထားကြပြီး သွယ်လျသည့်

ပေါင်တံများအား

လှစ်ဟထားကြလေသည်။

လျှန်ရှူရှုယ် မျက်လုံးအသာလှန်လိုက်၏။

သူမ လင်းရီ၏ ရည်ရွယ်ချက်ကို

နားလည်လေသည်။

မိနစ်အနည်းငယ် ကြာပြီးနောက် လင်းရီ

စကားစလာခဲ့သည်။ "အိုကေ ငါခု

ဟန်ဆောင်ပြီးသွားပြီ... အလုပ်ကိစ္စ

ပြောကြတာပေါ့.... "

လျှန်ရှုရှယ် သူမ ခေါင်းကို

ပြန်မော့ကြည့်လိုက်သောအခါ စင်ပေါ်တွင်

ယောက်ျားလေးတစ်ချို့တင်ဆက်သည့်

သိုင်းအလှပြကွက်များ ဖြစ်နေလေသည်။

"ငါ့အထင်တော့ ဒီရဲ့

သိုင်းအလှပြကွက်တွေလည်း အတော်လေး

မဆိုးဘူးလို့ ထင်တာပဲ... "လျှန်ရှူရွှယ်

ပြောလိုက်ပြီး "အထူးသဖြင့်တော့

ရှေ့ဆုံးတန်းက ကောင်လေးပေါ့...

အတော်လေး ကြည့်လို့ကောင်းတယ်.... "

လင်းရို တစ်ဖက်သို့ လှည့်ပြီး ကျောက်ချီကို ကြည့်ကာ "ရှေ့တန်းကကောင်ကို ပွဲပြီးရင် အပြစ်ကြီးကြီးပေးလိုက်.... "

ကျောက်ချီ "..... "

လျန်ရှူရွှယ် "...... "

"ဒါကြီးက ပုရိသဝါဒီ ဆန်လွန်းသွားပြီ.... "

သူ့ကိုယ်သူ တီးတိုးရေရွတ်ရင်း လျှန်ရှူရှယ်

လင်းရီကို ကြည့်ကာ "ပြောလေ...

နင်ဘာပြောချင်နေတာ....."

လင်းရီ လျှန်ရှူရှယ် အနားသို့ တိုးသွားပြီး

နားကို လက်ဝါးဖြင့် အုပ်ကာ

လေသံတိုးတိုးလေးဖြင့် "ရန်ချိန်မှာ မင်းရဲ့

အဆက်အသွယ်လေး ဘာလေး

မရှိဘူးလား.... "

"ဘာလဲဖြစ်လို့... နင့်ရဲ့မိဘမဲ့ဂေဟာကို ငါ
ဥပဒေ အကူအညီတစ်ချို့ပေးရမှာလား...."

"အဲ့သဘော မဟုတ်ဘူး.... ငါ့အမေကို
ငါ့ဘာငါ ဂရုစိုက်နိုင်တယ်... "လင်းရီ
လက်ဝှေ့ယမ်းလိုက်ပြီး "ရန်ချိန်အောက်က
ဆင်းရဲတဲ့ မြို့လေး... ပေချောင်ဆိုတဲ့ မြို့မှာ
ငါ မူလတန်းနဲ့ ဂျူနီယာ အထက်တန်းထိ

တက်လို့ရတဲ့ ကျောင်းတစ်ကျောင်း

ဆောက်မလို့... ဒါပေမယ့် အဲ့ဘက်က

လမ်းအခြေအနေတွေက တော်တော်ကြီးကို

ဆိုးရွားနေတာ... ဒါကြောင့်မို့ ငါ

လမ်းပြန်ပြင်ဖို့ စိတ်ကူးထားတယ်... မင်း

သင့်တော်မယ့် လူတစ်ချို့နဲ့

ချိတ်ဆက်ပေးပြီးတော့

ရန်ပုံငွေတစ်ချို့လောက်

ထောက်ပံ့ပေးပါလားလို့.... "

"နင်က ကျောင်းဆောက်ချင်နေတယ်.... "

လျှန်ရှူရှယ်၏ မျက်လုံးလှလှလေးများ

ပြူးကျယ်သွားခဲ့ပြီး လင်းရှီ ထိုသို့

ပြုလုပ်လိမ့်မည်လို့ လုံးဝ

ထင်မှတ်မထားသောကြောင့်

ရှော့ခ်ရသွားခဲ့သည့် ပုံပင်။

"ပိုက်ဆံတွေချည်း လိုက်လှူဒါန်းနေတာက

အကောင်းဆုံး ဖြေရှင်းတဲ့ နည်းလမ်း

မဟုတ်ဘူးလေ... ပြီးတော့ ပြဿနာရဲ့

အရင်းအမြစ်ကိုလည်း ဖြေရှင်းနိုင်မှာ

မဟုတ်ဘူး... "လင်းရီ ပြောလိုက်ပြီး

"အသိဉာဏ်ပညာက လူတစ်ယောက်ရဲ့

ကံကြမ္မာကို ပြောင်းလဲစေတယ်... ငါ

ကလေးတွေကို ပိုပြီး

အသိဉာဏ်ကြွယ်ဝအောင် လုပ်ပေးမှ

လူမှုအဖွဲ့အစည်းတွေနဲ့ နှီးနှောတဲ့

အခါကျရင် မခက်ခဲမှာ... "

"ဟူး..... "

လျှန်ရှူရှယ် အသက်ပြင်းပြင်း

ရှူထုတ်လိုက်ပြီး လင်းရီတွင် မွန်မြတ်သည့်

စိတ်ထားရှိလိမ့်မည်လို့ညသူမ

ထင်မထားခဲ့ချေ။

"ငါက ကျိုးဟိုင်ကို ရာထူးပြောင်းခံခဲ့ရတာ...

ရန်ကျင်းမှာ အလုပ်လုပ်ခဲ့ဖူးတယ်

ဆိုပေမယ့် ရန်ချိန်က လူတွေနဲ့တော့

မရင်းနှီးဘူး... "လျှန်ရှူရှယ် ပြောလိုက်ပြီး

"ဒါပေမယ့် ငါ သူတို့ကို ဆက်သွယ်ကြည့်ပါ့မယ်လေ... မကြာခင် နင် သတင်းတစ်ခုခုတော့ သိရမှာပါ... "

"ကျေးဇူးပဲ...."

လျှန်ရှုရွယ် လင်းရီကို ကြည့်လိုက်ပြီး "နင် ဒီလိုမျိုး ပရဟိတ အလုပ်တွေ ဆက်လုပ်နေဦးမှာလား.... "

လင်းရီ စက္ကန့် အနည်းငယ်ကြာအောင်

တွေးတောပြီးနောက် "ပိုက်ဆံအိတ်ထဲ

ပိုက်ဆံ ဘယ်လောက် ရှိလဲ

အရင်ကြည့်တာပေါ့... ငါ ရန်ပုံငွေ

မရရင်တော့ မလုပ်ဘူး...."

"နင် အခု လုပ်နေတာတွေက နင့်ရဲ့

အခြေအနေ အရပ်ရပ်ကို

မပြောင်းလဲပေးနိုင်ဘူးဆိုတာ နင်လည်း

နားလည်တယ်နော်.. ပြီးတော့ နင့်ရဲ့

လုပ်ငန်းတွေကလည်း ခုမှ တရိပ်ရိပ်နဲ့

တက်နေတုန်း ရှိသေးတယ်... ခု အချိန်က

နင် အဲ့ဒီ ပရဟိတ အလုပ်တွေကို

အာရုံစိုက်နေရမယ့်

အချိန်မဟုတ်သေးဘူး...."

လျှန်ရူရှယ် သူမ၏ ရာထူးကို

မျက်ကွယ်ပြုထားပြီး မိတ်ဆွေ

တစ်ယောက်အနေဖြင့်

သတိပေးလိုက်ခြင်းဖြစ်၏။

လင်းရီ လျှန်ရူရှယ်ကို ပြုံးပြလိုက်ပြီး

"သစ်ပင်တွေစိုက်ဖို့ အကောင်းဆုံးအချိန်က

ဘယ်တုန်းကလဲ သိလား..."

လျှန်ရှုရှယ် ရိုးသားစွာဖြင့် သူမခေါင်းကို

ခါရမ်းလိုက်၏။

"လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းကပဲ... "လင်းရီ

ပြောလိုက်ပြီး "နောက်ထပ်

သစ်ပင်တွေစိုက်ဖို့ အကောင်းဆုံး

အချိန်ကကော ဘယ်အချိန်လဲ သိလား..."

လျှန်ရှုရှယ် သူမ ခေါင်းကို

ခါရမ်းလိုက်ပြန်သည်။

"အခုပဲ..."

"တစ်ချို့ကိစ္စရပ်တွေမှာ ပြီးပြည့်စုံတဲ့

အခြေအနေကို ရောက်တဲ့အထိ

စောင့်ဆိုင်းနေလို့ မရဘူး... ခု ချက်ချင်း

စတင်တာက အကောင်းဆုံးပဲ...

ဒါကြောင့်မို့ မင်းဘက်က စတင်ဖို့ပဲ

လိုတယ်.... ဘယ်အချိန်လဲ ဆိုတာက

အရေးမကြီးဘူး........ “

**အခန်း (၄၇၅)**

**လောင်းကြေး**

"နင် ပြောချင်တာကို ငါနားလည်တယ်...

"လျှန်ရှုရှယ် ပြောလိုက်ပြီး " ဒါပေမယ့်

နင့်လိုမျိုး လူငယ်လေးတစ်ယောက်က ဒီလို

အတွေးမျိုးတွေ ရှိနေတယ် ဆိုတာ

ငါတကယ်ကို မယုံနိုင်ဘူးသိလား... "

"ငါက ကောင်းမွန်တဲ့ မိသားစုမှာ

ပေါက်ဖွားလာတယ်... ငါ့သူငယ်ချင်းတွေ

အကုန်လုံးကလည်း ဖာချမယ်...

ကလပ်သွားမယ်... ကားပြိုင်မယ်..

ဒါတွေလောက်ပဲ ဦးနှောက်ထဲရှိကြတာ...

နင်ကတော့ မတူဘူး... "

"မင်းလုပ်မှပဲ ငါက ပုံမှန် မဟုတ်တဲ့

ပုံစံတောင် ပေါက်နေပြီ... "လင်းရီ

ပြောလိုက်ပြီး "ငါ့မှာလည်း ပြိုင်ကားတွေ

ရှိတာပဲလေ.. ပြီးတော့

နိုက်ကလပ်တွေလည်း တက်တယ်... ဒီတိုင်း

နိုက်ကလပ်က မော်ဒယ်လေးတွေကို

သဘောမကျရုံလေးပဲ....သူတို့ဆီကနေ ငါ

ဘယ်လိုမှ ကြိုက်နှစ်သက်မှုကို ခံစားလို့

မရလို့ကွာ.... ."

"အဲ့တာဆို နင်က ဘယ်လိုလူမျိုးတွေကို

ကြိုက်တာ... "

လင်းရီ လျှန်ရှုရွှယ်ကို

တောက်လောင်နေသော မျက်ဝန်းတို့ဖြင့်

ကြည့်လိုက်၏။ သူမမှာလည်း လင်းရီ၏

အထာကို သဘောပေါက်ကာ တစ်ဖက်သို့

လှည့်လိုက်ရင်း မျက်နှာပေါ် ရှိ

ရှက်ရွံ့နေမှုများကို

ဖုံးကွယ်ထားလိုက်သည်။

"ငါ့ကို လာမကြည့်နဲ့.. သူများ

တင်ဆက်နေတာကို ကြည့်... "

လင်းရဲ့ စင်ပေါ်သို့ ကြည့်ရှုလိုက်သောအခါ

ရှောင်ထျန် အလှည့် ဖြစ်နေကြောင်း

မြင်တွေ့လိုက်ရ၏။

"မင်း သတိပေးလိုက်တာ အတော်ပဲ...

ငါလည်း သူ့အလှည့်ကို မျှော်နေတာ... "

"သူမလား… "

လျှန်ရှုရှယ် ပီယာနို ရှေ့တွင် ထိုင်နေသည့်

ရှောင်ထျန်ကို

သေချာစူးစမ်းကြည့်လိုက်သောအခါ မနေနို

င်ပဲ နှုတ်မှ ရေရွတ်မိသွား၏။

"ဘုရား ဘုရား .... ဘာတွေများ စားလို့

အဲ့လောက်တောင် ကြီးနေတာပါလိမ့်.... "

ရှောင်ထျန် ပီယာနို တီးခတ်တော့မည်ကို

မြင်တော့ လင်းရီ အနည်းငယ်

အံ့အားသင့်သွားခဲ့သည်။ သူ

အထင်သေးတာ မဟုတ်သော်လည်း သူမ၏

ညာဏ်ရည်ဖြင့် ပီယာနို တီးတတ်လိမ့်မည်ဟု

ထင်မှတ်မထားမိရုံပင်။

လင်းရိကို ပို၍ အံ့ဩသွားစေသည်ကတော့

ရှောင်ထျန်၏ ပီယာနိုစကေးများက

အတော်လေး ကောင်းမွန်နေလေသည်။

သူမ ယခု တီးနေသည့် တေးသွားမှာ

အနည်းငယ် ခက်ခဲသော်လည်း ရှောင်ထျန်

ချောချောမွေ့မွေ့ဖြင့် တီးခတ်သွားခဲ့၏။

'အမယ်.. ဒီဂိမ်းသရဲလေးက

ဒီလိုကျတော့လည်း ဘယ်ဆိုးလို့...'

"တီချယ်လင်း... သမီးတို့ကို

သီချင်းတစ်ပုဒ်လောက် ဆိုပြ.... "

ရှောင်ထျန် ပီယာနို သံစဉ်ကို

အဆုံးသတ်လိုက်ပြီး စင်အောက်ရှိ

ချီးမြှောက်သံများကို ကြားတော့ အသံထွက်

ကျိန်ဆဲလုနီးပါး ဖြစ်သွားခဲ့၏။

'သပပဲ... အားကြိုးမာန်တတ်နဲ့

တီးခတ်နေတဲ့ သူက ငါလေ... မဆီမဆိုင်

သူတို့ တီချယ်လင်းကို ဘာလို့

တနေကြတာလဲ.... '

"တီချယ်လင်း... စင်ပေါ်တက်ပေးပါ...

တီချယ် သီချင်းဆိုတဲ့ အသံလေးကို အရမ်း

နားထောင်ချင်နေလို့... "

"ဟုတ်တယ် ဟုတ်တယ်... တီချယ်

ပီယာနိုတီးတာလည်း

နားထောင်ချင်သေးတယ်.... "

"သီချင်း တစ်ပုဒ်လောက်ပါဗျို့...."

အမျိုးသမီး ကျောင်းသူလေးများ ရှုးသွပ်စွာ

အော်ဟာစ်နေသည်ကို မြင်တော့ လျှန်ရှုရှယ်

လင်းရီကို ပြုံးလျှက်ကြည့်လိုက်၏။

"ရှင့်ရဲ့ အသည်းကျော်လေးတွေက

တောင်းဆိုနေတယ်ဆိုတော့

မငြင်းဆန်သင့်ဘူးမလား…

သီချင်းတစ်ပုဒ်လောက် ဆိုလိုက်လေ…

"လျှန်ရှူရှယ် ပြောလိုက်ပြီး "တကယ်လို့ နင်

ဖျော်ဖြေတာက ငါ့ကို ကျေနပ်စေမယ်ဆိုရင်

ရန်ပုံငွေရအောင် ကူညီပေးမယ်.... "

"ငါ့အထင်တော့ မင်းငါ့ကို

အရှက်ရစေချင်နေသလိုပဲ... "

"နင်ပြောတာနော်... ငါ ဘာမှ

မပြောရသေးဘူး... "လျှန်ရှူရှယ် လင်းရီ၏

အားနည်းချက်ကို ရှာတွေ့သွားပြီး

လှောင်ပြောင်ထေ့ငေါ့သည့် လေသံဖြင့်

"နင်က ရန်ပုံငွေလည်း လိုချင်သေးတယ်..

ဒါပေမယ့် တစ်ခုခု ပြန်မပေးဘူးဆိုရင်တော့

မဟုတ်သေးဘူးလေ.. လောကကြီးမှာ

အလကားစားရတဲ့ နေ့လည်စာဆိုတာ

မရှိဘူး... "

"ငါက ငွေရှားနေတဲ့ ကောင်နဲ့

တူနေလို့လား... တကယ်လို့

မရနိုင်ဘူးဆိုရင်လည်း မယူဘူးပေါ့...

"လင်းရီ ပြောလိုက်ပြီး "ဒါပေမယ့် ငါတို့

အပြန်အလှန်

အလှအပခံစားကြည့်နိုင်မယ်ဆိုရင်တော့

ငါစင်ပေါ်တက်ပြီး မျက်နှာပြရဖို့

ဝန်မလေးဘူး... ဘယ်လိုလဲ..

သဘောတူရဲ့လား.... "

"နင် ပေါက်တတ်ကရတွေ လျှောက်လုပ်လို့

မရဘူးနော်... ငါစိတ်ကျေနပ်အောင်

လုပ်ပေးနိုင်မှ ရမှာ.... "

"ဒါပေမယ့် မင်းက ညစ်ပတ်ပြီးတော့

စိတ်မကျေနပ်ဘူးလို့ ပြောရင်

ဘယ်လိုလုပ်မှာ... "

"အောက်က ပရိသတ် စိတ်ကျေနပ်သာနဲ့

အဆင်ပြေပြီ... "လျှန်ရှုရှယ် အပြုံးလေးဖြင့်

ပြောလိုက်၏။

" မင်း ဒီမှာ စောင့်နေ... "

လင်းရီ မတ်တပ်ရပ်လိုက်ပြီး အောက်ရှိ ကျောင်းသူလေးများကို ပြောလိုက်၏။

"အော်မနေကြနဲ့တော့..."

လူတိုင်း၏ အကြည့်အောက်တွင် လင်းရီ စင်ပေါ် တက်သွားခဲ့၏။

ထိုအချိန်တွင် ပွဲကြေညာသူမှာ လင်းရှိ

ဘေးသို့ ရောက်ရှိလာလေသည်။

"တီချယ်လင်း... ဘွဲ့ယူတော့မယ့်

ဂျူနီယာလေးတွေကို ဘယ်လိုတွေများ

ဖျော်ဖြေတင်ဆက်ပေးချင်ပါသလဲဗျ... "

"ကျုပ် သီချင်းဆိုမယ်... "လင်းရှိ

သာမန်ကာလျှံကာ ပြောလိုက်၏။

ၚင်းအဖြေမှာ ပွဲကြေညာသူ၏ ခန့်မှန်းမှု

အတိုင်းအတာထဲတွင် တည်ရှိလေသည်။

အဘယ်ကြောင့်ဆိုသော် သီချင်းဆိုသည်မှာ

ရိုးရှင်းသည့် ပါရမီတစ်ခုသာဖြစ်ပြီး လူတိုင်း

သီချင်း ဘယ်လို ဆိုရမလဲ ဆိုတာ

နားလည်ပေသည်။ နားဝင်ချိုသည်နှင့်

နားဝင်ဆိုးသည်။ ထိုနှစ်ခုကသာ

ကွာခြားသွားခဲ့၏။

စင်အောက်တွင်တော့ လျှန်ရူရွှယ်

တိတ်တိတ်ကလေး သူမဖုန်းကို ထုတ်၍

လင်းရှိ၏ တင်ဆက်မှုကို

မှတ်တမ်းရိုက်ကူးထားရန်

စီစဉ်လိုက်သည်။

အနာဂတ်တွင် ထိုအကောင် သူမကို

ကလန်ကဆန် ပြုဝံ့ပါက ယခု ဗွီဒီယိုကို

ထုတ်ပြ၍ မျက်နှာ ဖြတ်ရိုက်လိုက်ပေမည်။

ထိုအကြောင်း တွေးတောရင်း လျှန်ရှူရှယ်၏

နှုတ်ခမ်းထောင့်စွန်းများ တွန့်ကွေးသွားကာ

ကောက်ကျစ်သည့် အပြုံးတစ်ခု

ပေါ်ပေါက်လာခဲ့၏။

အပြန်အလှန်

ကြည့်နူးခံစားချင်နေတယ်ပေါ့လေ....

အိပ်မက်မက်နေလိုက်...

"တီချယ်လင်းက ဘယ်သီချင်းကို

သီဆိုချင်တာ... စင်နောက်က

ကျောင်းသားတွေကို

ပြင်ခိုင်းလိုက်မယ်လေ..."

ယခုလို ပြုလုပ်သည်က ပွဲကျင်းပသည်ကို

အလုပ်ရှုပ်စေသော်လည်း ထိုအရာက

ဘာအရေးနည်း။

ယခု ရှိုးပွဲမှာလဲ ကျောင်းသားများကို

ဖျော်ဖြေပေးရန်သာ။ ကျောင်းသား/သူများ

ပျော်ရွှင်နေသရွေ့ ဘာကိစ္စမှ မရှိချေ။

"မလိုဘူး... ပီယာနို ဒီမှာ ရှိနေတော့ ဒါပဲ သုံးလိုက်တော့မယ်... "

"ပီယာနို... "

လင်းရဲ့ ပီယာနို တီးမည့် အသံကို ကြားတော့ ရှိုးပွဲကြည့်နေကြသည့် သူတိုင်း အံ့အားသင့်သွားခဲ့ကြသည်။

ဖြစ်နိုင်တာက တီချယ်လင်း ပီယာနို

တီးတတ်နေတာလား...

"တီချယ်လင်း ဆိုမယ့် သီချင်း

ခေါင်းစဉ်လေး တစ်ချက်လောက်

ပြောပေးပါဦး.... "ပွဲကြေညာသူမှာ လည်း

အံ့အားသင့်နေလေသည်။

ဒီရဲ့ တီချယ်လင်းက ခန့်ညား

ချောမောရုံတင် မကသေးဘူး... ပီယာနိုပါ

တီးတတ်နေတာလား...

"မင်းကို ချစ်နေတယ်... "

ထိုသို့ ပြောပြီးနောက် လင်းရီ ထိုင်ခုံပေါ်တွင်

ထိုင်ကာ ပီယာနိုကို အသံမှန်မမှန်

စစ်ဆေး၏။ ပြဿနာ မရှိကြောင်း

သေချာသွားတော့မှ

စတင်တီးခတ်လေသည်။

လင်းရီ တုံ့ဆိုင်းခြင်းမရှိ အဖြူနှင့် အမည်း

ခလုတ်များကို လက်နှစ်ဖက်ဖြင့်

နှိပ်လိုက်ပြီး လှပသည့် တေးသွားတစ်ပုဒ်မှာ

သူ၏ လက်ချောင်းများအောက်တွင်

ထွက်ပေါ်လာလေသည်။

"မင်းက အရမ်းလှတော့ ချစ်မိဖို့ အရမ်းကို

လွယ်ကူတယ်... "

"မင်းနဲ့အတူ နှစ်ကိုယ်တူ ကမ္ဘာလေး

တည်ဆောက်ချင်တာကလည်း

ကိုယ့်ရဲ့အိပ်မက်လေးပဲ... "

"ပြီးတော့ တစ်ချိန်လုံး

မင်းအနားရှိချင်တာကလည်း ကိုယ့်ရဲ့

ဆန္ဒလေးပါ... "

"မင်းကို ချစ်နေတာက လက်တွေ့

မဖြစ်နိုင်တဲ့ အိပ်မက်ဆိုရင်တောင်မှ

ကိုယ်ဖြစ်ချင်တာကတော့ မင်းကို

ဆက်ချစ်နေချင်တာပါပဲ.... "

"ပြီးတော့ အမြဲတမ်းလည်း

ဆက်ချစ်နေဦးမယ်.... "

"ဘယ်သူကမှ မင်းငါ့ဘဝထဲကို

ယူဆောင်လာခဲ့ပေးတဲ့ ပျော်ရွှင်မှုတွေကို

နားလည်နိုင်မှာ မဟုတ်သလို

ဘယ်သူကမှလည်း မင်းငါ့ကို

ပျော်ရွှင်စေသလို ပျော်ရွှင်အောင်

လုပ်ပေးနိုင်မှာလည်း မဟုတ်ဘူး...."

လင်းရီ၏ အသံမှာ သံစဉ်နှင့်
လိုက်ဖက်ညီစွာ ကခုန်နေပြီး စင်အောက်ရှိ
ကျောင်းသားများကို ပါးစပ်အဟောင်းသား
ဖြစ်သွားစေသည်။

ဒါ သီချင်းဆိုတာ ဘယ်လိုလုပ်
ဖြစ်နိုင်မှာလဲ... ဒါ... ဒါ.....

နောက်ဆုံး တီးလုံးကို တီးခတ်ပြီးသွားသည့်

အချိန်တွင်တော့ လင်းရီ သူ၏ လက်များကို

ရပ်တန့်လိုက်လေသည်။ တစ်ချိန်တည်းတွင်

ကမ္ဘာကြီးလည်း ဆိတ်သုဉ်းပြီး အချိန်များ

ရပ်တန့်သွားသကဲ့သို့ ခံစားလိုက်ရ၏။

လင်းရီ  သီချင်းကို ထိုမျှ လှပစွာ

ဆိုနိုင်လိမ့်မည်ဟု

ထင်မှတ်မထားသောကြောင့်

လျှန်ရှုရှယ်လည်း အလွန်အမင်း

ရှော့ခ်ရနေလေသည်။

လင်းရီ မတ်တပ်ရပ်ပြီး အောက်ရှိလူများကို

ကြည့်လိုက်၏။

"ဘာတွေ စောင့်နေတာ

လက်ခုပ်တီးကြလေ..."

"ဟုတ်တယ် ဟုတ်တယ် ... လက်ခုပ်တွေ

တီးကြ... "

ခန်းမထဲတွင် လက်ခုပ်တီးသံများ

မိုးခြိမ်းသံကဲ့သို့ဆူညံသွားခဲ့သည်။

ထိုအခါမှသာ လူတိုင်း လင်းရှီမှာ ရုပ်ချောရုံ

သပ်သပ်မျှ မဟုတ်ပဲ အခြားထူးချွန်

ကျွမ်းကျင်သည့် အရာများလည်း

ရှိသေးကြောင်း နားလည်သွားကြတော့၏။

သူကဲ့သို့သော ယောက်ျားမျိုးနှင့်

နှိုင်းယှဉ်လျှင် အခြား ယောက်ျားတို့မှာ

နှိုင်းယှဉ်ရန်ပင် မထိုက်တန်တော့ချေ။

သူတို့က တိရစ္ဆာန် အထီး သာသာတွေ

ဖြစ်ကုန်ပြီ။

"တီချယ်လင်း ဆိုတာ အရမ်း နားထောင်လို့

ကောင်းတယ်..

နောက်တစ်ပုဒ်လောက်ရှင့်.... "

"ငါ မရတော့ဘူး... ငါ အသံနားထောင်ရင်းနဲ့

ကိုယ်ဝန်ရှိချင်လာသလိုပဲ...."

"နောက်တစ်ပုဒ်လောက်...."

"တီချယ်လင်း .. ချစ်တယ်

အရမ်းချစ်တယ်.. ကလေးတွေလည်း

မွေးပေးချင်တယ်.... "

"ဒီလိုမှပေါ့.."

လင်းရဲ့ ကျေနပ်အားရစွာဖြင့်

ခေါင်းညိမ့်လိုက်ပြီး သူ့ထိုင်ခုံသို့

ပြန်လာခဲ့လိုက်၏။

ထိုအခိုက်အတန့်တွင် လျှန်ရှုရွှယ်

မျက်နှာထက်ရှိ ရှော့ခ်ရနေသည့်

အမူအရာမှာ မကွယ်ပျောက်သေးပေ။

"အလှလေးလျှန်... ပရိတ်သတ်တွေရဲ့

တုံ့ပြန်မှုတွေ အရဆိုရင် အရမ်းကို

ကျေနပ်အားရနေတဲ့ ပုံပဲနော်... ကျုပ်တို့ ခု

အချင်းချင်း

ကြည်နူးနှစ်သက်လို့ရပြီလား.....မေ့တော့

မမေ့လောက်ပါဘူးနော..."

"ဘာကို ကျေနပ်အားရတာ... ငါကတော့

ကောင်းတယ်လို့ မထင်ပါဘူး... "

"ဘာကွ...ဒါ မင်း အရမ်း

အရှက်ကင်းမဲ့တာပဲ... "

"နင်ကမှ အရှက်မရှိတာ.. ဟွန့်.. အဲ့တော့

နင် ဘာဖြစ်ချင်လဲ.... "

လင်းရီ သူမကို ဘာမျှ မတတ်နိုင်ချေ။

သို့သော်လည်း သူစိတ်ထဲ

ထားမနေခဲ့။လျှန်ရှူရှယ်၏ စရိုက်နှင့် ဆိုပါက

သူတောင်းဆိုတာကို သဘောတူမှသာ

ထူးဆန်း နေပေလိမ့်မည်။

ပွဲမှာ ဒုတိယတစ်ဝက် ကျိုးလာသည့်

အချိန်တွင်တော့ ကျီချင်းရန် ကျောက်ချီကို

အကြောင်း ပြချက် ပေး၍ စောစီး

ထွက်လာခဲ့လိုက်လေသည်။ ယင်းကိုလည်း

ကျောက်ချီ မျှော်လင့်ထားပြီးသား ဖြစ်၏။

လင်းရှီ၏ မျက်နှာကြောင့်သာ မဟုတ်ပါက

သူမ အစောကြီး ကတည်းက

ထွက်သွားလိမ့်မည် ဖြစ်ကြောင်း

သေချာနေလေသည်။

"နင် ညစာ အတူစားချင်လား...

"ပါကင်ထိုးသည့် နေရာကို ရောက်တော့

လျှန်ရှူရှယ် မေးမြန်းလိုက်၏။

"ကိုယ့်စကားကို မတည်တတ်တဲ့ သူနဲ့

အတူစားရင် ဘာစားစား အရသာရှိမှာ

မဟုတ်ဘူး... ကိုယ့်ဘာကိုယ်

တစ်ယောက်တည်းစားတာက

ပိုကောင်းတယ်.... "

"နင် ဒီလိုမျိုး လုပ်မှ ဖြစ်မှာလား...

"လျှန်ရှုရှယ် ခါးသီးစွာ ပြောလိုက်၏။

"ဘာလို့မရရမှာ...

ကတိမတည်တဲ့လူတွေက ယုံချင်စရာ

မကောင်းဆုံးပဲ.. သူတို့က အပေါ်ယံသာ

အားကိုးလို့ ရသလိုနဲ့ ဒုက္ခရောက်လာရင်

ထားပစ်ခဲ့ကြမယ့် သူတွေချည်းပဲ... "

"နင်ဘယ်သူ့ကို အားကိုးလို့ မရတဲ့သူလို့

ပြောနေတာလဲ... ငါက နင်ထင်နေသလိုမျိုး

မဟုတ်ဘူး.... "

"ကတိ ပေးထားတဲ့ အတိုင်းလည်း

မလုပ်ပဲနဲ့ကို ငါက အဲ့လိုလူစားမျိုး

မဟုတ်ဘူး လာလုပ်နေတယ်... ကျွတ်

ကျွတ် .. တကယ့်ကို မယုံရတာပဲ.... "

"အဲ့တာဆိုလည်း ငါ့အိမ်အရင်သွားစို့...

ဘာပဲဆိုဆို ငါတို့ညစာတော့

အရင်စားရမယ် မလား... “

## အခန်း (၄၇၆)

## မိုက်ခရိုချစ်ပ် သတင်းစာရှင်းလင်းပွဲ

“ အဲ့တာဆို ဘာလည်းစောင့်နေတာ….

ကားထဲဝင်လေ…. ငါတော့ ဆာလှပြီ…”

လျှန်ရှုရွှယ် သူမ၏ လက်များကို လေထဲ

ဖြတ်ပြေးသွားလိုက်ပြီး လင်းရီကို

မဖြောင်းဖြနိုင်သောကြောင့် ကားထဲဝင်၍

အိမ်သို့ မောင်းသွားရန်သာ

စီစဉ်လိုက်လေသည်။

အိမ်သို့ရောက်သောအခါ လျှန်ရှုရွှယ်

လင်းရီကို ညှပ်ဖိနပ်တစ်ရံ ပေးလိုက်ပြီး

သူမကတော့ အခန်းထဲသို့ ဝင်၍ လက်ရှည်

ညအိပ်ဝတ်စုံကို လဲလှယ်ကာ

မီးဖိုချောင်ထဲဝင်၍ ချက်ပြုတ်လေသည်။

“ ဒီနေ့ ဘာလို့

အဝတ်အစားတွေလဲလိုက်တာ...

နောက်ဆုံးတစ်ခေါက် ငါလာတုန်းက မင်း

ပိုးထည်တွေ ဝတ်နေတာ မှတ်မိသားပဲ...”

လင်းရီ ဆိုဖာပေါ်တွင် လဲလျောင်းနေရင်း

ဘောစ်တစ်ဦးကဲ့သို့ ပြောလိုက်၏။

“ ဘာလို့လဲ… ကျွန်မက

အဝတ်ဝတ်တာကအစ မစ္စတာလင်းရဲ့

ခွင့်ပြုချက်ကို

တောင်းခံနေရတော့မှာလား…”

“ မဟုတ်ပါဘူး.. ငါက သူတို့ကို

အမှောင်ထဲမှာ မထားချင်ရုံလေးပဲ…

မဟုတ်ရင် ကောင်းကောင်းမွန်မွန်

ကြီးထွားနိုင်မှာ မဟုတ်ဘူးလေ....”

“ ငါ အဲ့ဒီ ပိုးထည် ညအိပ်ဝတ်

ဝတ်ရင်တောင်မှ တခြားအင်္ကျီတွေပေါ်မှာပဲ

ထပ် ဝတ် မှာ... “ လျှန်ရှူရှယ် ပြောလိုက်ပြီး

“ နင့်ရဲ့မကောင်းတဲ့ ရည်ရွယ်ချက်တွေကို

ဘေးချိတ်ထားလိုက်တော့...”

သူမပြောရင်း လျှန်ရှုရှယ် သူမ

ဘောင်းဘီခြေထောက်များကို လိပ်တင်ကာ

သွယ်လျသည့် ခြေသလုံးသားလေးများကို

လှစ်ဟာပြလိုက်ပြီး “ နင့်ကို ခဏလောက်

ပေးကြည့်ထားလိုက်မယ်…

ဝအောင်ကြည့်…”

“ ကြည့်စရာ ဘာရှိလို့…”

“ မှန်မှန်ပြောစမ်း… ဘယ်အမျိုးသမီးရဲ့

ခြေတံက မှ ငါ့လောက်မရှည်ဘူးနော်…”

“ ဘယ်အမျိုးသားကမှလည်း

ငါ့လောက်မရှည်ပါဘူးဟ…”

“ငါ့ရှေ့မှာ ဒီလိုမဟုတ်တာတွေ ပြောဝံ့သာ

နင်ပထမဆုံးပဲ……”

နှစ်ယောက်လုံးမှာ အရွယ်ရောက်ပြီးသူများ

ဖြစ်သောကြောင့်

လျှန်ရှုရွယ်ထိုညစ်ပတ်သည့် ဟာသများကို

နားလည်လေသည်။

သူမ စစ်ပိုလ်အသိုင်းအဝိုင်းတွင်

ကြီးပြင်းလာခဲ့ပြီး ထိုထက်ရှုံဖို့ကောင်းသည့်

ဟာသများကိုပင် ကြားခဲ့ဖူး၏။

သို့သော်လည်း သူမ ရှေ့တွင်တော့

တိုက်ရိုက်ကြီး မည်သူမျှ မပြောဝံ့ကြချေ။

ရန်တွေ့ပြီး မကြာမီ မီးဖိုချောင်ထဲမှ

အိုးခွက်ပန်းကန်သံများ ဆူညံလာပြီး

နာရီဝက်ကြာပြီးနောက်

ဟင်းပွဲများအားလုံးကို

ပြင်ဆင်ချက်ပြုတ်ပြီးသွားချေပြီ။

အာဟာရမျှတအောင် ချက်ပြုတ်ထားသည့်

အသားဟင်းတစ်ခွက်၊ အရွက်ဟင်း

တစ်ခွက်နှင့် စွပ်ပြုတ်တစ်ခွက်တို့က

စားပွဲပေါ်တွင် နေရာယူထားလေသည်။

“ နင် ရန်ပုံငွေ ဘယ်လောက်လိုချင်လဲ…”

စားနေစဉ် လျှန်ရှူရှယ်မှ မေးမြန်းလိုက်၏။

"ငါလိုချင်သလောက်

တောင်းဆိုလို့ရတာလား… "

"ဒါပေါ့... နင် အလိုရှိသလောက်

ပြောလို့ရတာပေါ့..."လျှန်ရှူရှယ်

ပြောလိုက်ပြီး "ဒါပေမယ့် လိုအပ်တဲ့

ပမာဏက အရမ်းများနေရင်တော့

ငြင်းခံရမှာပဲ.... "

"အဲ့ဒါဆို ဘယ်လောက်တောင်းရင်

သင့်တော်မယ်လို့ ထင်လဲ...

မင်းပေးနိုင်သလောက်တာပေး... ငါက

အဲ့လောက်လည်း ဂျေးမများဘူး.... "

"၄၀% ထောက်ပံ့ပေးမယ်ဆိုရင်ကော....

"လျှန်ရှုရှယ် ပြောလိုက်ပြီး "မြို့အတွက်

လမ်းတစ်ခုနဲ့

တံတားတစ်စင်းဆောက်တာက

ဘယ်လောက်မှ ကုန်ကျမှာ မဟုတ်ဘူး....

ပြီးတော့ နင် ချောင်ရန်အုပ်စုကို

လက်လွှဲထားလို့ရတယ်ဆိုတော့

ကုန်ကျစရိတ်က ပိုပြီးတောင်

သက်သာသွားဦးမယ်.... အချိန်ကျလာရင်

ငါနှင့်ကို ကူညီပေးမယ်လေ..

ရန်ပုံငွေတွေက နှင့်ဟာပဲ....."

"ကျေးဇူးပါ အလှလေးလျှန်... ငါ့ကိုယ်ငါ

ပုံအပ်ရုံကလွဲလို့ ကျေးဇူးဆပ်ဖို့

နည်းလမ်းရှာမရတော့ဘူး....ဘယ်လိုလုပ်ရမလဲ... "

လျှန်ရှူရှူယ် အသားတစ်တုံးကို ညှပ်လိုက်ပြီး ကလူကျီစယ်သည့် အသံဖြင့်

"နင့်ဟာနင်သာ စားစမ်းပါ...."

ညစာစားပြီးနောက် လင်းရီနှင့်

လျန်ရူရှယ်တို့ ခဏတဖြုတ်ခန့်

စကားပြောဆိုကြ၏။

သူမ လင်းရီကို

မျှော်လင့်ခြင်းကျောင်းအတွက်

တည်နေရာကို ကျိုးဟိုင်တွင်

ဆောက်လုပ်ခိုင်းရန် စီစဉ်ထား၏။

ဤသို့ဖြင့် သူမ လင်းရီကို ပို၍

ပံ့ပိုးပေးနိုင်လေသည်။

သို့သော်လည်း လင်းရီ၏ မွေးရပ်မြေမှာ

ရန်ချိန်ဖြစ်ကြောင်း သတိရတော့

နှုတ်ဆိတ်နေရန်သာ ဆုံးဖြတ်လိုက်၏။

လျှန်ရှူရှုယ်နှင့် ညစာစားပြီးနောက် လင်းရီ

သူ့အိမ်သို့ ပြန်လာခဲ့သည်။

လမ်းတွင်တော့ သူ လီချူးဟန်ထံ

ဖုန်းဆက်ပြီး မနက်ဖြန်မနက် ကိစ္စရှိ၍

မလာနိုင်ကြောင်း ခွင့်တိုင်လိုက်၏။

လီချူးဟန်လည်း ချောချောချူချူ

သဘောတူလိုက်ကာ အချိန်မလောက်ပါက

မွန်းလွဲပိုင်းလောက်မှ ဆေးရုံသို့

လာလျှင်လည်း အဆင်ပြေကြောင်း

ပြောကြားလေသည်။

ထိုသို့ ဆိုလျှင်တောင် လင်းရီကတော့

လက်မခံခဲ့ပေ။ သူ့ နေ့လည်တွင်

ခွဲစိတ်မှုတစ်ခု ရှိသေးသောကြောင့် အချိန်မှီ

လာရန် ဆုံးဖြတ်ထား၏။ စနစ်၏

မစ်ရှင်များကို ဥပေက္ခာပြုထား၍

မဖြစ်ချေ။

တစ်ညတာ အနားယူပြီး နောက်နေ့

မနက်တွင် လင်းရှိ

အသစ်တည်ဆောက်ထားသည့်

သုတေသနစင်တာ အသစ်သို့

ဦးတည်လိုက်၏။

"ဥက္ကဋ္ဌလင်း... ရောက်လာပြီလား...."

လင်းရီကို မြင်တော့ ရှန်းထျန်းကျိုး

ရယ်မောနှုတ်ဆက်လိုက်သည်။

"ဒါရိုက်တာရှန်း... ခု

ပရောဂျက်အခြေအနေက ဘယ်လိုရှိလဲ... "

နှစ်ယောက်သား ထိုင်ချလိုက်ပြီး

ရှန်းထျန်းကျိုးမှ ရေနွေးစ်ခွက် ငှဲ့လိုက်ကာ

"ငါတို့မကြာခင် ၁၂ နာနိုမီတာချစ်ပ်ကို

ထုတ်လုပ်နိုင်တော့မယ်.... ဒါပေမယ့်

မင်းလည်း သိတဲ့အတိုင်းပဲ .. ခု

အဆင့်အမြင့်ဆုံး ချစ်ပ်က ၄

နာနိုမီတာအရွယ်အစားဆိုတော့ နယ်ပယ်က

စံချိန်စံညွှန်းတွေကို မှီဖို့

လိုအပ်နေသေးတုန်းပဲ.... "

"အင်း... ကျုပ်တို့ကို

အဲ့ဒီနေရာရောက်အောင် တားဆီးနေတဲ့

အဓိက ပြဿနာက ဘာများလဲ.... "

"အလင်းအရင်းအမြစ်.... "

ရှန်းထျန်းကျိုး ပွင့်ပွင့်လင်းလင်း

ပြောလိုက်ပြီး "တခြား လိုအပ်တဲ့

အရေးကြီးတဲ့ အစိတ်အပိုင်းတွေကို

တစ်ကမ္ဘာလုံးက ငါ့အဆက်အသွယ်တွေနဲ့

ဝယ်ဖို့က ပြဿနာမရှိဘူး... အဲ့ဒီ

အလင်းအရင်းအမြစ်နေရာမှာ ပြဿနာ

လာတက်နေတာ..... "

လင်းရီ မေးစေ့ပွတ်လိုက်ပြီး "တကယ်လို့

ကျုပ်တို့ ကိုယ့်ဘာကို လုပ်မယ်ဆိုရင်

အချိန်နဲ့ ငွေ ဘယ်လောက်များများ

ကုန်မယ်ထင်လဲ.... "

"ငွေကို ထည့်မတွက်ဘူးဆိုရင်တောင်

အနည်းဆုံး သုံးနှစ်လောက်ကြာဖို့

များတယ်.... "ရှန်းထျန်းကျိုး ပြောလိုက်ပြီး

"ဒါပေမယ့် မတန်ပါဘူးကွာ... တကယ်လို့

သုံးနှစ်ကြာပြီး ငါတို့ ၄ နာနိုမီတာ

အလင်းအရင်းအမြစ်ကို

ထုတ်လုပ်နိုင်ရင်တောင် ထိုင်ဝမ်လို

လျှပ်စစ်ကုမ္ပဏီတွေက ၃ နာနိုမီတာ

အလင်းအရင်းအမြစ်ကို

ထုတ်လုပ်နိုင်နေလောက်ပြီ....ငါတို့က

generation တစ်ခုစာလောက်

နောက်ကျနေတော့မှာ...ဒါကြောင့်မို့

လိုက်မှီဖို့ဆိုတာ မဖြစ်နိုင်ဘူး.... "

လင်းရီ ရှန်းထျန်းကျိုး၏ စကားလုံးများကို

အပြည့်အဝ သဘောတူလေသည်။

ကမ္ဘာကြီးမှာ အချိန်နှင့်အမျှ

ပြောင်းလဲတိုးတက်နေပြီး မည်သူကမျှ

သူတို့ အမှီလိုက်လာမည်ကို

ထိုင်စောင့်နေလိမ့်မည် မဟုတ်ချေ။

ထို့ပြင် လူတစ်ဦးတစ်ယောက်ကို

မဆိုထားဘိ။တစ်နိုင်ငံလုံး၏

စွမ်းအားအရင်းအမြစ်ဖြင့်တောင်

ဖိုတိုလီတိုဂရပ်ဖီစက်ကို ထုတ်လုပ်ဖို့ရာ

မဖြစ်နိုင်ချေ။

ထို့ကြောင့် သူတို့လက်ရှိ

ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာမှာ

သင့်လျော်သည့် အလင်းအရင်းအမြစ်

ပြတ်လပ်နေခြင်းကိုပင်။

“ တကယ်လို့ ကျုပ်မှတ်မိသာမှန်မယ်ဆိုရင်

cymer က ကမ္ဘာ့ထိပ်တန်း EUV Light

source နည်းပညာကိုထုတ်လုပ်တာ

မလား…”

“ အမှန်ပဲ…. ASMLရဲ့

ဖိုတိုလီတိုဂရပ်ဖီစက်တွေကလည်း Cymer

ရဲ့အလင်းအရင်းအမြစ်ကို

အသုံးပြုထားတာ…”

ရှန်းထျန်းကျိုး ပြောလိုက်ပြီး “ လွန်ခဲ့တဲ့

ရက်တွေတုန်းက ငါ Cymer ရဲ့

တာဝန်ရှိတဲ့သူနဲ့ Yatai

မှာတွေ့ခဲ့သေးတယ်.. ဒါပေမယ့်

ညှိနှိုင်းဆွေးနွေးမှုရလဒ်ကတော့

စိတ်ကျေနပ်ဖို့ မကောင်းစရာပဲ…”

“ ပိတ်ပင်တားမြစ်ချက်တွေ

ရှိနေတာလား....”

ရှန်းထျန်းကျိုး ခေါင်းညိတ်လိုက်ပြီး

“ သူတို့ဘက်က ဟွာရှကို အတော်လေး

သတိထားနေကြတယ်... ထုတ်ကုန်အ

ဟောင်းတွေကိုတော့

ရောင်းပေးလို့ရတယ်ဆိုပေမယ့်

နောက်ဆုံးပေါ်တွေကိုတော့ မရဘူး... ၄

နာနိုမီတာအလင်းအရင်းအမြစ်လောက်

တော့ ရနိုင်တယ်ဆိုပေမယ့် .....

မေ့လိုက်ပါကွာ....”

“ ဒါကြီးက သောက်ရမ်း ခက်ခဲတာပဲ....”

“ မင်းလည်း ဒီလိုဖြစ်လာမယ်လို့

မျှော်လင့်ထားပြီးသားမလား...”

ရှန်းထျန်းကျိုး အပြုံးလေးဖြင့်

ပြောလိုက်ပြီး " ဖိုတိုလီတိုဂရပ်ဖီစက်ကို

တီထွင်နိုင်ဖို့ဆိုတာ လွယ်တာမှ

မဟုတ်ပဲကို... ဒီတော့ လောစရာမလိုဘူး...

တစ်ခြားအစိတ်အပိုင်းတွေကလည်း

လုံလောက်တဲ့အနေအထား

မရှိသေးဘူးဆိုတော့ ငါတို့

ခုဝယ်လိုက်ရင်တောင် အလကားပဲ..."

“ ကောင်းပြီ… ကျုပ်နားလည်တယ်…”

လင်းရီ ပြောလိုက်ပြီး “ ကျုပ် နောက်မှ

တစ်ခုခု ထပ်စဉ်းစားကြည့်ပါဦးမယ်….”

“ အနှစ်ချုပ်ပြောရရင်ကွာ

တခြားအစိတ်အပိုင်းတွေက

ဆောက်လုပ်ရတာ မခက်ခဲဘူး…. အဓိက

ပြဿနာက အလင်းအရင်းအမြစ်ပဲ….”

ရှန်ထျန်းကျိုး ပြောပြီးနောက်

မတ်တပ်ရပ်လိုက်ပြီး “ မင်းလည်း

ဒီရောက်နေပြီဆိုမှတော့ ငါ တခြား

သူတေတနနဲ့ တိုးတက်မှု အစီရင်ခံစာတွေ

ယူလာပေးမယ်… ဖတ်ပြီး တစ်ခါတည်း

လက်မှတ်ထိုးလိုက်တော့…”

“ ဒါရိုက်တာရှန်း …. ကျုပ် အစီရင်ခံစာတွေ

ဖတ်ပြီးတော့ ခေါင်းမရှုပ်ချင်ဘူးဗျာ….

ဒီအကြောင်း စိတ်ပူစရာမလိုဘူး…” လင်းရီ

ပြောလိုက်ပြီး “ ခင်များ လုရင်းနဲ့

စွန်းဖုယ္ဒိကို

တစ်ချက်ခေါ်လာပေးလို့ရလား…

ကျုပ်သူတို့ကို ပြောစရာရှိလို့…”

“ ကောင်းပြီလေ… မင်း

ဒီမှာစောင့်နေဦး…”

မိနစ်အနည်းငယ်ကြာပြီးနောက် လုရင်းနှင့်

စွန်းဖုယွီတို့ ရောက်လာခဲ့ကြ၏။

“ဘော့စ်… ရှာနေတာလားရှင့်…”

လုရင်းမေးလိုက်သည်။

“ နောက်လေးငါးရက်လောက် အထိကို

မင်းတို့ ခုလုပ်နေတာတွေ အကုန်လုံး

ဘေးချိတ်ထားလိုက်ဦး… ငါမင်းတို့ကို

ပြောစရာရှိတယ်…”

“ ဟုတ်ကဲ့ ပြောပါရှင့်….”

“ ငါတို့ရဲ့ ချစ်ဗားရှင်း 1.0 အတွက်

သတင်းစာရှင်းလင်းပွဲလုပ်ဖို့

ပြင်လိုက်တော့…”

“ ဟင်… သတင်းစာ ရှင်းလင်းပွဲ…”

လုရင်းနှင့် စွန်းဖုယ္ဗိတို့

ရှော့ခ်ရသွားခဲ့ကြသည်။ လင်းရီ နောက်များ

နေသလားဟုတောင် ခံစားနေကြရ၏။

“ Cisco က ကျွန်မတို့ နည်းပညာကို

ခိုးသွားပြီးလို့ မူပိုင်ခွင့်

အခုနှစ်ဆယ်လောက်တောင်

လုပ်ထားပြီးသွားပြီလေ… ကျွန်မတို့သာ

သတင်းစာရှင်းလင်းပွဲလုပ်လိုက်လို့ကတော့

ပွဲပြီးတာနဲ့ တရားရုံးက ဆင့်ခေါ်စာ

ရောက်လာခဲ့တော့မှာပေါ့ ဘော့စ်ရဲ့....”

“ ဟုတ်တယ် .... ဒါပေမယ့် ငါတို့က

ချစ်ပ်ဗားရှင်း 1.0 ကို ချပြမယ်လို့

ပြောလဲ....”

“ ဘော့စ်က ချစ်ဗားရှင်း 2.0 ကို ထုတ်ပြဖို့

စီစဉ်နေတာလား…”

လင်းရီ ဖျော့တော့စွာ ပြုံးလိုက်ပြီး

“ အမှန်ပဲ… ငါတို့ရဲ့ လှုပ်ရှားမယ့်အကွက်ကို

ဖုံးကွယ်ထားရမယ်…. Cisco ကို

အများကြီး ပေးသိလို့မရဘူး… မဟုတ်ရင်

လျှို့ဝှက်ဆန်းကြယ်မှုတွေ ဖော်ထုတ်တဲ့

အချိန်ကျ ပျော်ဖို့ကောင်းတော့မှာ

မဟုတ်ဘူး....”

**အခန်း (၄၇၇)**

**ငါက အဲ့လို လူစားမျိုးလား...**

"နားလည်ပါပြီ..."လုရင်း ပြောလိုက်၏။

"ဘော့စ်...ကျွန်မတို့ မီဒီယာ

ကုမ္ပဏီတွေကော ခေါ်ရဦးမလား..... "

"အင်း..... "လင်းရီ

စက္ကန့်အနည်းငယ်ကြာအောင်

စဉ်းစားပြီးနောက် "ကျိုးဟိုင်မှာ ဖုန်းလန်

ယဉ်ကျေးမှုဆိုတဲ့ မီဒီယာကုမ္ပဏီ

တစ်ခုရှိတယ်.... သူတို့ကို

သွားဆက်သွယ်လိုက်... ဒါပေမယ့်

ငါ့နာမည်ကိုတော့ ထုတ်မပြောနဲ့..... "

"အဲ့တာဆို ကျွန်မတို့ရဲ့

အထောက်အထားတွေကော

ဖုံးကွယ်ထားရဦးမလားဘော့စ်.... "

လင်းရီ၏ နည်းလမ်းများကို

အသားကျနေသောကြောင့် လုရင်းမှ

မေးမြန်းလိုက်လေသည်။

"မလိုဘူး.... လုံရှင်းသုတေသန

စင်တာဆိုတဲ့ နာမည်နဲ့ပဲ

ဆောင်ရွက်လိုက်...."

"နားလည်ပါပြီရှင့်.... "

နှစ်ယောက်သား ခေါင်းညိမ့်လိုက်ပြီး

စွန်းဖုယွှီမှ မေးလာခဲ့၏။

"ဖုန်းလန်ယဉ်ကျေးမှု မီဒီယာကုမ္ပဏီပြင်

ကျွန်တော်တို့ တခြားမီဒီယာတွေကော

ခေါ်လိုက်ရဦးမလားဘော့စ်..... "

"မလိုအပ်ဘူး...."လင်းရီ ပြုံးလိုက်ပြီး

"ငါတို့သာ ဖုန်းလန်ယဉ်ကျေးမှုမီဒီယာနဲ့

လက်တွဲလုပ်လိုက်ရင် ကျန်တာကြို

သူတို့ဘက်က တာဝန်ယူပေးလိမ့်မယ်..... "

"ဟုတ်ကဲ့... နားလည်ပါပြီ.... "

"အိုး နောက်တစ်ခု ကျန်နေသေးတယ်....

"လင်းရှိ ပြောလိုက်ပြီး "ဒါက

ဒါရိုက်တာရှန်းရဲ့သုတေသန

အစီရင်ခံစာတွေနဲ့ ဆိုင်တယ်.... တကယ်လို့

လက်မှတ်ထိုးစရာ ကိစ္စရှိရင် မင်းတို့

မြို့တော်ဝန်ရုံးက လျှန်ရူရွှယ်ကို

လက်မှတ်ထိုးခိုင်းလိုက်.... "

"လက်ထောက်မြို့တော်ဝန်အသစ်လား...."

"အင်း....သူမပဲ..."

"နားလည်ပါပြီ ဘော့စ်... "

"ကောင်းပြီ.. ခုသွားကြတော့... "လင်းရီ

မတ်တပ်ရပ်လိုက်ပြီး "ငါ့မှာလည်း

တခြားကိစ္စတွေ ကျန်နေသေးတော့

အရင်သွားနှင့်ပြီ.... "

"ကောင်းပါပြီရှင့်...ဂရုစိုက်ပါ....."

သုတေသန စင်တာမှ

ထွက်ခွာလာခဲ့ပြီးနောက် လင်းရီ ချင်းဟာန်ထံ

ဖုန်းခေါ်လိုက်လေသည်။

"ယီးပဲ.... မင်းခု စော်အလန်းလေးတွေနဲ့

ရေကူးဝတ်စုံပါတီ လုပ်နေပြန်ပြီလား....

ငါ့ကို ဒေါသထွက်အောင်

လုပ်မလို့လားဟျောင့်.... "

"ငါ့ရုပ်ကို သေချာကြည့်ပြီးပြောစမ်း..

ငါကအဲ့လိုကောင်လား.... "

"သေစမ်း.... မင်းက လုံးဝကို

အဲ့လိုကောင်မျိုးပဲ.... တွေ့လို့ကတော့

မင်းမျက်နှာကို ထိုးပစ်ဦးမယ်....."

" တော်ပြီ ပေါက်တတ်ကရတွေ

လုပ်မနေနဲ့တော့ ...ပြောစရာရှိတယ်..."လ

င်းရှိ ပြောလိုက်ပြီး "ငါမှတ်မိသာ

မှန်မယ်ဆိုရင် မင်းလက်အောက်မှာ

လျှိုယင်းရှိလို့ခေါ်တဲ့တစ်ယောက်ရှိတယ်

မဟုတ်လား... ငါခုတလော ဘာလို့ သူ့ကို

မတွေ့မိပါလိမ့်.... "

"အဲ့ကောင်လား... ငါသူ့ကို အဆင်ပြေတဲ့

အလုပ်တစ်ခု စီစဉ်ပေးထားတယ်လေ...

ခုဆို ဒုဥက္ကဌတောင် ဖြစ်တော့မယ်.... "

"ငါခု အရေးကြီးလို့ သူ့ကို ခနလောက်

ခေါ်လို့ရမလား...."

"ရတယ်လေ... မင်းခု ဘယ်ရောက်နေတာ..

ငါ သူ့ကို လာရှာခိုင်းလိုက်မယ်.... "

"ရတယ်... သူဘယ်ရောက်နေလဲ

ဆိုတာကိုပဲ ငါ့ပြောလိုက်... ငါ

သွားခေါ်လိုက်မယ်.... "

"စီနီယိုဟန်ကုမ္ပဏီမှာ သွားရှာလိုက်ရင်

ရတယ်... မင်းမှာ အဲ့ကောင်ဖုန်းနံပါတ်

ရှိတယ်မလား..... "

"အင်း...."လင်းရီ ပြောလိုက်ပြီး

"ကျေးဇူးပဲဟျောင့်... မင်းလုပ်စရာရှိတာ

ဆက်လုပ်တော့ ...

ငါဖုန်းချလိုက်တော့မယ်.... "

ဖုန်းချပြီးနောက် လင်းရီ စီနိုဟာန် ကုမ္ပဏီသို့

သွား၍ လျိုယင်းရှီကို သွားခေါ်လိုက်သည်။

သူရှာနေမှန်း သိတော့ တစ်ဖက်လူမှာ

အောက်သို့ အရေးတကြီး ပြေးလာပြီး

ဆင်းလာနှုတ်ဆက်လေသည်။

"မဆိုးဘူး... မင်းက

အနောက်တိုင်းဝတ်စုံနဲ့ဆိုတော့

အတော်လေးကို ရာထူးမြင့်တဲ့သူမှန်း

သိသာသွားပြီ.... "

"မစ္စတာလင်းကတော့ နောက်နေပါပြီ.... "

လို့ယင်းရှိ ပျော်ရွှင်စွာ ပြောလိုက်ပြီး

"သခင်လေးချင်းက ကျွန်တော့်ကို

ဂရုစိုက်ပေးပြတော့ ဤာနမန်နေဂျာရာထူး

စီစဉ်ပေးလိုက်တာလေ... ရိုးရိုးသားသား

ဝန်ခံရရင် ကျွန်တော်က ရုံးထိုင်ရတာ

သိပ်ကြိုက်တဲ့ကောင်မျိုး မဟုတ်ဘူးဗျ....

သခင်လေးချင်းနောက် လိုက်ပြီး လူမိုက်...

အပေါင်း အလုပ်လုပ်ရတာကမှ ပိုပြီး

သက်တောင့်သက်သာ ရှိတာ.... "

"ဟားဟား...

စိတ်အေးအေးထားစမ်းပါဟ...နောင်ကျ

မင်းမိသားစုကိုလည်း

ထောက်ပံ့ရဦးမယ်လေ..."

"အမှန်ပဲ... "လို့ယင်းရှိ ပြောလိုက်ပြီး

"တကယ်လို့ သခင်လေးချင်းသာ ကျုပ်ကို

ဂရုမစိုက်ပေးဘူးဆိုရင် ကျွန်တော်တော့ဖြင့်

ကျိုးဟိုင်မှာ နေနိုင်မှာတောင် မဟုတ်ဘူး....

"

အချင်းချင်း ချီးမွမ်းလိုက်ကြပြီးနောက်

လို့ယင်းရှိ လင်းရီကို ကြည့်ကာ

"မစ္စတာလင်း.. ကျွန်တော်

သခင်လေးချင်းဆီက ကြားတာတော့

ကျွန်တော့်ကို လိုက်ရှာနေတယ်ဆို... ဘာလဲ

ခိုင်းစရာရှိလို့......"

"ငါ့မှာ မင်းအတွက် အရေးကြီးတဲ့

မစ်ရှင်တစ်ခုရှိတယ်.... ငါ ကျန်တဲ့သူတွေကို

မယုံဘူး... ဒါကြောင့်မို့ မင်းကိုယ်တိုင်လုပ်မှ

ဖြစ်မှာ.... "

"ပြဿနာ မရှိဘူး...

ဘာလုပ်ရမလဲဆိုတာသာ

ပြောလိုက်ဗျာ....ကျွန်တော့်အရိုးတွေ

ကြေရင် ကြေသွားပါစေ... ဖြစ်အောင်

လုပ်ပေးမယ်.... "

"အေးဆေးပေါ့... ကားထဲ အရင်ဝင်လိုက်...

ငါမင်းကို တစ်နေရာ ခေါ်သွားမယ်....

လမ်းမှာ စကားပြောကြတာပေါ့.... "

"ကောင်းပါပြီ.... "

တစ်နာရီကြာပြီးနောက် လင်းရီ

လိုျယင်းရှီနှင့်အတူ စက်ရုံရေယာသို့

ရောက်ရှိလာလေသည်။

လမ်းတွင်တော့ လိုျုယင်းရှိ လုပ်ဖို့

လိုအပ်သည်များကို အသေးစိတ်

ပြောကြားပြီးသား ဖြစ်၏။

"မစ္စတာလင်းက ဒီလိုမျိုး

ကစားချင်နေတာလား... ဒါက နည်းနည်း

စိတ်လှုပ်ရှားဖို့ ကောင်းသားပဲ..... "

"ဘာမှ စိတ်မပူနဲ့.. Sci-tech ကလည်း

ငါ့အပိုင်ပဲ... ဘာ ဂယက်မှ မရှိစေရဘူး...

ငါပြောတဲ့ အတိုင်းသာလုပ်...."

"ကောင်းပြီလေ.. မစ္စတာလင်း စီစဉ်တဲ့

အတိုင်းပေါ့.... "

ကားထဲမှ

ထွက်ခွာပြီးနောက်  နှစ်ယောက်သား

တစ်နေရာစီ လမ်းခွဲလိုက်ကြလေသည်။

လင်းရီကတော့ ဝမ်ရန်၏ ရုံးခန်းထဲသို့

ဦးတည်၏။

ရုံးခန်းထဲတွင်တော့ ဝမ်ရန် အဖြူရောင်

Tulle ruffle ရှပ်ကို ဝတ်ဆင်ထားပြီး

ဂျင်းနှင့် ဒေါက်မြင့်ဖိနပ်တို့ကို

ဝတ်ဆင်ထားလေသည်။ ယခုလို ဝတ်စုံမျိုး

ဝတ်ဆင်ထားသည်က သူမကို ပို၍ ဆက်ဆီ

ဆန်သွားစေပြီး ဆွဲဆောင်မှုကို
ထပ်လောင်းတိုးပွားသွားစေသည်။

"တီချယ်လင်း... "

လင်းရီ ဝင်လာသည်ကိုမြင်တော့ ဝမ်ရန်
မတ်တပ်ရပ်ပြီး နှုတ်ဆက်လိုက်သည်။

"ခုတလော စက်ရုံအခြေအနေက

ဘယ်လိုရှိလဲ... "လင်းရီ ဆိုဖာပေါ်တွင်

ထိုင်ရင်း မေးမြန်းလိုက်၏။

"အရင်အတိုင်းပါပဲ... ဝမ်ရန် ပြောလိုက်ပြီး

"ဒါပေမယ့် လက်ရှိ Sci-tech က ကျွန်မတို့

အပိုင် မဟုတ်တော့ဘူးလို့တော့

ခံစားနေရတယ်.... "

"ဘာလဲဖြစ်လို့...."

"ဝပ်ရှော့ခ်နဲ့ ကုန်လှောင်ရုံတွေ အကုန်လုံးကို

Ciscoက လူတွေပဲ ထိန်းချုပ်ထားပြီးတော့

ကျွန်မက မီးဘေးအန္တရာယ် အဆင့်လေး

စစ်ဆေးချင်တာတောင်မှ ဝင်လို့ မရဘူး...

အပြင်မှာပဲ တားဆီးခံလိုက်ရတယ်...

"ဝမ်ရန် သိပ်စိတ်မဝင်စားသည့် လေသံဖြင့်

ပြောလိုက်၏။

"ကျွန်မကတော့ အမျိုးသမီး

လုံခြုံရေးအစောင့်လို့တောင် ကိုယ့်ကိုယ်ကို

ထင်နေမိပြီ... ဘာမှ လုပ်စရာမလိုပဲ

လစာရနေလို့လေ... တီချယ်........ ကျွန်မကို

တစ်ခြား အလုပ်လေး

မစီစဉ်ပေးတော့ဘူးလား...."

ထိုသို့ ပြောရင်း ဝမ်ရန် လင်းရှီအတွက်

ကော်ဖီ ဖျော်ပေးနေပြီး လင်းရှီထံ

ကမ်းပေးလိုက်သည်။

"မပူနဲ့... မကြာခင် Cisco နဲ့ Sci-techရဲ့

ဆက်ဆံရေးက အဆုံးသတ်တော့မှာ...

မင်းလည်း ဒီမှာ ဆက်နေစရာ

မလိုတော့ဘူး.... "

"တီချယ် အထင်မလွဲနဲ့နော်... ကျွန်မက အလုပ်ကို စောဒက တက်နေတာ မဟုတ်ဘူး...  "ဝမ်ရန် ကမန်းကတမ်း ရှင်းပြလိုက်ပြီး "ဘာမှ မလုပ်ရဘဲ လစာယူနေရတော့ စိတ်မလုံမလဲ ဖြစ်လို့ ပြောနေတာ... "

"ငါလည်း အထင်မလွဲဘူး...."လင်းရီ ပြောလိုက်ပြီး "မင်းကို ဒီနေရာ

နေခိုင်းထားတယ်ဆိုတာကလည်း ငါ့မှာ

လူအင်အား အလုံအလောက်မရှိသေးလို့...

ခု ငါ ကိစ္စအားလုံးကို ဒီရက်ပိုင်းအတွင်း....."

ချလပ်...

လင်းရီ စကားပြောလို့ မဆုံးသေးမီ

ရုံးခန်းတံခါးမှာ ပွင့်ဟလာခဲ့၏။

ချောင်ရှန့်ယွီနှင့် သူ့အတွင်းရေးမှူးတို့

အပြင်မှ အလောတကြီးနှင့်

ရောက်ချလာကြလေသည်။

"ရို... အစ်ကိုချောင်... မတွေ့ရတာတောင်

တော်တော်ကြာနေပြီပဲ.... ဘယ်လိုလဲ...

လုပ်ငန်းကိုင်ငန်းကော

အဆင်ပြေရဲ့လား....ကြည့်ရသလောက်

တော့ ပြေမှာပါ.... "

"လင်းညီလေး... မင်းဘာလို့ ငါ့ကို

ခက်ခဲအောင် လုပ်နေတာ...."

ချောင်ရှန့်ယွီ ပြောလိုက်၏။

"ဘာလဲဖြစ်လို့... ကျုပ်က ကျုပ်ရဲ့

အတွင်းရေးမှူးဆီ လာလည်တာလေ...

ဘာမှလဲ မလုပ်ပဲနဲ့... "

"ဘာမှ မလုပ်ဘူးလား.... "ချောင်ရှန့်ယွီ

သူ၏ ဒေါသများကို ဖိနှိပ်ထားသည့်

လေသံဖြင့်

"မင်း လူသန်ကြီးကို

အိမ်သာတံခါးစောင့်ခိုင်းပြီး

ဝင်ကြေးတောင်းနေတဲ့ ကိစ္စကကော..

ဘယ်သူမှ အဲ့လိုမလုပ်ဘူးလေကွာ...

မင်းလုပ်နေတာကြီးက ကျင့်ဝတ်နဲ့

မညီဘူးကွ.... "

"အစ်ကိုချောင်... ခင်များ ဒီညီလေးရဲ့

အခက်အခဲတွေကိုလည်း

နားလည်ပေးဦးမှပေါ့.... "

"ဘာအခက်အခဲလဲ... မင်း လောင်းကစား

ရှုံးလာပြန်ပြီလား... "

"ဟူး... မပြောစမ်းနဲ့.. ကျုပ် နောက်ထပ်

လေးငါးသိန်း ထပ်ရှုံးလာပြန်ပြီ... ခု

ပိုက်ဆံအိတ်ထဲမှာ ပင့်ကူအိမ်တွေပဲ

ရှိတော့တယ်.... "

လင်းရီ ပြောလိုက်ပြီး "ဒါပေမယ့်

စိတ်မပူနဲ့.. ကျုပ်က စဉ်းစားတတ်တဲ့

လူလေ... ခင်များနား ပိုက်ဆံ

ထပ်မတောင်းပါဘူး... ကျုပ်လို

အရွယ်ရောက်ပြီးသားလူတစ်ယောက်က

ကိုယ့်ပိုက်ဆံကို ရှာရမယ်လေ

ဟုတ်တယ်ဟုတ်... အချိန်တိုင်း

အစ်ကိုချောင်ရဲ့ပိုက်ဆံတွေ

သုံးနေတယ်ဆိုတာက ဖြေရှင်းတဲ့

နည်းလမ်းမှ မဟုတ်တာ.... "

"လင်းညီလေး... မင်းရဲ့ပိုက်ဆံ ရှာချင်တဲ့

စိတ်ကိုတော့ ငါအသိအမှတ်ပြုပါတယ်...

ဒါပေမယ့် ဒီလိုနည်းလမ်းကြီးနဲ့တော့

မရှာသင့်ဘူးလေကွာ... "ချောင်ရှန့်ယွီ

ပြောလိုက်ပြီး "စက်ရုံအလုပ်သမားတွေက

အိမ်သာတောင်

ပိုက်ဆံပေးသုံးနေရတယ်ဆိုတော့

ဘယ်အဆင်ပြေတော့မှာ... ခု ငါ့ကို

ကွန်ပလိန်းတက်နေကြပြီ.... "

"တက်ပါစေပေါ့...."လင်းရီ ပြောလိုက်ပြီး

"ပိုက်ဆံဆိုတာ သုံးဖို့ပဲ မဟုတ်ဘူးလား....

သိမ်းထားရင်တောင် ကြက်တွေလို

ဥဥပေးမှာမှ မဟုတ်တာ..... "

"အဲ့တာတော့ ဟုတ်ပါတယ်... ဒါပေမယ့် ဘယ်သူက အိမ်သာမှာ အစောင့်ထားပြီး ပိုက်ဆံ ကောက်လို့လဲ..."

"ခင်များအိမ်မှာ အိမ်သာ မရှိဘူးလား..."လင်းရီ မေးလိုက်၏။

"ရှိတာပေါ့ကွ... မေးနေစရာတောင် လိုသေးလို့လား...."

"အဲ့တာပဲလေ... တကယ်လို့ အိမ်မှာ

အိမ်သာတပ်ဆင်မယ်ဆိုရင် ပိုက်ဆံတွေ

အများကြီးကို တစ်ခါတည်းပေးရမယ်....

ကျုပ်ဆီမှာ သုံးရင်တော့ အရစ်ကျ

ပေးရုံပဲ... အဲ့လောက်

သက်သာနေတာကိုတောင်မှ ဈေးကြီးတယ်

ထင်နေရင်လည်း အများသုံး အိမ်သာသာ

သုံးလိုက်ကြတော့....အဲ့တာက

စျေးပိုသက်သာတယ်....."

လင်းရီပြောလိုက်ပြီး "ကျုပ်တို့က

စီးပွားရေးသမားတွေလေ... သူများအပေါ်

ဘယ်လို ညှာနိုင်ရမယ်

ရိုက်စားလုပ်ရမယ်ဆိုတာ သိနေရမယ်...

ဒီအတွက်နဲ့တော့ ကျုပ်ကို

အပြစ်လာတင်လို့ မရဘူး...."

**အခန်း(၄၇၈**

**ငါမင်းကို ပိုက်ဆံ နှစ်သိန်းပေးမယ်**

ချောင်ရှန့်ယွီ ရင်ထဲတွင် ကျိန်ဆဲလိုက်၏။

'သူတို့က ငါ့အလုပ်သမားတွေကွ ... မင်းက

အိမ်သာသုံးတာတောင်

ပိုက်ဆံတောင်းနေမှတော့ ငါ့ယီးကို သူတို့က

အလုပ်လုပ်ပေးတော့ပါ့မလား.... '

ထိုသို့ ဆိုလိုက်သော်လည်း လင်းရီမှာ

စည်းမျဉ်းများအတိုင်း

ကစားတတ်သူမဟုတ်ကြောင်းနားလည်ပေ

သည်။

မဟုတ်ပါက ကုန်လှောင်ရုံများကို

ဖျက်ဆီးပြီး ငါးမွေးရန်

ကြံလိမ့်မည်မဟုတ်ပေ။

သာမန်လူက အဲ့လိုမျိုး လုပ်မှာတဲ့လား...

"လင်းညီလေး... မင်းပြောတာက

အဓိပ္ပာယ်တော့ရှိတယ်... ဒါပေမယ့်

လက်တွေ့လုပ်လို့တော့

မရဘူးလေကွာ..."ချောင်ရှန့်ယွီ

ပြောလိုက်ပြီး "အတွင်းရေးမှူးဝမ်ကော

အိမ်သာသွားရင် ပိုက်ဆံပေးဖို့ လိုလား... "

"ဘာလို့ ပေးစရာလိုမှာ... သူက

ကျုပ်လက်အောက် ငယ်သားဆိုမှတော့

ပေးစရာမလိုတာ သဘာဝပဲလေ..."

လင်းရီ ပြောလိုက်ပြီး "ကျုပ် ဝပ် ရှော့နဲ့

ကုန်လှောင်ရုံတွေကို

လက်လွှဲပေးလိုက်တုန်းကနဲ့

အတူတူပဲလေ… ကျုပ်ရဲ့အတွင်းရေးမှူးက

အထဲဝင်ပြီး မီးဘေး စစ်ဆေးလို့တောင်

မရတော့ဘူးမလား…"

၎င်းကိုကြားတော့ ချောင်ရှန့်ယွီ

ဘာဖြစ်နေလဲ ဆိုတာ

နားလည်သွားတော့သည်။

လက်စသတ်တော့

သူ့အတွင်းရေးမှူးအတွက်

ရပ်တည်ပေးနေတာကိုး....

"လင်းညီလေး... ငါတို့

အရင်တုန်းကတည်းကနေ ရှင်းအောင်

ပြောခဲ့ပြီးသား မဟုတ်လား...

ကုန်လှောင်ရုံက Cisco ရဲ့ပစ္စည်းတွေနဲ့

ဖြည့်ထားတာလေ... တကယ်လို့

အတွင်းရေးမှူးဝမ် ဝင်ပြီးတော့မှ တစ်ခုခု

ဖြစ်သွားခဲ့တယ်ဆိုရင် နှစ်ဖက်လုံး

ကောင်းမှာ မဟုတ်ဘူး... "ချောင်ရှန့်ယွီ

အပြုံးလေးဖြင့် ပြောလိုက်ပြီး

"လင်းညီလေးက ကုန်လှောင်ရုံထဲ

သွားချင်ရင် ခုခေါ်သွားပေးမယ်...

အမြင်မတော်တာတွေ

ရှိရင်ထောက်ပြလို့လည်း ရတာပေါ့.... "

"ကောင်းပြီလေ... ကျုပ်လည်း

ရောက်လက်စနဲ့ တစ်ခါတည်း

လိုက်ခဲ့လိုက်မယ်...ဘာလုပ်စရာမှ

မရှိတာ... "

"အိုကေ..ဒါနဲ့  ဖြစ်နိုင်ရင် မင်းရဲ့

လက်အောက်ငယ်သားကို

ပြန်ခေါ်လိုက်ပါလား... သူက အိမ်သာဝမှာ

စောင့်ပြီး ပိုက်ဆံတွေကောက်နေတော့

အောက်ခြေက ဝန်ထမ်းတွေ အလုပ်လုပ်လို့

အဆင်မပြေဘူး.... "

"ကောင်းပြီလေ.. ကျုပ်သူ့ကို

ပြန်ခေါ်လိုက်မယ်...

အရင်သွားကြည့်ကြတာပေါ့.... "

"ဒါပေါ့ ဒါပေါ့.. အချင်းချင်းတွေပဲကို..."

လင်းရိ လျိုယင်းရှိကို ပြန်ခေါ်လိုက်ပြီး

ကုန်လှောင်ရုံထဲသို့ ဦးတည်လိုက်၏။

"ဉက္ကဌချောင်ကလည်း ဒီလို ငကြောင်မျိုးကို

ဘာလို့ အရေးတယူလုပ်ပြီး

ဆက်ဆံပေးနေတာ.... "အမျိုးသမီး

အတွင်းရေးမှူးမှ အထင်သေးစွာ

ပြောဆိုလိုက်သည်။

အစကတည်းက သူမ လင်းရီ အပေါ်

အထင်အမြင်ကောင်းများ မရှိချေ။

ယင်းကလည်း သူမ၏ ရည်မှန်းချက်မှာ

ပိုက်ဆံသာဖြစ်ပြီး ရုပ်ရည်က ဘာမျှ

အရေးမပါသောကြောင့်ပင်။

"မှားတယ်... "ချောင်ရှန့်ယွီ

လက်နောက်ပစ်ပြီး ကမ္ဘာကြီးကို

အထက်စီးမှ ငုံ့ကြည့်နေဟန် ပြုလိုက်ပြီး

"သူ့လို့လူမျိုးတွေက ကိုင်တွယ်ရ

အလွယ်ကူဆုံးပဲ... သူဘာလို့

ဒီလိုလုပ်တယ်လို့ မင်းထင်လဲ... "

အမျိုးသမီး အတွင်းရေးမှူးမှ

ခေါင်းခါရမ်းလိုက်၏။ သူမ လုံးဝ

နားမလည်ချေ။

"ရှေ့ရက်တွေတုန်းက သူ့အတွင်းရေးမှူးက

ကုန်လှောင်ရုံထဲ ဝင်ချင်တယ်.. ဒါပေမယ့်

ငါတို့ရဲ့လူတွေ တားဆီးတာကြောင့်

အထဲမဝင်လိုက်ရဘူးလေ....

ဆိုရိုးအတိုင်းပဲ... ခွေးကို

ရိုက်ချင်ရင်တောင်မှ ခွေးသခင်ကို

ကြည့်ရဦးမယ် မဟုတ်လား.... သူ

အရှက်ရသလို ခံစားရလို့ ဒီလိုမျိုး

လုပ်လာခဲ့တာပဲ.... "

အမျိုးသမီး အတွင်းရေးမှူးမှ တခဏခန့်

တွေးတောပြီးနောက် ဘာဖြစ်နေလဲဆိုတာ

နားလည်သွားတော့၏။

"ဥက္ကဋ္ဌချောင် ဒီလိုလုပ်လိုက်တာက သူ့ကို

မျက်နှာသာပေးလိုက်တာပေါ့နော်.... "

"ဒါပေါ့ကွ... ငါသူ့လိုလူမျိုးတွေ အများကြီး

ကြုံခဲ့ပြီးပြီ... သူ့တို့ကိုယ်သူတို့

အကြီးကြီးတွေ ပြောပြီး

လူလေးစားတာခံချင်ကြတာ...

လုံလောက်တဲ့ မျက်နှာသာပေးနေသရွေ့

အားလုံး ဆွေးနွေးလို့ရတယ်... "

"ဥက္ကဌချောင်က အရမ်းတော်တာပဲ...

သူဘယ်လိုလူစားမျိုးလဲဆိုတာ

တစ်ချက်ကြည့်လိုက်တာနဲ့

ပြောနိုင်တယ်နော်.... "

ချောင်ရှန့်ယွီ ပြုံးလိုက်ပြီး "ငါ

အလုပ်လုပ်လာတာလည်း နှစ်ပေါင်း

မနည်းတော့ဘူးလေ... ဒီလောက်လေးမှ

အမြင်မရှိရင်လည်း အသက်ရှင်လာတာ

အလကား ဖြစ်သွားမှာပေါ့ကွ... "

"အွန်း... သူ့ကို မြန်မြန်လေး

ပထုတ်ပစ်လိုက်.. ကျွန်မကတော့

သူမြင်တာနဲ့တင် အရမ်း

စိတ်အနှောက်အယှက် ဖြစ်တာပဲ.... "

ချောင်ရှန့်ယွီ ခေါင်းညိမ့်လိုက်ပြီး

"မြန်မြန်လေး ကုန်လှောင်ရုံက လူတွေကို

ရှိုးပွဲစဖို့ ပြောထားလိုက်... သူဝင်လာတာနဲ့

အလေးတွေ ဘာညာ ပြုပေးလိုက်...

ဒီကောင် စိတ်ကျေနပ်သွားရင်

ပြီးသွားလိမ့်မယ်.... "

"အွန်း... ကျွန်မ

ခုသွားပြောလိုက်တော့မယ်.... "

မိနစ်အနည်းငယ်ကြာပြီးနောက် လင်းရီတို့

ကုန်လှောင်ရုံရှေ့ရောက်ရှိလာလေသည်။

တစ်ချိန်တည်းတွင် ကုန်လှောင်ရုံထဲမှ

လူလေးယောက် ထွက်လာခဲ့ပြီး

ခါးကျိုးမတတ် ဦးညွတ်ကာ

"ကုန်လှောင်ရုံလာစစ်ဆေးတဲ့

မစ္စတာလင်းကို ကြိုဆိုပါတယ်ခင်ဗျ.... "

"ငယ်သားတို့ ... မင်းတို့ ပင်ပန်းသွားရပြီ....

"

"မစ္စတာလင်း အတွက်ဆို

ထိုက်တန်ပါတယ်ဗျ.... "

လျိုယင်းရှီကတော့ ဘေးကနေရင်း

ရှုပ်ထွေးနေလေသည်။

'ဘာတုန်းဟ.. မစ္စတာလင်းက သာမန်ဆို

ဒီလိုမျိုး ရောလို့ လွယ်တဲ့ လူစားမျိုး

မဟုတ်ပါဘူးဟ....'

"မစ္စတာလင်း... တစ်လိပ်လောက်

လုပ်ပါဦးဗျ... "ကုန်လှောင်ရုံ မန်နေဂျာမှ

စီကရက်တစ်လိပ်ကမ်းပေးလိုက်၏။

"ငါမသောက်ဘူး... ဆေးလိပ်သောက်ပြီးရင်

ချောင်းဆိုးတတ်လို့... "

"ဘော့စ်လင်း... ရေနည်းနည်းလောက်

သောက်ပါဦးလားဗျ... ကျုပ်တို့ ဟိုး

ဝေးလံခေါင်ဖျားတဲ့ အရပ်က စမ်းရေကို

တကူးတက မှာယူထားတာပါ.... "

"တော်ပြီ... ရေသောက်ပြီးရင် ငါက

လည်ချောင်းယားတတ်တယ်..... "

လူတိုင်း ပြောစရာစကားတို့

ပျောက်ရှသွားခဲ့ရ၏။

ခင်များ တမင်လုပ်နေတာမလား...

အမျိုးသမီး အတွင်းရေးမှူးကတော့

လင်းရီကို အထင်သေးသည့် မျက်ဝန်းတို့ဖြင့်

ကြည့်လိုက်၏။

'ဟမ့် ဟန်လုပ်နေတယ်... ဒီလိုကောင်မျိုးက

ဥက္ကဋ္ဌချောင်နဲ့ ယှဉ်ရင် ဆီနဲ့ရေပဲ...'

လင်းရီကတော့ လက်နောက်ပစ်ပြီး

မြောက်ကြွမြောက်ကြွ အထာဖြင့်

ကုန်လှောင်ရုံကို လှည့်ပတ်

စစ်ဆေးလိုက်လေသည်။

"အစ်ကိုချောင် .. Cisco က တကယ့်ကို

တစ်ခုခုတော့ တစ်ခုခုပဲ... ဘယ်လောက်မှ

မကြာသေးတာကို ဒီကုန်လှောင်ရုံတွေက

အကုန်အပြည့်ဖြစ်နေပြီ... ဒါတွေကိုသာ

ဖြန့်ဝေလိုက်မယ်ဆိုရင် ပိုက်ဆံ

အတော်လေး ရမှာ မဟုတ်ဘူးလား...."

"လုပ်ငန်း အသေးစားလေးပါကွာ....

လင်းညီလေးရဲ့

စီးပွားရေးလုပ်ငန်းတွေနဲ့ယှဉ်ရင်တော့

အဝေးကြီး လိုနေသေးတုန်းပဲ... "

"အေးဆေးပေါ့... ကျုပ်လည်း ဒီလို

အောက်ခြေကနေ စခဲ့တာပဲလေ...

နားမလည်တာ ရှိရင်

ကျုပ်ကိုလာမေးလှည့်..

အချင်းချင်းတွေပဲကို ကျုပ် ပိုက်ဆံ

အများကြီး မတောင်းပါဘူး.... "

ငင်းကိုကြားတော့ ချောင်ရှန့်ယွီ စိတ်ထဲတွင်

အားပါးတရကျိန်ဆဲလိုက်၏။

သို့သော်လည်း အပြင်ဘက်တွင်တော့

ယဉ်ကျေးစွာ ပြုံးထားဆဲပင်။

"ဒါပေါ့ ဒါပေါ့.. ငါ နားမလည်တာတွေ ရှိရင် လင်းညီလေးကိုပဲ အားကိုးရမှာ... "

"အင်း.... အစ်ကိုချောင်က အကြီးကြီးတွေ လုပ်ရဖို့ ကံပါလာတဲ့သူပဲ... တကယ်လို့ မသိတာရှိရင် လည်းလေ့လာ... ဒါမှ အောင်မြင်မှာ..."

"ဟားဟား..... "

ချောင်ရှန့်ယို့ ရင်ထဲတွင် နှာခေါင်းရှုံ့လိုက်ပြီး

ဘာမျှတော့ မပြောလိုက်ပေ။ သူ လင်းရီ၏

အရှက်ကင်းမဲ့မှုကို တော်တော်လေး

ဆွံ့အနေလေသည်။

ဒီကောင် သူဘာတွေ ပြောနေတာလဲ

ဆိုတာကော နားလည်ရဲ့လားကွ...

နာရီဝက်ကြာပြီးနောက် လင်းရီတို့

ကုန်လှောင်ရုံများထံ လည်ပတ်၍

ပြီးသွားလေသည်။

"ရှောင်လို့... ငါ့ကိစ္စပြီးပြီ... ခု

မင်းအလုပ်ကို ပြန်ဆက်လုပ်တော့...

နောက်ဆို ဒါတွေနဲ့

ခေါင်းရှုပ်ခံမနေနဲ့တော့...."

"ရက်စ်ဘောစ်....ကျုပ် ခုပဲ

သွားလိုက်ပါမယ်... "လျိုယင်းရှီ ပျော်ရွှင်စွာ

ပြောလိုက်သည်။

"အိမ်း....ဒီခရီးက

အချိန်တစ်နာရီလောက်ကြာတော့ ပိုက်ဆံ

ယွမ်ဒါဇင်လောက် ဆုံးရှုံးသွားပြီကွာ...

မှတ်ထား...ပိုက်ဆံရှာတဲ့ အချိန်ကျရင်

သေးငယ်တဲ့ စမ်းချောင်းလေးကို ထာဝရ

စီးဆင်းနေနိုင်အောင် လုပ်ရမယ်....

မျက်စိရှေ့မှာ ရောက်နေတဲ့

ရေတိုအကျိုးအမြတ်ကို မကြည့်ရဘူး...

ဖြည်းဖြည်းချင်း ရှာဖွေသွားရမယ်.... "

"နားလည်ပါပြီဘော့စ်... "

"ဟော့ ဟော့ ... ခဏလေးနေစမ်းပါဦး... "

လျှိုယင်းရှိ ထွက်ခွာသွားတော့မည်ကို

မြင်တော့ ချောင်ရှုန့်ယွီ နောက်မှ

လှမ်းဟန့်တားလိုက်၏။

"ညီကို .. မင်းခုက ဘယ်လဲ သွားမလို့.... "

"လှည့်တာပြီးသွားတော့... ခု

အိမ်သာသွားပြီး

ပိုက်ဆံပြန်ကောက်မယ်လေ.... "

"ပိုက်ဆံ ကောက်မယ်.... "

ချောင်ရှုန့်ယွီ အမူအရာမှာ ရုပ်ဆိုးသွားခဲ့ပြီး

"လင်းညီလေး.. မင်းဒါ ဘာသဘောလဲ...

ငါ့ဘက်က ကုန်လျှောင်ရုံကိုလည်း

လိုက်ပြပြီးသွားပြီ... ရေနွေးကြမ်း

စီးကရက်တွေတောင် ပြင်ပေးသေးတယ်...

ဘာလို့ သူ့ကို အိမ်သာခ

ဆက်ကောက်ခိုင်းနေတာ.... "

"ကျုပ်လည်း တတ်နိုင်ရင်

ဘယ်လုပ်ခိုင်းချင်ပါ့မလဲ အစ်ကိုချောင်ရာ...

"လင်းရှိ သက်ပြင်းချလိုက်ပြီး

"သူက ကျုပ်နဲ့ သွေးဝေးတဲ့ ဆွေမျိုးလေ...

သူ့မိဘတွေက အပြင်းဖျားပြီး

ဆုံးသွားခဲ့တာ... ဒီကောင့်မှာက

ဘာအရည်အချင်းမှလည်း ရှိတာက

မဟုတ်ဘူး... ဆိုတော့ ဒီလို အလုပ်ပဲ

လုပ်ခိုင်းရတော့တာပေါ့... တကယ်လို့

တခြားရွေးချယ်စရာရှိရင် ကျုပ်လည်း

မခိုင်းချင်ပါဘူး...."

"လွယ်ပါတယ်... ငါ သူ့အတွက်

ဝပ်ရှော့ခ်မှာ အလုပ်တစ်ခု

စီစဉ်ပေးလိုက်မယ်လေ... အဲ့လိုဆို

သူလည်း ဝင်ငွေ

ရသွားတာပေါ့...  "ချောင်ရှန့်ယွီ

ပြောလိုက်သည်။

"ပြဿနာက ကျုပ် ဆွေမျိုးမှာ

ကြွက်သားတွေပဲ ရှိပြီး

အဆံချောင်နေတာက ခက်တာ... အဲ့လို

ခေါင်းသုံးရတဲ့ အလုပ်တွေက သူနဲ့

ကီးမကိုက်ဘူး... ပြီးတော့ သူလုပ်ချင်တဲ့

အလုပ်လည်း ရှိသေးတယ်....

သူ့အိပ်မက်က ငယ်ငယ်ကတည်းကရင်

ကိုယ်ပိုင်စီးပွားရေးလေး လုပ်ချင်နေတာ....

"

ထို့နောက် လင်းရီ လျိုယင်းရှီကို

ကြည့်လိုက်ပြီး "ငါ မှတ်မိသလောက် မင်း

အလုပ်လုပ်မယ်ဆိုပြီး

ဆိုင်ခန်းငှားဖို့ကြံတော့ တစ်နှစ်ငှားခကို

ယွမ်နှစ်သိန်းတောင်းနေတာမလား... "

"အမှန်ပဲ... အဲ့သူဌေးက သေရင်

ပိဿာဖြစ်မယ့် ဖက်တီးကြီး ... ကျုပ်ကို

ယွမ်နှစ်သိန်းကြီးများတောင်

တောင်းတယ်... ဒီမှာ အလုပ်ကြိုးစားပြီးရင်

ပိုက်ဆံတွေနဲ့ သူ့အဆီထူနေတဲ့

မျက်နှာကြီးကို ဖြတ်ရိုက်ပစ်ဦးမယ်.... "

လင်းရီ ခေါင်းညိမ့်လိုက်ပြီး

"မင်းအကြံတွေက တကယ်မဆိုးဘူး...

ဥက္ကဌချောင်ရဲ့လက်အောက်မှာ လူတွေက

အရမ်းများတော့

နှစ်လသုံးလလောက်နေရင်

မင်းရည်မှန်းချက်တွေ ပြည့်လောက်ပြီ... "

"ငါ့ရှီးပဲ... "

ချောင်ရှန့်ယွီ စိတ်ထဲ ကျိန်ဆဲ လိုက်ပြီး

"မင်းတို့က ဒီမှာ နှစ်လသုံးလလောက်

အလုပ်လုပ်ချင်သေးတယ်ပေါ့လေ...

ငါ့စီးပွားရေးကို တုတ်နဲ့

လာထိုးနေတာလားကွ... "

"ညီကိုလို့... မင်းက လင်းညီလေးရဲ့

ဆွေမျိုးဆိုမှတော့ လိုတဲ့ ယွမ်နှစ်သိန်းကို

ငါပေးလိုက်မယ်... ရင်းနှီးမြုပ်နှံတယ်လို့ပဲ

သဘောထားလိုက်ကွာ.....”

**အခန်း (၄၇၉)**

**ခွေး သားပေါက်ရင် ပွဲလုပ်ပေးရတယ်...**

"အစ်ကိုချောင် ... အဲ့လိုလုပ်တာက

သိပ်မကောင်းဘူး ထင်တယ်နော...

ခင်များအတွက်လည်း ပိုက်ဆံရှာဖို့ဆိုတာ

လွယ်ကူတာမှ မဟုတ်တာ... သူ့ဘာသူ

ရှာပြီး ဝယ်ပါစေ...."လင်းရီ

ငြင်းဆိုလိုက်၏။

"လင်းညီလေး.... မင်း ဘာတွေ

ပြောနေတာ... "ချောင်ရှန့်ယွီ ပြောလိုက်ပြီး

"ငါ့အတွက် ပိုက်ဆံရှာရတာ

မလွယ်ဘူးဆိုရင်တောင်မှ ယွမ် နှစ်သိန်းက

လုံးဝ မများဘူး... အဲ့လောက်ကတော့

တတ်နိုင်ပါသေးတယ်... ပြီးတော့

အိမ်သာစောင့်တယ် ဆိုတာကလည်း

လူလေးစားတဲ့ အလုပ်မဟုတ်ဘူးလေ....

သူ့ကို လုပ်ခိုင်းလို့ ဘယ်ကောင်းမှာ.... "

ထိုသို့ပြောရင်း ချောင်ရှန့်ယွီ

ချက်ခ်လက်မှတ်စာအုပ်ထုတ်ကာ

ယွမ်နှစ်သိန်းတန်

ချက်ခ်လက်မှတ်တစ်စောင်

ရေးပေးလိုက်၏။ ထို့နောက် လျိုယင်းရှီထံ

ကမ်းပေးလိုက်လေသည်။

"ကောင်းပြီလေ... အစ်ကိုချောင်ကတောင်

ဒီလိုပြောလာမှတော့ ကျုပ်

အားနာမနေတော့ဘူး.... "လင်းရီ

လျိုယင်းရှီကို ကြည့်လိုက်ပြီး

"ဒါရိုက်တာချောင်ကို

ကျေးဇူးတင်လိုက်လေ...."

"ကျေးဇူးပါ ဒါရိုက်တာချောင်... ကျေးဇူး

အများကြီး တင်ပါတယ်..... "

"လင်းညီလေး.... မင်း ကတိနဲ့ မင်းနော်...

ငွေလက်ခံပြီးပြီဆိုတော့ မင်းရဲ့ဆွေမျိုးကို

အိမ်သာစောင့် ဆက်မလုပ်ခိုင်းနဲ့တော့....

"ချောင်ရှန့်ယွီမှ ပြောလိုက်သည်။

"မပူနဲ့... ကျုပ် လင်းရီက ကတိတစ်လုံးနဲ့

နေလာတာ... သူ့ကို အိမ်သာစောင့်ခိုင်းဖို့

အစီအစဉ်မရှိတော့ဘူး...."

လင်းရဲ့ သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး

"သွားစို့... ငါနဲ့ ကန်သင်းကို လိုက်ခဲ့...."

"ဟမ်....."

ချောင်ရှန့်ယွီ ကြက်သေသေသွားခဲ့ပြီး

"လင်းညီလေး.... မင်းက ကန်သင်းကို

ဘာလဲ သွားလုပ်မှာ..... "

"ကျုပ်ကခု Sci-tech စက်ရုံရဲ့

ကန့်သင်းတာဝန်ခံလေ.... ဒီတော့

ပိုက်ဆံရအောင် တစ်နည်းနည်းတော့

ဖန်ရမှာပေါ့.... "

"ဒါပေမယ့် ငါ ခုလေးတင် မင်းကို ယွမ်

နှစ်သိန်းပေးလိုက်ပြီလေ.... "

"ကျုပ်ကို ပေးတာမှ မဟုတ်တာ.... ကျုပ်က

ခု ပိုက်ဆံကို အရေးတကြီး

လိုအပ်နေတာ.... မဟုတ်ရင်

ခွက်ဆွဲရမယ့်ကိန်း ဆိုက်နေပြီ.... "

"လင်းညီလေး... ငါ မင်းကို

ဝေဖန်ပြစ်တင်တာတော့ မဟုတ်ပေမယ့်

မင်း ဒီလို လောင်းကစား ဆက်လုပ်နေရင်

ပိုက်ဆံ ဘယ်လောက်ရှိရှိ အကုန်

လုံးပါးပါးတော့မှာနော....."

"အစ်ကိုချောင် ခင်များ မှားနေပြီ...

ကျုပ်အခု ပိုက်ဆံ အရေးတကြီး

ရှာနေတယ်ဆိုတာက လောင်းကစား လုပ်ဖို့

မဟုတ်ဘူး... "လင်းရီ ပြောလိုက်ပြီး

"တလောကမှ သူတို့အိမ်က ခွေးမကြီးက

ခွေးဆယ်ကောင် ပေါက်ထားတာလေ...

အဲ့တာ သူတို့ အောင်ပွဲခံတဲ့ အနေနဲ့

သုံးရက်သုံးည အလှူကြီးပေးမလို့

လုပ်နေတာ... ကျုပ်လည်း

ယွမ်နှစ်သောင်းလောက် ဟုန်ပေါင်း

ပေးချင်ပေမယ့် ကိုယ်တိုင်ကလည်း

ဘိုင်ပြတ်နေတယ်ဆိုတော့ ဒီလိုပဲ

ကြံမိကြံရာ ကြံရတော့တာပေါ့ဗျာ...."

လျိုယင်းရှိ 'မစ္စတာလင်း.. ကျုပ်တို့ အိမ်က

ခွေးမမွေးဘူးလေ...'

'ငါယိုးပဲ...'

ချောင်ရှန့်ယွိ စိတ်ထဲတွင် ကျိန်ဆဲလိုက်ပြီး

'ဒီကောင် ငါ့ကို မလိမ့်တစ်ပတ်

လုပ်သွားပြန်ပြီ....'

ဘယ်ခွေးက တစ်ခါပေါက်ရင် ဆယ်ကောင်

ပေါက်လို့တုန်းကွ...

"ဒါရိုက်တာချောင် .. ကျွန်မတို့ ခု

ဘယ်လိုလုပ်ကြမလဲ... ဒီ လူယုတ်မာတာ

ကန်သင်းသွားလို့ကတော့ သေချာပေါက်

ပြဿနာရှာမှာနော်... "အမျိုးသမီး

အတွင်းရေးမှူးမှ အရေးတကြီးဖြင့်

ပြောလိုက်သည်။

"ငါ သိတယ်.... "

ချောင်ရှန့်ယွီ သူ့အံ့ကို

တင်းတင်းကြိတ်လိုက်ပြီး "ပိုက်ဆံ

အများကြီး ကုန်ပြီးမှတော့ နောက်ထပ် ယွမ်

နှစ်သောင်းလောက်လေး ကုန်တာ

ထည့်တွက်မနေတော့ဘူးကွာ... တကယ်လို့

ငါသူ့ကို ပေးလိုက်မယ်ဆိုရင် Sci-tech

စက်ရုံတစ်ခုလုံးက ငါ့လက်ထဲ

ရောက်လာပြီ.....နောင်ကျရင်

ဒီကောင့်ကြောင့်နဲ့လည်း ခေါင်းစားခံနေစရာ

မလိုတော့ဘူး..... "

"အွန်း... ကျွန်မတို့ တတ်နိုင်တာ

အဲ့တစ်နည်းပဲ ရှိတော့တယ်.... "

"ဝေ့ လင်းညီလေး... ယွမ် နှစ်သောင်းတည်း မလား... မင်းဘဝကြီးက ခု သောက်ရမ်းခက်ခဲနေတာဆိုတော့ မင်းအစ်ကိုကြီးကလည်း မကြည့်ရက်ပါဘူးကွာ... လာခဲ့... ယွမ် နှစ်သောင်း ငါကူညီပေးမယ်.... "

"မကောင်းဘူး ထင်တယ်နော... ကျုပ် အစ်ကိုချောင်နားက ပိုက်ဆံ

ထပ်မယူတော့ဘူးလို့ စဉ်းစားထားတာ....

နေပါဗျာ... ကျုပ်ဘာကျုပ် ကန်သင်းမှာ

ထိုင်စားခ သွားကောက်တာပဲ

ကောင်းပါတယ်...."

'ငိုးပဲ ဒီကောင်က ထိုင်စားတာတောင်

ပိုက်ဆံ ကောက်ဦးမလို့တဲ့လား....'

"လင်းညီလေး... အချင်းချင်းတွေကို

ဒီလိုစကားတွေ ပြောစရာ လိုလို့လားကွာ...

ယွမ်နှစ်သောင်းလောက်လေးကတော့

မပြောပလောက်ဘူး....ခဏစောင့်"

ချောင်ရှန့်ယွီ သူ့ချက်ခ်လက်မှတ် စာအုပ်ကို

ပြန်ထုတ်ကာ တစ်ခုခုရေးတော့မည့်

အချိန်တွင် လင်းရီကြောင့်

ရပ်တန့်ခံလိုက်ရ၏။

"အစ်ကိုချောင် ခင်များပြောတာ ကျုပ်

ဆွေမျိုးကလည်း ခင်များဆွေမျိုးလို့

ပြောတယ်မလား... ခု သူတို့က

ပွဲအကြီးကြီးပေးတော့မှာဆိုတော့ ပံ့ပိုးတဲ့

အနေနဲ့ ပွဲလာခဲ့ပါလား...."

"ဒါက........ မင်းလည်း တွေ့တဲ့အတိုင်းပဲ...

ဒီမှာက ငါမရှိရင် မဖြစ်ဘူးဆိုတော့ လာလို့

မရဘူး.... "

"ရပါတယ်... တစ်လှေတည်း

သီးနေကြတဲ့သူတွေပဲလေ....

မလာနိုင်မှတော့ ဟုန်ပေါင်း ပေးလိုက်လည်း

ရပါတယ်...."

ချောင်ရှန့်ယွီ မျက်နှာ

မည်းမှောင်သွားခဲ့သည်။

ငိုးပဲ ဒီကောင် ငါ့ကို လှည့်စားသွားပြန်ပြီ...

သည်းခံစမ်း ချောင်ရှန့်ယွီ... ဒီခါပြီးရင်

ပြီးပြီ....

'မကြာခင် Sci-tech က ငါ့အပိုင်

ဖြစ်တော့မှာ... အဲ့ခါကျရင်

တိုးရင်းပေါင်းပြီး လက်စားပြန်ချေမယ်....'

"ဘယ်တတ်နိုင်မှာ... ငါတို့က အလုပ်နဲ့

အကိုင်နဲ့ဆိုတော့ မအားလပ်နိုင်ဘူးလေ...

ဒီတော့ ဟုန်ပေါင်းပဲ

ပေးလိုက်တော့မယ်...."ဒါရိုက်တာချောင်မှ

လုပ်ပြုံးလေးဖြင့် ပြောလိုက်သည်။

"နှမြောဖို့ ကောင်းလိုက်တာဗျာ...

အစ်ကိုချောင်သာ လာလို့ကတော့ ကျုပ်တို့

ဆွေမျိုးတွေ သေချာပေါက်

ဂုဏ်တက်သွားမှာကို.... "

လင်းရှိမှ နှောင်တရနေသည့် လေသံဖြင့်

ပြောလိုက်၏။

"ငါလည်း သွားချင်တာပဲလေ.... ဒါပေမယ့်

ရွေးချယ်စရာမှ မရှိတာ.... "

"ရပါတယ်... မသွားနိုင်လည်း ကျုပ်

စီစဉ်ပေးလို့ရတယ်...."

သို့နှင့် လင်းရီ လျိုယင်းရှီကို ကြည့်လိုက်ပြီး

"ငါမင်းကို ပြောလိုက်မယ်...

အစ်ကိုချောင်က မလာနိုင်ဘူးဆိုရင်တောင်မှ

သူ့ရဲ့ ယွမ်တစ်သိန်းတန် ရက်ရောမှုကြီးကို

လူတိုင်းသိအောင် လုပ်ပေးရမယ်....

မဟုတ်ရင် အဲ့ သောက်တောသားတွေက

အစ်ကိုချောင် ဘယ်လောက် အံ့သြဖို့

ကောင်းလဲဆိုတာ နားလည်နိုင်မှာ

မဟုတ်ဘူး...."

ချောင်ရှန့်ယွီ "?????"

"ငါ ဘယ်တုန်းက ယွမ် တစ်သိန်းပေးမယ်လို့ ပြောလိုက်မိလို့..."

"ဟမ်.... အဲ့တာဆို ကျုပ်နားကြားမှားတာလား...."လင်းရီ လှိုင်ယင်းရှီကို ပြန်ကြည့်လိုက်ပြီး "တို့ အစ်ကိုချောင် ရက်ရောချက်ကတော့ လက်လန်တယ်.... ယွမ်နှစ်သိန်းတောင်

ဟုန်ပေါင်းပေးမယ်တဲ့… မင်း ဒီကျေးဇူးကို

သေချာမှတ်ထားရမယ်နော်ဟျောင့်…. "

ချောင်ရှန့်ယွီ သွေးအန်လုနီးပါး

ဖြစ်သွားခဲ့သည်။

ဘယ်မြေနိုးက ငါ ယွမ်နှစ်သိန်း ပေးမယ်လို့

ပြောလိုက်တာလဲကွ….

"လင်းညီလေး... မင်း

နားကြားမမှားလိုက်ဘူး... ငါ ပြောတာ

ယွမ်တစ်သိန်းပေးမယ်လို့ ပြောတာ....

ယွမ်နှစ်သိန်းမဟုတ်ဘူး...."

"အမ်....ကောင်းပြီလေ... ဘယ်လောက်

သေးတဲ့ ခြင်ပဲ ဖြစ်ဖြစ် အသားကတော့

ရှိသေးတာပဲ မဟုတ်လား....

တစ်သိန်းလည်း တစ်သိန်းအလိုက်ပေါ့..

ကျုပ်တို့ စိတ်မရှိပါဘူး...."

ချောင်ရှန့်ယွီ ဘယ်လို ပြန်ပြောရမှန်း မသိ

ဖြစ်သွားခဲ့၏။

ငိုးပဲ.. ဒီကောင် တော်တော်

သောက်ရှက်မဲ့တာပဲကွ...

တဂျစ်ဂျစ်မြည်အောင် အံကြိတ်ရင်း ယွမ်

တစ်သိန်းနှစ်သောင်းတန်

ချက်ခ်လက်မှတ်ရေးကာ လင်းရီထံ

ကမ်းပေးလိုက်၏။

"လင်းညီလေး.. ခု ဒီကိစ္စ ပြီးသွားပြီနော်...

ငါတို့ကခု ဝပ်ရှော့ခ်၊ ကုန်လှောင်ရုံတွေ

အိမ်သာတွေနဲ့ ကန်သင်းတွေ အကုန်လုံးရဲ့

တာဝန်ခံ ဖြစ်သွားပြီ... မင်း ဝင်ပါလို့

မရတော့ဘူး... "

"အဲ့အတွက်တော့ စိတ်ပူစရာ မလိုဘူး...

အစ်ကိုချောင်က

ဒီလောက်ရက်ရောနေမှတော့

ကျုပ်ကလည်း ဘယ်လှည့်စားရက်မှာ....

"လင်းရီ ပြုံးလိုက်၏။

"အိုကေ .. နောက်မှပြန်တွေ့ကြတာပေါ့..."

' ငါယီးမှ မင်းနဲ့ပြန်မတွေ့ချင်ဘူးဟျောင့်...'

ချောင်ရှန့်ယွီကတော့

လင်းရီမြန်မြန်သွားစေရန် မေတ္တာများ

ပို့သနေလေသည်။

ချောင်ရှုန့်ယွီကို နှုတ်ဆက်စကား

ပြောပြီးနောက် လင်းရီ ဝမ်ရန်

လျိုယင်းရှီတို့နှင့်အတူ ထွက်လာခဲ့လိုက်၏။

စက်ရုံဝင်ပေါက်ဝတွင် ရပ်နေရင်း လင်းရီ

ဝမ်ရန်ကို ကြည့်ကာ "နောက်

လေးငါးရက်လောက်အထိ မင်း

စိတ်တိုင်းကျသာလုပ်... အထဲက

ယောဘုယျလုပ်ရှားမှုတွေလောက်

နားလည်ထားရင် အဆင်ပြေပြီ.... "

"နားလည်ပါပြီရှင့်... ကျေးဇူးပါ တီချယ်.... "

ဝမ်ရန်ကို ညွှန်ကြားချက်တစ်ချို့

ပေးပြီးနောက် လင်းရှီနှင့် လျိုယင်းရှီတို့

ကားနား ရောက်လာခဲ့လေသည်။

"မစ္စတာလင်း ယွမ် သုံးသိန်းနှစ်သောင်းတန်

ချက်ခ်လက်မှတ်တွေပါဗျ... "

"မလိုဘူး... မင်းပဲ သိမ်းထားလိုက်တော့...

ငါ့နောက် အလကား လိုက်ခဲ့ရတယ်လို့

ရာဇဝင်တွင်သွားလို့ ဘယ်ဖြစ်မှာ.... "

ပြောပြီးနောက် လင်းရီ လက်ဝှေ့ယမ်းကာ

ကားထဲဝင်၍ စက်နှိုးလိုက်၏။ "မင်း

ကုန်လှောင်ရုံတွေထဲ လှည့်ပတ်ကြည့်တော့

အခန်းဖွဲ့စည်းပုံနဲ့ စောင့်ကြည့်ရေး

ကင်မရာတွေ ဘယ်နှစ်ခု တပ်ထားလဲ

ဆိုတာ မှတ်မိတယ်မလား.... "

"ဟုတ်ကဲ့... အကုန်မှတ်မိပါတယ်.... "

"အင်း... သင့်တော်တဲ့ လူတစ်ချို့ကို

ဆက်သွယ်ပြီးတော့ ငါ အမိန့်ပေးတာကို

စောင့်နေ... အချိန်မရွေး လှူပ်ရှားနိုင်အောင်

အဆင်သင့်လုပ်ထားကြ.... "

"မစ္စတာလင်း.....စိတ်မပူပါနဲ့ဗျ...

ကျုပ်အကောင်းဆုံး

ဆောင်ရွက်ပေးသွားမှာပါ...."

"အင်း.... အဆင်သင့်ဖြစ်နေပါစေ...

ဒီကိစ္စက အရေးကြီးတယ်.... "

"နားလည်ပါပြီ.... "

စက်မှုဇုန်မှ ထွက်လာခဲ့ပြီးနောက် လင်းရီ

လျိုယင်းရှီကို စီနိုဟန်ကုမ္ပဏီသို့ ပြန်ပို့ကာ

သူကတော့ စားပြီးသောက်ပြီး ဆေးရုံသို့

ဦးတည်လိုက်လေသည်။

ဆေးရုံသို့ ရောက်သည့် အချိန်တွင်တော့

လင်းရီ စတင်၍ အလုပ်များရချေပြီ။

အဘယ်ကြောင့်ဆိုသော် နေ့လည်ပိုင်းတွင်

ခွဲစိတ်မှုတစ်ခု ရှိသောကြောင့် လူနာ၏

ဆေးမှတ်တမ်းများကို စစ်ဆေးကြည့်ရန်

လိုအပ်၏။ သို့သော်လည်း လီချူးဟာန်မှ

သူ့အတွက် အားလုံး ပြင်ဆင်ပေးပြီးသား

ဖြစ်ကာ လင်းရီ ဖတ်ရှုစရာတောင်

မလိုဘဲ  စိတ်ရှည်လက်ရှည်ဖြင့် အစအဆုံး

ရှင်းပြပေးလေသည်။

မွန်းလွဲညနေ ငါးနာရီ ထိုးသောအခါ

ခွဲစိတ်မှုမှာ ပြီးဆုံးသွားခဲ့ပြီး မစ်ရှင်

ပြီးမြောက်မှုမှာလည်း (၃/၅) ဖြစ်သွားခဲ့၏။

နောက်နှစ်ရက်တွင်လည်း ခွဲစိတ်မှုများ

ပြုရဦးမည် ဖြစ်သောကြောင့် မစ်ရှင်မှာ

လျင်မြန်စွာ ပြီးဆုံးသွားတော့ပေမည်။

ယခု လင်းရီ စိတ်ထဲတွင်တော့ 4 nanometer အလင်းအရင်းအမြစ်ကို မည်သို့ ကိုင်တွယ်ရမလဲဆိုတာ တစ်ချိန်လုံး စဉ်းစားနေခဲ့၏။

အဘယ်ကြောင့်ဆိုသော် သူ၏ အစီအစဉ် တစ်ခုလုံးတွင် ယခု ပြဿနာက ဖြေရှင်းရ အခက်ဆုံး ဖြစ်နေသောကြောင့်ပင်။

ကလင် ကလင်...

လင်းရဲ့ ဖုန်းသံ မြည်လာခဲ့၏။

ခေါ်ဆိုလာသူကတော့ ကျော်ချင်းရန်ပင်။

"ဒေါက်တာလင်း... နင် အခု

အလုပ်ဆင်းပြီလား...."

"အင်း ခုလေးတင် လူနာတစ်ယောက်ကို

ခွဲစိတ်လို့ ပြီးသွားတာ.. တကယ်လို့

နောက်ထပ် ဘာမှ လုပ်စရာ

မရှိဘူးဆိုရင်တော့ မင်းကို

လာကြိုပေးလို့ရတယ်.... "

"မလိုဘူး.. ခု ငါနဲ့ ယွမ်ယွမ်နဲ့က ဈေးထဲ

ရောက်နေတာ.... ငါတို့ ဒီည ဟော့ပေါ့

အတူစားကြရင် ဘယ်လိုလဲ... "

"ယွမ်ယွမ်ကကော အတူပါလာမှာလား.... "

"ဟုတ်တယ်လေ.. ငါ ယွမ်ယွမ်ကို ပြောစရာ

ရှိလို့ စားရင်းနဲ့ ထိုင်ပြီး ဆွေးနွေးလို့လည်း

ရတာပေါ့.... "

"ရတယ်... ဒါပေမယ့် ငါကတော့

အသားတွေ ဝယ်ဖို့ ပိုက်ဆံ

မစိုက်ပေးနိုင်ဘူးနော်… ကပ်စေးအိုး

ယွမ်ယွမ်ပဲ ဝယ်ပါလေ့စေ….”

**အခန်း (၄၈၀)**

**မင်း ချစ်စရာ ကောင်းသလို လုပ်နေတာက**

**ငါ့ဝိဉာဏ်တောင် လွင့်ထွက်မတတ်ပဲ**

"အို ကေ ... ငါ သူ့ကို ဝယ်ခိုင်းလိုက်မယ်....

"

ကျီချင်းရန် ပြောလိုက်ပြီး "နင်

အလုပ်ဆင်းရင် ကျိုကျုံး ဗီလာကို

တန်းပြန်လိုက်တော့... ငါ့ကို လာကြိုစရာ

မလိုတော့ဘူး... "

"ဘာလဲ.. မင်းပဲ အရင်တုန်းက ငါ့ဘက်က

မဖိတ်ခေါ်ရင် မလာပါဘူးဆို.... "

"ဒီတစ်ကြိမ်ကို ထည့်မတွက်ဘူး...

ယွမ်ယွမ်က အတင်းတောင်းဆိုနေလို့နော်...

မဟုတ်ရင် ငါက မျက်နှာအောက်ချပြီး

လာမှာတောင် မဟုတ်ဘူး.... "

"ဟားဟား... အေးပါကွ..."လင်းရီ

အပြုံးလေးဖြင့် ပြောလိုက်၏။ သူမမှာ

ဖုန်းတစ်ဖက်တွင်ရှိနေသော်လည်း

ကျီချင်းရန်၏ ဂုဏ်ဆာနေသည့်

အမူအရာကို လင်းရီ မြင်ယောင်ကြည့်ပြီး

ဖြစ်လေသည်။

ရိုးရှင်းသည့် အလာပသလ္လာပများ

ပြောဆိုပြီးနောက် လင်းရီ ဖုန်းချလိုက်၏။

ပော်ယွှမ်ယွှမ်လည်း အဘယ်ကြောင့် သူ့ဆီ

လာချင်နေလဲဆိုတာ ခန့်မှန်းပြီးဖြစ်ပြီး

အမိုက်ကကတော့ မျှော်လင့်ခြင်းကျောင်း

တည်ဆောက်ရေးနှင့်

လမ်းတည်ဆောက်ရေးတို့နှင့်

ဆက်စပ်နေရပေမည်။

လင်းရီ ထိုအကြောင်းများ တွေးတောရင်း

တစ်ဖက်မှ ပစ္စည်းများ သိမ်းနေစဉ်

လီချူးဟန် ဝင်လာသည်ကို မြင်လိုက်ရ၏။

"ချူးဟန်... ငါမှတ်မိသာ မှန်မယ်ဆိုရင်

မင်းရဲ့ မွေးရပ်မြေက ပေချောင်မြို့မလား..."

"အင်း... ဟုတ်တယ်လေ.. နင်က ဘာလဲ

လုပ်မလို့...."

"မင်း ဘယ်အချိန် သွားလည်ဖို့

စိတ်ကူးထားလဲ... "

"နောက် ဗုဒ္ဓဟူးနေ့လောက်... "

လင်းရဲ့ တခဏမျှ စဉ်းစားလိုက်ပြီး

ငါးရက်ခန့် ကျန်နေသေးသောကြောင့်

အိုကေ လက်ဟန် လုပ်ပြလိုက်ပြီး

"ကျန်တာကို

ငါကြည့်စီစဉ်ထားလိုက်မယ်.... "

"အွန်း.. ကျေးဇူးပဲနော်.... "

ဌာနရှိ နားစ်များကို နှုတ်ဆက်ပြီးနောက်

လင်းရီ ကျိုကျုံးဗီလာထံသို့

ပြန်လာခဲ့လေသည်။

သူပြန်ရောက်လာသည့် အချိန်တွင်တော့

ပါဝင်ပစ္စည်းများကို

ခင်းကျင်းထားပြီးဖြစ်ပြီး နှစ်ယောက်မှာ

ခြံဝန်းထဲတွင် အငွေ့အထောင်းထောင်းနှင့်

စားသောက်နေကြပြီး ဖြစ်၏။

"ဘော့စ်... ပြန်လာပြီလား... မြန်မြန်လာ..

နေးရင် ဘာမှ မကျန်ပဲ နေလိမ့်မယ်.... "

"ဘာလဲ မင်းက ငါ့ကိုတောင်

မစောင့်တော့ဘူးပေါ့...."

"အစ်မကျီစောင့်နေတယ်လေ...

ကျွန်မကတော့ ဆာလွန်းလို့

မစောင့်နိုင်တော့ဘူး...ဟီးဟီး..

အဲ့တာကြောင့် စားလိုက်ပြီ...."

"ဘာရယ်လို့တော့ မဟုတ်ပါဘူး..

မယဉ်ကျေးရာ ကျလို့ပါ..."ကျီချင်းရန်

အမှန်ပြင်ပေးလိုက်၏။

"အားလုံးက အလိမ်အညာတွေ... ကြည့်...

အစ်မတို့နှစ်ယောက်က ဘောင်းဘီတောင်

ဆင်တူ ဝတ်ထားကြပြီး ညီမကို

လိမ်ရလွယ်တယ်လို့များ

ထင်နေတာလား.... "

"ထားလိုက်တော့... လင်းရီလည်း

ပြန်လာပြီဆိုတော့

စားကြမယ်...."ကျီချင်းရန်

ပေါက်ယွမ်ယွမ်ကို စကားဖြတ်လိုက်ပြီး

စားရန် နှိုးဆော်လိုက်၏။

ထိုကောင်မလေးကို ဆက်လှတ်ထားပါက

နောက်ထပ် နားရှုက်စရာများ

ကရားရေလွှတ် ပြောပေတော့မည်။

"ဟုတ်တယ် ဟုတ်တယ်... စားကြစို့...

အဲ့တာပြီးရင် ရေကူးကြမယ်နော

အစ်မကြီး..."

"ဟိတ် ဟိတ် ဘာကို ရေကူးမှာ..မင်းရဲ့

စီနီယာအစ်မကျိုက D cup မို့လို့

လေးငါးပတ်လောက် ရေကူးလို့ရတာ...

ဒါပေမယ့် မင်းက B cup လေ... "လင်းရီ

ပြောလိုက်ပြီး

"ငါ့ရေကူးကန်ထဲမှာ D cup အောက်ဆို

ဘယ်သူကမှ ရေကူးလို့ မရဘူး.....

အဲ့လိုလုပ်လိုက်တာက ငါ့ရေကူးကန်ကို

စော်ကားလိုက်တာနဲ့ အတူတူပဲ..."လင်းရှီ

စနောက်လိုက်၏။

"မမကျို...."

"အမ်..... "

"ဘာလို့ အဲ့လိုကြီး ကြည့်နေတာ...

"ပော်ယွမ်ယွမ်  မျက်တောင်

ပုတ်ခတ်လုပ်၍ ကျီချင်းရန်ကို

ငေးကြည့်လိုက်သည်။

"မင်းရဲ့အစ်မကျီက ချစ်စရာကောင်းတဲ့ပုံစံ

လုပ်နေတာလေ... ကြည့်ရတာ အရမ်း

မျက်စိ အရသာရှိလွန်းတယ်... ဒါပေမယ့်

မင်း ချစ်စရာကောင်းတဲ့ပုံစံ

လုပ်နေတာကြီးက ငါ့ကို

ခြိမ်းခြောက်နေတာလားပဲ.... "လင်းရီ

ပြောလိုက်ပြီး "ရေကူးကန်ထဲ မကူးနဲ့...

ရေချိုးကန်ထဲမှာ ရေချိုးလှည့်....."

"ဟွန့်း.. ကျွန်မကတော့ အောက်ဆင်းပြီး

ကူးဖြစ်အောင်ကို ကူးမှာပဲ... ဘယ်သူမှ

ကျွန်မကို လာတားလို့ မရစေရဘူး.... "

"ကဲ ကဲ နင်တို့ နှစ်ယောက်

တော်လိုက်ကြတော့.. စားစရာရှိတာ

အရင်စားကြမယ်.... "

ကျီချင်းရန် အနည်းငယ်

ဇဝေဇဝါဖြစ်နေမိ၏။ တစ်ယောက်မှာ

ကုမ္ပဏီ၏ စီအီးအိုဖြစ်ပြီး

ကျန်တစ်ယောက်ကတော့ ကုမ္ပဏီ၏

စီအက်ဖ်အို ဖြစ်လေသည်။

ထိုနှစ်ယောက်မှာ တွေ့သည့် အချိန်တိုင်း

တကျက်ကျက် ဖြစ်နေသော်လည်း

ကုမ္ပဏီတစ်ခုတည်းတွင်

အလုပ်လုပ်နေသည်က

ထူးဆန်းနေတော့၏။

ဒီနှစ်ယောက်က အတော်လေးကို ပုံမှန်

မဟုတ်တာ....

ကျီချင်းရန်၏ ကြားဝင်

ဖြန်ဖြေမှုအောက်တွင် မည်သူမျှ ဘာမှ

မပြောကြတော့ပဲ ဟော့ပေါ့နှင့်

အကင်များကို

စတင်သုံးဆောင်ကြတော့၏။

စားသောက်နေစဉ် ကျီချင်းရန်မှ

စကားစလာခဲ့ပြီး

"နှင် ပေချောင်မြို့မှာ တံတားတစ်စင်း

ဆောက်ချင်တယ်လို့ ပြောတယ်နော်... ငါ့ခု

ကုန်ကျစရိတ်တွေကို

တွက်ချက်ကြည့်ပြီးသွားပြီ.... "

"ဟမ်...ပြီးသွားပြီလားဟ...."

"ဒါပေါ့...."ကျီချင်းရန် ဦးမော့လိုက်ပြီး "ငါ့ရဲ့

အရည်အချင်းတွေက အလကားသပ်သပ်မှ

မဟုတ်တာ.... "

"ယွမ်ယွမ် ငါ့ကို ပေးတဲ့

အချက်အလက်တွေ အရဆိုရင် မြို့ရဲ့

လမ်းအရှည်က ၃.၂

ကီလိုမီတာလောက်ရှိတယ်.. တကယ်လို့

ကုန်ကြမ်းတွေကို အနီးအနားကပဲ

ဝယ်လိုက်မယ်ဆိုရင် ကုန်ကျစရိတ်ကို ပိုပြီး

ချွေတာလို့ရတယ်... လေးမီးတာကျယ်တဲ့

ကွန်ကရစ်လမ်း တစ်မီတာကို

ယွမ်ရှစ်ရာနှုန်းလောက် သွားကျမယ်.... "

လင်းရီ တွက်ချက်မှု တစ်ချို့

ပြုလုပ်ပြီးနောက် "အဲ့တာဆို

အားလုံးပေါင်း  ယွမ် ၂.၅၆ မီလီယမ်

လောက်ကုန်ကျမှာပေါ့...."

ကျီချင်းရန် ခေါင်းညိတ်လိုက်၏။ "ဒါက ရွာရဲ့

အခြေအနေကို စဉ်းစားပြီး

တွက်ချက်ထားတာ.. ကွန်ကရစ်လမ်းက

ပိုအဆင်ပြေတယ်... မဟုတ်ရင်

ကတ္တရာလမ်းဆိုလို့ကတော့ ပိုပြီးတောင်

ကုန်ကျစရိတ်က ကြီးသွားဦးမယ်...

ဒါပေမယ့် မီတာ ၃၀ ကျော်ကျယ်တဲ့ မြစ်ကို

ဖြတ်သန်းဖို့တံတားကုန်ကျစရိတ်နဲ့

ယှဉ်ရင်တော့ မပြောပလောက်သေးဘူး...

တကယ်လို့နင်

ဆောက်ချင်တယ်ဆိုရင်တော့

တံတားအရှည်က အနည်းဆုံး

လေးမီးတာကျယ်ပြီး

မီတာငါးဆယ်ရှည်လျားရမယ်.... ဆိုတော့

စုစုပေါင်း တည်ဆောက်ရမယ့် ဧရိယာက

၂၀၀ စတုရန်းမီတာ...တစ်စတုရန်းမီတာကို

ယွမ် ငါးသောင်း ကုန်ကျမယ်ဆိုရင်

စုစုပေါင်း ကုန်ကျစရိတ်က ၁၀

မီလီယမ်ယွမ်ပဲ... လမ်းလုပ်ခပါ

ထည့်တွက်မယ်ဆိုရင် ၁၃ မီလီယမ်...

နောက်ပြီး

မျှော်လင့်ခြင်းကျောင်းကောဆိုရင်တော့

အပြီးအစီး အနည်းဆုံး  ၁၅ မီလီယမ်ပဲ ..."

ဟော်ယွမ်ယွမ် သူမ၏ အမူအရာကို

တည်တံ့လိုက်ပြီး "ဘော့စ်... ၁၅

မီလီယမ်က နည်းတဲ့ ပမာဏတော့

မဟုတ်ဘူးနော်... ရှင်တကယ်ကြီး လုပ်ဖို့

စီစဉ်ထားတာလား...."

"ဒါပေါ့ကွ... "လင်းရီ ပြောလိုက်ပြီး

"နည်းတဲ့ ပမာဏမဟုတ်ဘူးဆိုရင်တောင်မှ

၅ မီလီယမ်ကို ဖယ်ထားလိုက်ဦး...

ငါ့ဘက်က ၁၀ မီလီယမ်လောက်တော့

စိုက်နိုင်ပါသေးတယ်ဟ... "

ကျီချင်းရန်လည်း အစိုးရထံမှ ရန်ပုံငွေ

တောင်းခံ၍ ရမှန်း သိသောကြောင့်

မအံ့သြသွားခဲ့ပေ။

"အဲ့တာဆို ကုန်ကျစရိတ်ရဲ့

သုံးပုံတစ်ပုံလောက် သက်သာသွားပြီလို့

ပြောလို့ရတယ်... ဒီလိုဆိုရင်တော့

အစီအစဉ်က မဖြစ်နိုင်တာ

မဟုတ်တော့ဘူး...."

ကျီချင်းရန် အသားတစ်ဖက်ကို

ညှပ်လိုက်ပြီး ဟော့ပေါ့အိုးထဲနှစ်ကာ "နင်

ဘယ်အချိန် စလုပ်ဖို့ စီစဉ်ထားလဲ... "

"မြို့ဆင်ခြေဖုံးက ပရောဂျက်က

စနေပြီဆိုတော့ မင်းဘက်က

လူခွဲပေးနိုင်လို့လား.... "

"ပရောဂျက် အသေးအမွှားလေးပဲကို...

လူဘယ်လောက်မှ လိုမှာမှ မဟုတ်တာ...

ကိစ္စမရှိဘူး...."

"အဲ့တာဆိုလည်း

အသင့်ပြင်ထားလိုက်တော့ကွာ.... ငါတို့

ကျန်တာတွေကို ပေချောင်မြို့နဲ့

ဆွေးနွေးရဦးမှာ... ဒါပေမယ့် မကြာပါဘူး...

လေးငါးရက်လောက်ပါပဲ... "

"အင်း  တိုက်တိုက်ဆိုင်ဆိုင် ငါတို့လည်း

အစောပိုင်း ပြင်ဆင်မှုတွေ

လုပ်ရဦးမှာဆိုတော့ လောစရာ

အကြောင်းတော့ မရှိပါဘူးလေ.... "

ကျီချင်းရန်နှင့် ဟော်ယွမ်ယွမ်တို့မှာ

သိပ်အများကြီး မစားနိုင်ကြချေ။

နာရီဝက်ကြာပြီးနောက် သူမတို့ တူများကို

လွှတ်ချလိုက်ကြပြီး အခန်းထဲသို့ သွားကာ

ရေကူးဝတ်စုံ သွားလဲကြလေသည်။

ထို့နောက် ရေကူးကန်ထဲသို့ ဒိုင်ဗင်ထိုးချရန်

ပြင်ဆင်နေကြ၏။

ဟော်ယွမ်ယွမ်၏ ရေကူးဝတ်စုံမှာ ပို၍

ဖော်ထားသော်လည်း စွဲမက်ဖွယ်

ကိုယ်လုံးကိုယ်ပေါက် ပိုင်ရှင် ကျီချင်းရန်မှာ

ဘေးတွင် ရှိနေသည့် အခါတွင်တော့ လင်းရီ

သူမကို စိတ်မဝင်စားခဲ့ပေ။

ထို့နောက် နှစ်ယောက်သား ရေကူးကန်ထဲ

ဆင်း၍ ရေဆော့ကစားကြလေသည်။

လင်းရိကတော့ ထိုင်ခုံပေါ်တွင် ထိုင်ရင်း

ဝိုင်နှင့်မြည်းကာ အလှလေး နှစ်ယောက်

ရေဆော့ကစားသည်ကို

ခံစားကြည့်ရှုနေခဲ့၏။

ဆော့လို့ ဝသည့် အချိန်တွင်တော့

နှစ်ယောက်လုံး အပေါ်သို့

ပြန်တက်ခဲ့ကြသည်။ ပုံမှန်အတိုင်း ဆိုလျှင်တော့ ကျီချင်းရန်မှာ ကျိုကျုံးဗီလာသို့ ရောက်တိုင်း ညအိပ် နေလေ့ရှိ၏။ သို့သော်လည်း ယနေ့တွင် ပေါ်ယွမ်ယွမ် ပါလာခဲ့သောကြောင့် သူမ ညအိပ်နေရန် ရှက်ရွံ့နေလေသည်။

ထို့ကြောင့် အဝတ်အစားပြန်လဲပြီးနောက် ကားဖြင့် မောင်းထွက်သွားကြတော့၏။

လင်းရိုလည်း နေထိုင်ရန် မတိုက်တွန်းချေ။

ယခု သူ့လက်ထဲတွင် လုပ်စရာများက

အလွန်များပြားလို့နေခဲ့၏။

အထူးသဖြင့်တော့ 4 nanometer

အလင်းအရင်းအမြစ်ပင်။ သူ ထိုပြဿနာကို

ဖြေရှင်းလို့ရမည့် နည်းလမ်းကို

အမြန်စဉ်းစားရပေမည်။

......

ထိုည၊ Cisco အဆောက်အဦး၏

ရုံးခန်းထဲတွင်တော့

မီးထိန်ထိန်လင်းလျက်ရှိ၏။

အနက်ရောင် ဘောင်းဘီအပွကို

ဝတ်ဆင်ထားသည့် ချောင်ကျင်းချိုးမှာ

ချောင်ကျားတုန်း၏ ရုံးခန်းထဲတွင်

ပေါ်ပေါက်လာလေသည်။

"ကျင်းချိုး... နင့်သတင်းက တကယ်ပဲ

သေချာရဲ့လား..."ချောင်ကျားတုန်း

မတ်တပ်ရပ်ပြီး စိတ်လှုပ်ရှားနေသည့်

လေသံဖြင့် မေးမြန်းလိုက်၏။

"လုံရှင်း စင်တာက ချစ်ပ်ဗားရှင်း 1.0 ကို ကြေညာတော့မယ်ဆိုတာ တကယ်ပဲလား...."

ချောင်းကျင်းချိုး သူမခေါင်းကို ညိမ့်လျက် ယခုလို ပြန်ဖြေလိုက်သည်။

"သူတို့ ဝန်ထမ်း နှစ်ယောက်က သမီးခု ဦးစီးနေတဲ့ မီဒီယာကုမ္ပဏီကိုလာပြီးတော့

ထုတ်ကုန်အသစ်အကြောင်း ကြေညာပေးဖို့

လာပြောသွားတာ... သတင်းရဲ့

မှန်ကန်မှုကိုတော့ အပြည့်အဝ

အာမခံနိုင်တယ်.... "

"အရမ်းကောင်းတယ်...."ချောင်ကျားတုန်း

စိတ်လှုပ်ရှားလွန်း၍ ဗလုံးဗထွေး ဖြစ်နေပြီး

"အဖေတို့က ချစ်ပ်ဗားရှင်း 1.0 ကို

အရင်တီထွင်လိုက်တယ်ဆိုရင်တောင်မှ

လုံရှင်းက အထင်သေးလို့မရတဲ့ ပြိုင်ဘက်ဖြစ်နေသေးတုန်းပဲ... ဒါပေမယ့် ခုသတင်းစာရှင်းလင်းပွဲ လုပ်တော့မယ်ဆိုရင်တော့ အဖေတို့ လက်ထဲမှာ ရှိတဲ့ မူပိုင်ခွင့်တွေနဲ့ သူတို့ကို အပြတ်သတ်ချေမှုန်းလို့ရပြီ.... "

"အင်း ကျန်တာက အဖေတို့ကိစ္စပဲ... သမီးနဲ့ဘာမှမဆိုင်တော့ဘူး...."ချောင်ကျင်းချိုး

သူမ လက်ဆွဲအိတ်ကိုလွယ်လျက်

တံခါးဝသို့ ဦးတည်လိုက်၏။

ချောင်ကျားတုန်း သူမကို Cisco

ကိစ္စများနှင့် စိတ်မပူရန် ပြောပြီးကတည်းက

သူမ ထိုကိစ္စများတွင် ဝင်မပတ်သက်ရန်

ဆုံးဖြတ်ပြီးဖြစ်သော်လည်း ယနေ့

လုံရှင်းစင်တာမှလူများ သူမကို လာရှာသည့်

အချိန်တွင်တော့ သူမ မည်သို့မျှ

မျက်ကွယ်ပြုရန် မတတ်နိုင်ခဲ့ချေ။

မည်သို့ပင်ဆိုစေကာမူ သွေးမှာ

ရေထက်ပြစ်သည် မဟုတ်ပါလော။

ထိုအရာက သူမ ဖြတ်တောက်နိုင်သည့်

အရာ မဟုတ်ခဲ့ပေ။

"မပြန်ခင် ခဏလောက်

ထိုင်သွားပါဦးလား... သမီးမျက်နှာ

မမြင်ရတာတောင်မှ

ဘယ်လောက်ကြာနေပြီလဲ...

"ချောင်ကျားတုန်း ပြောလိုက်၏။

"သမီးကို မြင်တာ မမြင်တာက

အရေးမဟုတ်ဘူး... အဖေ့ ခုလက်ရှိ

ကိစ္စကိုပဲ အာရုံစိုက်ထားသင့်တယ်... "

ထိုသို့ ပြောပြီးနောက် ချောင်ကျင်းချိုး

တံခါးကို တွန်းဖွင့်၍

ထွက်ခွာသွားလေသည်။

သူမ လုပ်သင့်လုပ်ထိုက်တာကို

လုပ်ပြီးဖြစ်သောကြောင့် ဆက်နေရန်

မလိုအပ်တော့ချေ။

ချောင်ကျင်းချိုး ထွက်ခွာသွားပြီးနောက်

ချောင်ကျားတုံး စားပွဲပေါ် ရှိ ဖုန်းကို

ကိုင်ကာ သူ့အတွင်းရေးမှူးထံ

ဆက်လိုက်၏။ "ကုမ္ပဏီရဲ့

အမှုဆောင်အရာရှိတွေ အားလုံးကို

အသိပေးလိုက်...ငါတို့ ခု ချက်ချင်း

အရေးပေါ် အစည်းအဝေးရှိတယ်....”